ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တပို့တွဲလဆန်း ၇ ရက်၊ အင်္ဂါနေ့။ Tuesday, 23 January 2018 ၉၁၇၈

**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့်ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

# ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၂

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် H.E. Prof. Dr.Surakiart Sathirathai ဦးဆောင်သည့် အဖွဲ့ဝင် ၁၀ ဦးပါ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် H.E. Prof. Dr.Surakiart Sathirathai ဦးဆောင်သည့် အကြံပေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။**

ယင်းသို့ တွေ့ဆုံစဉ် ကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့ပြီး အကြံပေးအဖွဲ့၏ ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ယခုတွေ့ဆုံမှုသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့အနေဖြင့် စတင်တည်ထောင်ပြီးချိန်မှစ၍ ပထမဆုံးအကြိမ် လာရောက်တွေ့ဆုံခြင်းဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် ဦးဆောင်သည့် အကြံပေးကော်မရှင်သည် အကြံပြုချက် ၈၈ ချက်ပါသည့် အပြီးသတ်အစီရင်ခံစာကို ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ခဲ့သည်။

ဖော်ပြပါ အကြံပြုချက်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် ပါဝင်ဖွဲ့စည်းထားသည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီက တာဝန်ယူ အကောင်အထည်ဖော်လျက်ရှိသည်။

သို့ပါ၍ ယင်းကော်မတီကို အထောက်အကူပြုရန်အတွက် ပြည်တွင်း ပြည်ပမှ ကျွမ်းကျင်သူများ ပါဝင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့အား ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

## လုပ်သားအင်အားအခြေပြုသော ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ကျယ်ပြန့်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ပေါ်လာအောင် ကူညီဆောင်ရွက်ပေးရန် အဆိုတင်သွင်း

ပြည်သူ့လွှတ်တော် စာမျက်နှာ - ၅

## အဋ္ဌမတန်းမှစတင်၍ အင်္ဂလိပ်ဘာသာ စွမ်းရည်လေးမျိုးပါဝင်သော စနစ်သို့ ပြုပြင်ပြောင်းလဲသင်ကြားရန် အဆိုကိုဆွေးနွေး

အမျိုးသားလွှတ်တော် စာမျက်နှာ - ၅

## အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့ ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲ ကျင်းပ

စာမျက်နှာ - ၈



**✻ ရှေ့ဖုံးမှ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Dr. Surakiart Sathirathai နှင့်အဖွဲ့ကို နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးသောင်းထွန်း၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



## ညစာဖြင့် တည်ခင်းဧည့်ခံ

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Dr. Surakiart Sathirathai နှင့်အဖွဲ့ကို နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် သတင်းအချက်အလက်ရရှိပိုင်ခွင့်ကို မြှင့်တင်ပြီး နိုင်ငံတကာအသိုင်းအဝိုင်း၌ မိမိတို့နိုင်ငံ၏ပုံရိပ်ကို မြင့်မားအောင်ဆောင်ရွက်ရန်အတွက် ကြိုးစားအားထုတ်ကြရန် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင် ဦးစီးအရာရှိများနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက မိမိတို့နိုင်ငံကို အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတကာက စိတ်ဝင်စားမှုကြီးမားကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် စိန်ခေါ်မှုများပြားကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းတွင် မိမိနိုင်ငံကို ပုံဖော်ရာ၌ နိုင်ငံပိုင်မီဒီယာက ကောင်းစွာပုံဖော်နိုင်မှုအားနည်းကြောင်း၊ ပုဂ္ဂလိကသတင်းစာများမှာ သက်တမ်းအားဖြင့် သုံးလေးငါးနှစ်သာ ရှိသေးကြောင်း၊ ထို့ကြောင့် နိုင်ငံတကာမီဒီယာများ၏ လက်ထဲတွင် မိမိတို့နိုင်ငံကို ပုံဖော်ရန် ထိုးအပ်ထားရသကဲ့သို့ ဖြစ်နေကြောင်း။



မိမိတို့အနေဖြင့် Access to Information ကို မြှင့်တင်ပြီး သတင်းအချက်အလက်စီးဆင်းမှုကို မြန်ဆန်အောင် စနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များမှ တာဝန်ရှိသူများက နယ်မြေဒေသအလိုက် သတင်းရယူမှု၊ သတင်းပေးပို့မှု အခြေအနေနှင့် တွေ့ကြုံရသည့် အခက်အခဲများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က သတင်းစီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးရုံးများ၌ သတင်းရေးသားနည်းနှင့် ပေးပို့နည်း၊ ဥပဒေ၊ နည်းဥပဒေနှင့် ကျင့်ဝတ်ဆိုင်ရာများ သင်တန်းပို့ချရန်လျာထားမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ဆန်စပါးကဏ္ဍ၏ လိုအပ်သော အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေချေးယူရေး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် ဆန်စပါးကဏ္ဍအတွက် လိုအပ်သော အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေချေးယူရေးနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် စီမံကိန်းရှစ်ခုအတွက် လျာထားသော ချေးငွေလိုအပ်မှုကို ကျပ်သိန်းပေါင်း ၆၅၀၅၀၀ သတ်မှတ်ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်သည် ဆန်စပါးကဏ္ဍတွင် ပို့ကုန်တိုးမြှင့်ရေးနှင့် ပို့ကုန်မှဦးဆောင်သော ဖွံ့ဖြိုးမှုကို အသင်းချုပ်က ကာလတို ၂၀၁၈-၂၀၂၀ တွင် ဦးစားပေးလုပ်ဆောင်လျက်ရှိရာ ယင်းလုပ်ဆောင်ချက်ကို အကျိုးပြုနိုင်မည့် SME ဖြစ်ရန်၊ ဆန်စပါးကဏ္ဍ၏ ထောက်ပံ့ရေးနှင့် တန်ဖိုးမြှင့်တင်ရေးကွင်းဆက် (Supply Chain/Value Chain) ဖွံ့ဖြိုးမှုကို လည်းကောင်း၊ ဆန်စပါးအရည်အသွေးတိုးတက်ကောင်းမွန်စေခြင်းကို လည်းကောင်း အကျိုးပြုနိုင်မည့် SME များဖြစ်ရန်၊ မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုကို လုပ်ဆောင်သည့် SME များဖြစ်ရန်၊ ဆန်စပါးလုပ်ငန်း၏ ဘေးထွက်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍သော်လည်းကောင်း၊ ဆန်စပါးကို အသုံးပြုပြီးသော်လည်းကောင်း အစားအသောက်၊ လူသုံးကုန်စည်၊ စက်မှုလုပ်ငန်းသုံး ကုန်စည်များနှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးရေး အထောက်အကူပြု ထုတ်လုပ်မှုများကို လုပ်ဆောင်သည့် SME များဖြစ်ရန်၊ ချေးငွေရရှိရေးဆောင်ရွက်ရာတွင် လက်ရှိလုပ်ငန်းများနှင့် အသစ်ဆောင်ရွက်မည့် New Start-up တို့အတွက် အချိုးအစားမျှတစေရန်အတွက် လည်းကောင်း၊ Debt Financing နှင့် Equity Financing နှစ်မျိုးစလုံးအတွက် လည်းကောင်း၊ SME တစ်ခုချင်းစီအတွက်သာမက SME များစုဖွဲ့ဆောင်ရွက်သည့် SME Cluster များ အတွက်လည်းကောင်း၊ အချိုးအစားမျှတစွာ ကူညီပံ့ပိုးနိုင်ရေး ဆောင်ရွက်ပေးရန်၊ နိုင်ငံတော်၏ မူဝါဒများ၊ SME ဥပဒေနှင့် ဖွံ့ဖြိုးရေးအစီအမံများ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီသော စစ်မှန်သည့် SME များ၊ SME Start-up များဖြစ်စေရန်စသည့် အခြေခံမူဝါဒများနှင့် ဦးစားပေးလုပ်ငန်းများလည်း ပါဝင်ကြောင်း သိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် လက်ရှိတွင် စီမံကိန်းရှစ်ခုအတွက် လျာထားသော ချေးငွေလိုအပ်မှုကို ကျပ်သိန်းပေါင်း ၆၅၀၅၀၀ သတ်မှတ်ထားပြီး အဆိုပါစီမံကိန်းများထဲတွင် ဆန်စပါး မျိုးစေ့ထုတ်လုပ်ငန်း၊ ဆန်စပါး သိုလှောင်ရုံ၊ အခြောက်ခံစက်များ တည်ဆောက်ခြင်း၊ ပြည်ပတင်ပို့ရောင်းချသူများအတွက် လုပ်ငန်းသုံးချေးငွေ၊ တောင်သူများစုဖွဲ့ပြီး အကျိုးတူ စုပေါင်းစိုက်ပျိုးထုတ်လုပ်သည့် ဇုန်များဖော်ဆောင်မှုလုပ်ငန်း၊ ခေတ်မီဆန်စက်ယူနစ်များ တပ်ဆင်ရေး၊ ဆန်စက်အဆင့်မြှင့်တင်ရေးနှင့် ဆန်စက်လုပ်ငန်းဖွံ့ဖြိုးရေးအတွက်ချေးငွေ၊ ဖွဲနုဆီစက်များ၊ ဆန်ခေါက်ဆွဲ၊ ဆန်ကြာဆံစက်ရုံများ၊ ဆန်မှုန့်စက်ရုံများ၊ တိရစ္ဆာန်အစာစက်ရုံနှင့် စပါးခွံလောင်စာတောင့်စက်ရုံများ တည်ဆောက်ခြင်း၊ ဘွိုင်လာ-တာဘိုင်စနစ်ဖြင့် စပါးခွံမှ လျှပ်စစ်ထုတ်စက်ရုံများ တည်ဆောက်ခြင်း စသည်တို့ ပါဝင်ကြောင်း သိရသည်။

**နိုင်လင်းကြည်**

# တစ်နိုင်ငံလုံး ဝင်ငွေခွန်ထမ်းဆောင်သူများတွင် ကမ္ဘောဇဘဏ် အများဆုံးဖြစ်

**ရန်ကုန် ဇန်နဝါရီ ၂၂**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်အတွက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သည့် ကုမ္ပဏီများ စာရင်းကို ဇန်နဝါရီ ၂၂ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ ဝင်ငွေခွန် ထမ်းဆောင်ခဲ့ကြသော ကုမ္ပဏီများအနက် ကမ္ဘောဇဘဏ်က ကျပ်ငွေ ၂၈၀၄၂ ဒသမ ၂၅ သန်း ပေးဆောင်ခဲ့ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

အစိုးရက အခွန်ထမ်းများစာရင်းကို ၂၀၁၁-၂၀၁၂ ခုနှစ် အခွန်စည်းကြပ်နှစ်တွင် အများပြည်သူသို့ တရားဝင် ထုတ်ပြန်ကြေညာချိန်မှ စတင်၍ ကမ္ဘောဇဘဏ်သည် ဝင်ငွေခွန် အများဆုံး ထမ်းဆောင်သူ ခြောက်နှစ်ဆက်ရရှိခဲ့သည်။

ကမ္ဘောဇဘဏ်သည် အခွန်စည်းကြပ်နှစ်အလိုက် ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ ၆ ဒသမ ၀၁၅ ဘီလီယံကျော်၊ ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ ၁၀ ဒသမ ၈၂၇ ဘီလီယံကျော်၊ ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ ၁၇ ဒသမ ၀၆၂ ဘီလီယံကျော်၊ ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ ၂၂ ဒသမ ၀၁၄ ဘီလီယံကျော်၊ ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ ၂၃ ဒသမ ၁၅၅ ဘီလီယံကျော်နှင့် ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ ၂၈ ဒသမ ၀၄၂ ဘီလီယံကျော် အခွန်ထမ်းခဲ့ပြီး တစ်နိုင်ငံလုံးတွင် ပထမနေရာမှ ခြောက်နှစ်ဆက် တာဝန်ကျေပွန်စွာ အများဆုံး ပေးဆောင်ခဲ့သည့်အပြင် ကြိုတင်ခွန် အမြောက်အမြား ပေးဆောင်ထားပြီးဖြစ်ကြောင်း သိရသည်။ ၂၀၁၇-၂၀၁၈ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ကြိုတင်ခွန် ကျပ်ငွေ ၃၂ ဘီလီယံ ပေးဆောင်ထားပြီး ၂၀၁၈-၂၀၁၉ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ကြိုတင်ခွန် ကျပ်ငွေ ၃၈ ဘီလီယံကို ပေးသွင်းလျက်ရှိသည်။ ထို့အတူ ၂၀၁၉-၂၀၂၀ အခွန်စည်းကြပ်နှစ်အတွက်လည်း ကြိုတင်ခွန် ပေးသွင်းနိုင်ရန် စနစ်တကျ လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကမ္ဘောဇဘဏ်သည် ပြည်တွင်းဆုနှင့် နိုင်ငံတစ်ကာဆု အမြောက်အမြားရရှိထားရာ ပြည်တွင်းဆုများအနေဖြင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆုများနှင့် အခြားဆုအမြောက်အမြားကို နှစ်စဉ် လက်ခံရရှိခဲ့သည့်အပြင် နိုင်ငံတကာဆုများအနေဖြင့် Financial Times၊ Euromoney၊ World Finance၊ Asian Banking and Finance၊ Asia Money၊ Finance Asia၊ Business Initiative Directions အစရှိသည့် နိုင်ငံတကာမှ ဩဇာတိက္ကမ ကြီးမားသော အဖွဲ့အစည်းများနှင့် ASEAN အဖွဲ့ကြီးမှ ပေးအပ်ချီးမြှင့်သော ဘဏ်လုပ်ငန်းဆိုင်ရာ အကောင်းဆုံးဆု အမြောက်အမြားကိုလည်း နှစ်စဉ် လက်ခံရရှိခဲ့သည်။

ထို့အပြင် ကမ္ဘောဇဘဏ်၏ ဒုတိယအမှုဆောင် အရာရှိချုပ် ဒေါ်နန်းလိုင်းခမ်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော "ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း"သည် ၂၀၀၈ ခုနှစ်မှစ၍ ယနေ့အထိ ကိုးနှစ်ကာလအတွင်း ပညာရေး၊ လူမှုရေး၊ ဘာသာရေးနှင့် နိုင်ငံတော်အတွင်း ကျရောက်သော သဘာဝဘေးအန္တရာယ်များ ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအပါအဝင် လူမှုအကျိုးပြုလုပ်ငန်းများအတွက် ကျပ်ငွေ စုစုပေါင်း ၁၃၈ ဘီလီယံကျော်ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစစ်ပွဲဆိုင်ရာ စွပ်စွဲမှုအတွက် အမေရိကန်လူ့အခွင့်အရေးအဖွဲ့ကို ဖိလစ်ပိုင်အစိုးရ ဝေဖန်

**မနီလာ ဇန်နဝါရီ ၂၂**

ဖိလစ်ပိုင်နိုင်ငံ၏ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးစစ်ပွဲတွင် လူပေါင်း ၁၂၀၀၀ ကျော် အထိ သေဆုံးခဲ့ရသည်ဟုဆိုခြင်းမှာ မှန်ကန်မှုမရှိကြောင်း၊ မူးယစ်ဆေးမှောင်ခိုသူများကို ဖမ်းဆီးနိုင်ခဲ့ပြီး မူးယစ်ဆေးဝါးတို့ကိုလည်း စံချိန်တင် သိမ်းဆည်းနိုင်ခဲ့ကြောင်း အစိုးရအဖွဲ့က ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားလိုက်သည်။

သမ္မတ ရိုဒရီဂို ဒူတာတေးသည် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးစစ်ပွဲတွင် ရက်စက်ကြမ်းကြုတ်စွာ ပြုမူနေသည်ဆိုသော အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ ဝေဖန်ပြောကြားခဲ့မှုကို ဖိလစ်ပိုင်အစိုးရအဖွဲ့က တုံ့ပြန်ပြောဆိုခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၏ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးစစ်ပွဲနှင့်ပတ်သက်၍ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က မဟုတ်မမှန်လုပ်ကြံစွပ်စွဲထားသည့် အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့ကြောင်း၊ တိတိကျကျ မှန်မှန်ကန်ကန် လေ့လာသုံးသပ်ခြင်း မရှိဘဲ စွပ်စွဲဖော်ပြထားသော အစီရင်ခံစာသာဖြစ်ကြောင်း ဖိလစ်ပိုင် သမ္မတရုံးက ကြီးမှူးကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံခြားရေးဝန်ကြီး အလန်းပီတာကာယေတာနိုကပြောကြားသည်။

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးစစ်ပွဲတွင် လူပေါင်း ၁၂၀၀၀ အထိ သေဆုံးခဲ့ရသည်ဆိုသော စွပ်စွဲချက် မှန်ကန်မှုရှိကြောင်း သက်သေပြရန် ကာယေတာနိုက လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့အား စိန်ခေါ်ပြောကြားခဲ့သည်။

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးစစ်ပွဲအတွင်း ရက်စက်ကြမ်းကြုတ်စွာ ပြုမူဆောင်ရွက်ခဲ့သည်ဆိုသော စွပ်စွဲချက်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်နိုင်ရေးအတွက် လိုအပ်သော အထောက်အထားများကိုလည်း ပေးအပ်ပါရန် ဖိလစ်ပိုင် ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒိုင်အိုမာဒို ကာလို့စ်က ပြောကြားခဲ့သည်။

၁၈ လကြာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးစစ်ပွဲအတွင်း သေဆုံးသူ ၃၉၈၇ ဦးသာရှိပြီး ၎င်းတို့မှာလည်း မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သော ပြစ်မှုကျူးလွန်သူများသာဖြစ်ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ချေပပြောဆိုခဲ့သည်။

**ရိုက်တာ။**




## ဒီဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးလာမှုနှင့်အတူ စားသုံးသူများ၏ အမူအကျင့်ပြောင်းလဲလာ

**ပေကျင်း ဇန်နဝါရီ ၂၂**

တရုတ်နိုင်ငံ၏ ဒီဂျစ်တယ်နည်းပညာ တရွေ့ရွေ့ပြောင်းလဲမှုဖြစ်စဉ်နှင့် တီထွင်ဆန်းသစ်မှုများ အရှိန်အဟုန်ရလာနေခြင်းသည် စားသုံးသူပြည်သူများ၏ အမူအကျင့်ကို ပြောင်းလဲလာစေကြောင်း ကမ္ဘာ့ထိပ်တန်း သတင်းအချက်အလက်နည်းပညာနှင့် ရလဒ်တိုင်းတာရေး ကုမ္ပဏီဖြစ်သော နယ်လ်ဆင်ကုမ္ပဏီက ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားကြောင်း ဆင်ဟွာသတင်းဌာနက ဇန်နဝါရီ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ၌ လွန်ခဲ့သည့်နှစ်က မိုဘိုင်းဖုန်းများကို အသုံးပြု၍ ဈေးဝယ်သူဦးရေမှာ စားသုံးသူဦးရေ၏ ၈၄ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ၂၀၁၅ ခုနှစ်က ၇၁ ရာခိုင်နှုန်းရှိခဲ့ခြင်းနှင့် နှိုင်းယှဉ်နိုင်ကြောင်း၊ အွန်လိုင်းမှတစ်ဆင့် ရောင်းချမှုများသည် ၂၀၁၇ ခုနှစ်တွင် နှစ်အလိုက် နှိုင်းယှဉ်ချက်အရ ၂၈ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

တရုတ်ပြည်သူတို့၏ လူနေမှုဘဝတွင် ဒီဂျစ်တယ်နည်းပညာ အရေးပါလာပြီး အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ အွန်လိုင်းသုံး၍ ငွေပေးချေခြင်း၊ မိုဘိုင်းဖုန်းသုံး၍ ကြော်ငြာခြင်းတို့ ပိုမိုတိုးတက်လာနေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ **ဆင်ဟွာ။**

# ဆီးရီးယားနိုင်ငံ အက်ဖ်ရင်ဒေသ၌ တူရကီမြေပြင်တပ်ဖွဲ့များ ထိုးစစ်ဆင်



**အန်ကာရာ ဇန်နဝါရီ ၂၂**

တူရကီစစ်ဘက်၏ မြေပြင်တပ်ဖွဲ့များသည် ဆီးရီးယားနိုင်ငံ အက်ဖ်ရင်ဒေသတွင်းသို့ ဇန်နဝါရီ ၂၁ ရက်တွင် ဝင်ရောက်လာခဲ့ပြီး အမေရိကန်ထောက်ခံမှုပေးထားသည့် ကာဒစ္စတန်တပ်ဖွဲ့များကို ဒုတိယမြောက်နေ့အဖြစ် ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိကြောင်း သမ္မတလေဆက်တေယစ် အာဒိုဂန်က ပြောကြားသည်။

ငြိမ်းချမ်းရေး သံလွင်ခက်ဟု အမည်ပေးထားသည့် စစ်ဆင်ရေးတစ်ရပ်ကို တူရကီအစိုးရက ဇန်နဝါရီ ၂၀ ရက်တွင် စတင်ခဲ့သည်။ ဆီးရီးယားနိုင်ငံမြောက်ပိုင်းမှ ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ဝိုင်ပီဂျီ) အမည်ရှိ တပ်ဖွဲ့သည် ကာဒစ္စတန်အလုပ်သမားများပါတီ (ပီကေကေ)၏ သစ္စာခံ လက်နက်ကိုင် တပ်ဖွဲ့ဖြစ်ပြီး ယင်းတပ်ဖွဲ့၏ စခန်းများကို တူရကီလေတပ်က လေကြောင်းစီးနင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ဝိုင်ပီဂျီအဖွဲ့သည် ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် နယ်မြေတိုးချဲ့မှုများပြုလုပ်နေပြီး ခွဲထွက်ရေးလှုပ်ရှားမှုပြုလုပ်လျက်ရှိခြင်းအတွက် တူရကီအစိုးရက အမျက်ဒေါသပြင်းစွာ ထွက်ခဲ့သည်။ ဆီးရီးယားနိုင်ငံ အက်ဖ်ရင်ဒေသတွင်းရှိ ပြည်သူများအား ကာကွယ်ရေးနှင့် ခွဲထွက်ရေး ရည်မှန်းချက် ပျက်ပြားစေရန် ထိုးစစ်ဆင်တိုက်ခိုက်ရခြင်းဖြစ်ကြောင်း တူရကီစစ်ဘက်က ပြောကြားသည်။

**ဆင်ဟွာ။**

# ထရီပိုလီမြို့ မာတီဂါလေဆိပ် တိုက်ခိုက်မှု၌ ပါဝင်သည့် စစ်သွေးကြွ ၆၁ ဦး ဖမ်းဆီးခံရ

**ထရီပိုလီ ဇန်နဝါရီ ၂၂**

လစ်ဗျားနိုင်ငံမြို့တော် ထရီပိုလီ မာတီဂါအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မကြာသေးမီ ရက်များအတွင်း ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှု၌ ပါဝင်ခဲ့သည့် စစ်သွေးကြွ ၆၁ ဦးကို အထူးလုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ယင်းတပ်ဖွဲ့က ဇန်နဝါရီ ၂၁ ရက်တွင် ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

မာတီဂါလေဆိပ်တွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုနှင့် အကျဉ်းထောင်အားပစ်မှတ်ထားတိုက်ခိုက်မှုတို့တွင် ပါဝင်သည့် ၆၁ ဦးကို ဖမ်းဆီးထားကြောင်း၊ ၎င်းတို့ထဲမှ အများစုသည် လက်နက်များကိုင်စွဲကာ လေဆိပ်တွင်း တိုက်ခိုက်မှု၌ ပါဝင်ခြင်းကြောင့် ဖမ်းဆီးရခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

### ပြန်လည်လွှတ်ပေး

ဖမ်းဆီးရမိသည့် သေနတ်သမားများကို စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်နေပြီး ၎င်းတို့ထဲမှ ခြောက်ဦးကို ပြန်လည်လွှတ်ပေးခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက မာတီဂါအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လက်နက်ကိုင်များက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြင်းထန်စွာတိုက်ခိုက်ခဲ့ပြီး အရပ်သားများ အပါအဝင် ၂၁ ဦးသေဆုံးကာ ၆၉ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

ယင်းတိုက်ခိုက်မှုအတွင်း အိုင်အက်စ်၊ အယ်လ်ခိုင်ဒါနှင့် အခြားအကြမ်းဖက်သမားများသည် လေဆိပ်အတွင်းရှိ လစ်ဗျားအထူးလုံခြုံရေးတပ်ဖွဲ့များက ကြီးကြပ်ထားသည့် ထိန်းသိမ်းရေးစခန်းမှ လွတ်မြောက်သွားခဲ့ကြောင်း၊ ကုလသမဂ္ဂက ထောက်ခံမှုပေးထားသည့် လစ်ဗျားအစိုးရက ၎င်းကိစ္စနှင့်ပတ်သက်၍ ကြေညာချက်တစ်ရပ် ထုတ်ပြန်ကာ ပြစ်တင်ပြောကြားခဲ့သည်။

တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် မာတီဂါအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ငါးရက်ကြာပိတ်ထားခဲ့ပြီး ဇန်နဝါရီ ၂၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။ **ဆင်ဟွာ။**




# ထိုင်းနိုင်ငံတောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

**ဗန်ကောက် ဇန်နဝါရီ ၂၂**

ထိုင်းနိုင်ငံ တောင်ပိုင်း ယာလာပြည်နယ်မြောင်ယန်းစီရင်စုရှိ ဈေးတစ်ဈေးတွင် ဇန်နဝါရီ ၂၂ ရက်က မော်တော်ဆိုင်ကယ်ဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး ၂၂ ဦးဒဏ်ရာရရှိကြောင်း၊ပြည်တွင်းလုံခြုံရေးစစ်ဆင်ရေးလုပ်ငန်းများဆိုင်ရာ ဌာနချုပ်ရုံးပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုင်းနိုင်ငံတောင်ပိုင်းရှိ နာရာသီဝပ်၊ ပတ္တာနီနှင့် ယာလာပြည်နယ်တို့ဖြစ်သော မွတ်စလင်အများစုနေထိုင်ရာ ပြည်နယ်များ၌ ၂၀၀၄ ခုနှစ်မှစ၍ မလေးနွယ်ဖွားမွတ်စလင်များက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် ပုန်ကန်တိုက်ခိုက်မှုများပြုလုပ်လာခဲ့ရာ လူပေါင်း ၆၀၀၀ ကျော် သေဆုံးခဲ့ရပြီးဖြစ်သည်။

ဈေးအတွင်းရှိ ဈေးဆိုင်တစ်ဆိုင်အနီးရပ်တန့်ထားသော မော်တော်ဆိုင်ကယ်တစ်စီးတွင် ထောင်ထားသည့် ဗုံးတစ်လုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ မည်သည့်အဖွဲ့ကမျှ ၎င်းတို့၏ လက်ချက်အဖြစ် ထုတ်ပြန်ကြေညာခြင်းမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **ရိုက်တာ။**

# လုပ်သားအင်အားအခြေပြုသော ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ကျယ်ပြန့်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ပေါ်လာအောင် ကူညီဆောင်ရွက်ပေးရန် အဆိုတင်သွင်း

**နေပြည်တော် ဇန်နဝါရီ ၂၂**

**“နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့လွယ်ကူစွာ ဝင်ရောက်နိုင်ပြီး လုပ်သားအင်အား အခြေပြုသော ကုန်ထုတ်လုပ်ငန်းများ(Labour Intensive Industry) ပိုမိုဖွံ့ဖြိုးတိုးတက်ကျယ်ပြန့်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပေါ်လာအောင် ကူညီဆောင်ရွက်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း”**အဆိုကို အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် တင်သွင်းလိုက်သည်။

အဆိုရှင် ဒေါ်ချိုချိုက မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲအာဆီယံနိုင်ငံများ နှင့် ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံ နှစ်နိုင်ငံအကြားတွင် ကုန်စည် စီးဆင်းမှုပြုလုပ်နိုင်သည့် မဟာဗျူဟာအချက်အချာကျသော နိုင်ငံတစ်ခု ဖြစ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် သယံဇာတ များ၊ လူသားအရင်းအမြစ်ဖြစ်သည့် လူငယ်လူရွယ်များပြားစွာ ရှိနေခြင်းမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့် နိုင်ငံများအတွက် အားသာချက်တစ်ခု ဖြစ်ပါကြောင်း။

အထူးသဖြင့် ဖွံ့ဖြိုးမှုနိမ့်ကျနေသေးသည့် ပြည်နယ်များတွင် ရင်းနှီး မြှုပ်နှံမှုများ ဝင်ရောက်လာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ လူမှုစီးပွားဘဝကွာခြားချက်များ လျှော့ချနိုင်ရေး၊ ဖွံ့ဖြိုးမှု ရေရှည်တည်တံ့ရေးဆိုသည့် ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင် မည် ဖြစ်ပါကြောင်း။

ပြည်နယ်များတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စီးပွားရေးပတ်ဝန်းကျင်ကောင်းများ၊ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းများ ကို ဖော်ဆောင်ဖန်တီးပေးနိုင်ရန်အတွက် တိုင်းရင်းသားများနှင့် ကိုက်ညီမှုရှိ သည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒချမှတ်ခြင်းအပြင် စီမံကိန်းရေးဆွဲ ခြင်း အကောင်အထည်ဖော်ခြင်း၊ ကူညီပံ့ပိုးခြင်းဆိုသည့် ကိစ္စရပ်များကို ထိထိ ရောက်ရောက် ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်ပါကြောင်း အဆိုတင်သွင်းစဉ် ထည့်သွင်းပြောကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းက ထောက်ခံ



အုတ်တွင်းမဲဆန္ဒနယ်မှ
ဒေါ်ချိုချို



ပွင့်ဖြူမဲဆန္ဒနယ်မှ
ဦးထွန်းထွန်း

ပါကြောင်း ဆွေးနွေးပြီး လွှတ်တော်၏ သဘောထားရယူရာ အဆိုကို လက်ခံ ဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသူရှိပါက ဇန်နဝါရီ ၂၃ ရက် ညနေ ၄ နာရီ နောက်ဆုံးထား အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ထို့ပြင် အစည်းအဝေးတွင် လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၏ **မြို့ဝင်ကြေး ကောက်ယူနေမှုများအား ပိုမိုသင့်လျော်ကောင်းမွန်သော နည်းလမ်းများဖြင့် စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ၏ ပေါင်းစပ်ညှိနှိုင်းချက်များအရ ကယားပြည်နယ်နှင့် ရခိုင် ပြည်နယ်တို့တွင် ဖျက်သိမ်းပြီး ကောက်ခံခြင်းမရှိတော့ပါကြောင်း၊ ကချင် ပြည်နယ်အနေဖြင့် မြို့ဝင်ဘီးကောက်လိုင်စင်အား ဖျက်သိမ်းခြင်းနှင့်ပတ်သက်၍ ညွှန်ကြားဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ ရပ်နားမည်ဖြစ်ကြောင်း၊ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် မြို့ဝင်ဘီးကောက် လိုင်စင်များအား ဖျက်သိမ်းပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ **ဝန်ထမ်းများ ဌာနတွင်းသင်တန်းများ နှင့် အခြားသင်တန်းများကို ညအိပ်ညနေသင်တန်းတက်ရောက်ရာတွင် ခရီး စရိတ်ဥပဒေပါ နေ့တွက်စရိတ်ကို ခံစားခွင့်မရှိဘဲ တည်ဆဲသင်တန်း စားစရိတ် နှုန်းထားအရ တစ်ရက်ကျပ် (၅၀၀) နှုန်းသာ ခံစားခွင့်ရှိသဖြင့် သင်တန်း စားသောက်စရိတ်အား လက်ရှိကုန်ဈေးနှုန်းနှင့် မျှတသည့်နှုန်းသို့ တိုးမြှင့် ခံစားခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၄ ခုနှစ်မှစတင်ပြီး နေ့ထွက်စရိတ်နှုန်းထားကို တစ်နေ့လျှင်ငွေကျပ် ၁၇၀၀ သတ်မှတ်ခဲ့ပြီး သင်တန်းစားသောက်စရိတ်အား တစ်နေ့လျှင် ငွေကျပ် ၅၀၀ သတ်မှတ်ပေးခဲ့ ပါကြောင်း၊ လက်ရှိအချိန်တွင် ခရီးသွားနေ့တွက်စရိတ်နှုန်းထားမှာ တစ်နေ့လျှင် ငွေကျပ် ၃၀၀၀ ဖြစ်ပါကြောင်း။

အစိုးရဌာန အဖွဲ့အစည်းအသီးသီးတွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် သင်တန်းပေါင်းများစွာရှိရာ မိမိရုံးစိုက်ရာဒေသမှ အခြားဒေသတစ်ခုသို့ ညဥ့်အိပ်ညဥ့်နေသင်တန်း တက်ရောက်ရသည့် သင်တန်းသားများအတွက် သင်တန်းစားသောက်စရိတ်ကို ခေတ်ကာလနှင့် လျော်ညီစေအောင် တိုးမြှင့်ပေး နိုင်ရန် စဉ်းစားသင့်ကြောင်းနှင့် ဌာနအားလုံးအတွက် တစ်ပြေးညီဖြစ်စေရန် ဆောင်ရွက်ပေးသင့်သည်ကို သုံးသပ်ရရှိပါကြောင်း။

ဌာနအဖွဲ့အစည်းများက ကြီးမှူးဖွင့်လှစ်သည့် ညဥ့်အိပ်ညဥ့်နေ သင်တန်း များသို့ တက်ရောက်ကြသော ဝန်ထမ်းများအတွက် သင်တန်းစားသောက်စရိတ် ကို လက်ရှိဈေးနှုန်းနှင့် မျှတသည့်နှုန်းသို့ တိုးမြှင့်ပေးနိုင်ရန် ခရီးသွား နေ့တွက်စရိတ်နှင့် နှိုင်းယှဉ်ချိန်ဆ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဦးစွာသုံးသပ်ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ သဘောထားများပါ ရယူစုစည်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အဆိုပြုတင်ပြနိုင်ရန် စီစဉ် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ **JICA(Two Step Loan) ဖြင့် လယ်ယာလုပ်ငန်းကဏ္ဍ (Farming)နှင့် လယ်ယာကဏ္ဍကို အခြေခံသော စီးပွားရေးလုပ်ငန်းကဏ္ဍ**

**စာမျက်နှာ ၆ ကော်လံ ၁ သို့**

# အဋ္ဌမတန်းမှစတင်၍ အင်္ဂလိပ်ဘာသာ စွမ်းရည် လေးမျိုး ပါဝင်သောစနစ်သို့ ပြုပြင်ပြောင်းလဲသင်ကြားရန် အဆိုကိုဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၂**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းနှင့် အဆိုတစ်ခု ဆွေးနွေး ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေ့ဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး ကြရာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်က ပြည်သူ့လွှတ်တော်၏ အတည်ပြု ချက်ဖြစ်သည့် ဤဥပဒေကို ရှေ့ဦးကလေးသူငယ်ပြုစုပျိုး ထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေဟု ခေါ်တွင်စေ ရမည်ဟု ဆိုသည့်အပိုဒ်အား ဤဥပဒေကို ရှေ့ဦးကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ မှတ်ပုံတင်ဥပဒေဟု ခေါ်တွင်စေရမည်ဟု ပြင်ဆင်လိုပါကြောင်း၊ အပိုဒ် ၂(ဂ)၊ (င)တွင် ပါရှိသည့် မူလပြဋ္ဌာန်းချက်ဖြစ်သည့် အသက်သုံးနှစ်ပြည့်ပြီး အသက် ငါးနှစ်မပြည့်သေးသော ရှေ့ဦးကလေးသူငယ်များဆိုသည့် အပိုဒ်အား အသက် သုံးနှစ် ပြည့်ပြီး အသက်ငါးနှစ် မပြည့် သေးသော ရှေ့ဦးကလေးသူငယ်များ (မသန်စွမ်းကလေး များအပါအဝင် အထူးလိုအပ်ချက်ရှိနေသောကလေးများ) ဟု ပြင်ဆင်လိုကြောင်းနှင့် ဥပဒေကြမ်းပါ အပိုဒ်အလိုက် မူလပြဋ္ဌာန်းချက်၊ ပြင်ဆင်ဖြည့်စွက်လိုသည့်အချက်၊ ပြည်သူ့လွှတ်တော်အတည်ပြုချက်၊ ပြင်ဆင်လိုသည့် အချက်တို့နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး သည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါ်အိအိပြုံးက ရှေ့ဦးအရွယ် ကလေးသူငယ်ပြုစုပျိုး ထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေသည် မူဝါဒပါ အချက်များ အခြေခံခြင်းမရှိသောကြောင့် အသစ်ပြန်လည် ရေးဆွဲသင့်ပါကြောင်း၊ ဥပဒေ၏အခန်း (၁)တွင် ရှေ့ဦး အရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာဥပဒေဟု ဆိုရာတွင် ဥပဒေတစ်ရပ်လုံးတွင် နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများ ဖွင့်လှစ် နိုင်ရန် မှတ်ပုံတင်ခြင်းဆောင်ရွက်ခြင်းသာ ဖြစ်နေပြီး



အမှတ်(၁) မဲဆန္ဒနယ်မှ
ဦးလှဆန်း



မဲဆန္ဒနယ် အမှတ်(၃)မှ
ဦးချစ်ထွေး



တပ်မတော်သားကိုယ်စားလှယ်
ဗိုလ်မှူးခင်မောင်ချို

ရှေ့ဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ မူဝါဒနှင့် ကိုက်ညီမှုမရှိသောကြောင့် ဤဥပဒေကို “ရှေ့ဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင် ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ မှတ်ပုံ တင်ခြင်းဥပဒေ”ဟု ပြောင်းလဲသင့်ပါကြောင်း။

အခန်း(၃)၊ ပုဒ်မ(၅)နှင့် အခန်း(၄)၊ ပုဒ်မ(၇)တို့တွင် ကြီးကြပ်ရေးအဖွဲ့သည် မိဘများနှင့်သက်ဆိုင်ရာတာဝန် ရှိသူများ၏ အကြံပြုချက်နှင့် တိုင်ကြားချက်များအား လက်ခံဆွေးနွေးဖြေရှင်းပေးရန် တာဝန်ရှိသည်ဟု အပိုဒ် တစ်ပိုဒ် ထပ်မံဖြည့်စွက်သင့်ပါကြောင်း၊ ပုဒ်မ(၈) (ဂ)နှင့် ပုဒ်မ (၁၉) (ဂ) တို့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနေရာတွင် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနဟု ပြင်ဆင်သင့်ပါကြောင်း၊ ပုဒ်မ(၁၃) (က)နှင့် ပုဒ်မ(၂၄) (က)နှင့် (ခ)တို့တွင် ရက်ပေါင်း (၆၀)အစား ရက်ပေါင်း (၃၀)ဟု ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုးတို့က ဆွေးနွေးကြ သည်။

ထို့နောက် ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **မြန်မာနိုင်ငံတွင် သူငယ်တန်းမှစ၍ တက္ကသိုလ်ဝင်တန်း(အထက်တန်း) အောင်မြင်ပြီးချိန်အထိ အင်္ဂလိပ်ဘာသာရပ်ကို မသင်မနေရ ဘာသာရပ်တစ်ခု အဖြစ် ပြဋ္ဌာန်းသင်ကြားပေးနေသော်လည်း အထက်တန်း အဆင့် ပညာရေးပြီးဆုံးချိန်တွင် ကျောင်းသား ကျောင်းသူ အများစု၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသား၊ ပြောဆို ဆက်သွယ်နိုင်စွမ်းမှာ နိမ့်ကျနေဆဲဖြစ်ပါသည်။ ထို့ကြောင့် အထက်တန်းပညာရေးပြီးဆုံးချိန်တွင် အင်္ဂလိပ်ဘာသာဖြင့် အတိုင်းအတာတစ်ခုအထိ ထိရောက်စွာရေးသားပြောဆို ဆက်သွယ်နိုင်ရန်အတွက် (Grade 9) အဋ္ဌမတန်းမှစတင်၍ အင်္ဂလိပ်စာဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံ နည်းစနစ်များ၊ အကဲဖြတ်စနစ်(စာမေးပွဲ)ကို ခေတ်နှင့် လျော်ညီစွာ စွမ်းရည်လေးမျိုး( 4 skills- Reading,Writing, Speaking, Listening) ပါဝင်သော စနစ်သို့ ပြုပြင် ပြောင်းလဲသင်ကြားရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မကွေးတိုင်းဒေသကြီး အမှတ်(၁) မဲဆန္ဒနယ်မှ ဦးလှဆန်းက ယခုအစပျိုးနေသည့် KGတန်း၊ KG+1 Grade (1)များတွင် အပြောနှင့် နားထောင်နိုင်စွမ်း အပိုင်း၌ လက်ရှိအနေအထားတွင် အောင်မြင်ခြေများ သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ တဖြည်းဖြည်း အတန်းမြင့်လာသည့်အခါတွင် အဆိုရှင်၏ အဆိုကဲ့သို့ Grade-9 မှစ၍ အထက်တန်းပညာရေးပြီးဆုံးချိန်တွင် ပညာရေးကဏ္ဍအတွက် အောင်မြင်မှုဖြစ်နိုင်ခြေများနိုင် မည်ဆိုသည်ကို စဉ်းစားရမည်ဖြစ်ကြောင်း၊ သင်ကြားမည့် ဆရာ ဆရာမများ၏ အခန်းကဏ္ဍမှာလည်း အရေးကြီး လာပါကြောင်း၊ ဆရာဆရာမများက သင်ကြားနည်း စနစ်မတတ်ကျွမ်းလျှင် တပည့်များတွင် ပါရမီရှိသူမှလွဲ၍ မဖြစ်နိုင်ပါကြောင်း၊ မြန်မာနိုင်ငံ၏အနာဂတ်မျိုးဆက် များ အာဆီယံတွင်သာမက ကမ္ဘာ့အလယ် ပညာစွမ်းပကား ဖြင့် မြင့်တင်နေနိုင်ရေး၊ ခေတ်မီလုပ်သားများဈေးကွက် တွင် ယှဉ်ပြိုင်နိုင်ရေးအတွက် သင်ကြားနိုင်ရန် ဆရာ ဆရာမများ မွေးထုတ်ပေးနိုင်ရန်လည်း လိုအပ်လာပါ ကြောင်း။

ဆက်သွယ်ရေးစနစ်၊ နည်းပညာစနစ်မျိုးစုံ၊ ပညာရေး ကဏ္ဍနှင့် သုတေသနကဏ္ဍများတွင် အင်္ဂလိပ်စာသည် ကမ္ဘာတွင် ပေါင်းကူးတံတားသဖွယ် လမ်းကူးဆောင်ရွက် နေကြပါကြောင်း၊ ထို့ကြောင့် အဆိုရှင်၏ အဆိုကို ဆက်လက်ဖော်ဆောင်နိုင်ရန် လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးချစ်ထွေးက အဆိုရှင်တင်သွင်းသည့် အဆိုသည် နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်နေသည့် KG+12 (၂၀၁၆-၂၀၂၁) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှင့် ဆက်စပ်လျက်ရှိပါကြောင်း၊ KG တန်းများကို ၂၀၁၆ ခုနှစ် မှ စတင်သင်ကြားနေပြီး ၂၀၁၇ ခုနှစ်တွင် Grade(1) အတန်းကို စတင်သင်ကြားနေပါကြောင်း၊ ယခု ၂၀၁၈ ပညာသင်နှစ်တွင် Grade(2)အတန်းကို သင်ကြားပေး မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏သင်ရိုးညွှန်းတမ်းရေး ဆွဲရေးကော်မတီ ၂၀၂၂ တွင် Grade (12) အထိ သင်ရိုး သစ်များကို အပြီးသတ်ရေးဆွဲပြဋ္ဌာန်းမည်ဟု ဆိုပါကြောင်း၊ ထိုသင်ရိုးသစ်များတွင် အဆိုရှင်၏ အင်္ဂလိပ်ဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံနည်းစနစ်များ၊ အကဲ ဖြတ်စနစ်(စာမေးပွဲ)ကို ခေတ်နှင့်လျော်ညီစွာ စွမ်းရည် လေးမျိုး အကဲဖြတ်စနစ်ပါဝင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုရှင်၏ အဆိုသည် မြန်မာနိုင်ငံ၏ ပြောင်းလဲနေပြီ ဖြစ်သည့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှင့် ကိုက်ညီလိမ့်မည်ဟု ယူဆပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးခင်မောင်ချိုက ယနေ့ခေတ်တွင်

**စာမျက်နှာ ၆ ကော်လံ ၁ သို့** ❖

# မြန်မာနိုင်ငံ၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့

**ရုမေးနီးယားနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော်ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူများ ကြွယ်ဝတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်ဟု ရုမေးနီးယားနိုင်ငံ သမ္မတ မစ္စတာ ကလောက်စ်ဗမ်နာဟိုဟမ်စစ်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

နှစ်နိုင်ငံပြည်သူများ အကျိုးစီးပွားအတွက် ရုမေးနီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ဆက်ဆံရေးသည် ဆက်လက်တည်တံ့ခိုင်မြဲနေမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြထားသည်။

အလားတူ ရုမေးနီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ သီအိုဒိုး မဲလ်လစ်စကန်ကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ**

သီရိလင်္ကာအစိုးရနှင့် ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုင်သရီပါလ ဆီစီရီနာက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် ရှည်လျားသည့် သမိုင်းကြောင်း ဆက်ဆံရေးနှင့်အတူ အပြန်အလှန်ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်ပါကြောင်း၊ နှစ်နိုင်ငံပြည်သူများအကျိုးစီးပွားအတွက် လာမည့်နှစ်များအတွင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ဆက်လက်တိုးတက်နေမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြထားသည်။

ထို့အတူ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ သီလာ မာရာပါနကလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

**မက္ကဆီကိုနိုင်ငံ**

မက္ကဆီကိုပြည်သူများနှင့် အစိုးရကိုယ်စား မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မက္ကဆီကိုနိုင်ငံ သမ္မတ အန်ရစ်ခ် ပီညာနီတိုက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သမိုင်းဝင်လွတ်လပ်ရေးနေ့သည် မြန်မာပြည်သူများ စည်းလုံးညီညွတ်ရေးအတွက် အထောက်အကူဖြစ်စေသကဲ့သို့ အနာဂတ်အောင်မြင်မှုများအတွက်လည်း တွန်းအားဖြစ်စေပါသည်။ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အလေးထားပါကြောင်း ဖော်ပြပါရှိသည်။

**နီပေါနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူများ သာယာဝပြောပါစေကြောင်း ဆုမွန်တောင်းအပ်ပါကြောင်း နီပေါနိုင်ငံ သမ္မတ မစ္စ ဘီဒီယာ ဒေဗီ ဘန်ဒါရီက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှား ဗဟာဒါဒေဗာကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

(ဆက်လက်ဖော်ပြပါမည်)

---

❐ **လုပ်သားအင်အားမှ**

**(Agri-business) များအတွက် ချေးငွေထုတ်ချေးရာတွင် လုပ်ကွက်ငယ် တောင်သူလယ်သမားများအတွက် အကျိုးသက်ရောက်မှု ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက JICA Two Step Loan အား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်ချေးလျက်ရှိပါကြောင်း၊ ချေးငွေရယူလိုသော တောင်သူလယ်သမားများအနေဖြင့် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် အဆိုပြုတင်ပြနိုင်ပြီး ဘဏ်မှအဆင့်ဆင့် စိစစ်၍ ချေးငွေ စည်းကမ်းနှင့် ညီညွတ်သူများအား မြို့နယ်ဘဏ်ခွဲများမှ ထုတ်ချေးပေးလျက်ရှိပါကြောင်း။

၁ ဧကမှ ဧက ၅၀ အထိ ပိုင်ဆိုင်သော တောင်သူလယ်သမားများ တစ်ဦးချင်းအတွက် အများဆုံးချေးငွေပမာဏမှာ ငွေကျပ်သန်း ၅၀၊ တောင်သူလယ်သမားအစုအဖွဲ့အတွက် အများဆုံးချေးငွေပမာဏမှာ ငွေကျပ်သန်း ၅၀၀ ဖြစ်ပါကြောင်း၊ ယင်းချေးငွေမှာ စိုက်ပျိုးစရိတ်အတွက် ထုတ်ချေးခြင်းမဟုတ်ဘဲ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးကို အထောက်အကူပြုရန် ထုတ်ချေးသောချေးငွေဖြစ်သဖြင့် လယ်မြေတစ်ဧကလျှင် ချေးငွေသတ်မှတ်၍ ထုတ်ချေးခြင်းထက် ချေးငွေစည်းကမ်းသတ်မှတ်ချက်နှင့်ကိုက်ညီသူများကို စိစစ်၍ သင့်လျော်သည့် ပမာဏကို ထုတ်ချေးခြင်းဖြစ်ပါကြောင်း။

အတိုးနှုန်းမှာ တစ်နှစ်လျှင် ရှစ်ရာခိုင်နှုန်း ဖြစ်သည့်အတွက် သက်သာသည့် အတိုးနှုန်းဖြစ်ပါကြောင်း၊ ချေးငွေအပေါ်အတိုးနှုန်းကို အနည်းဆုံး ရှစ်ရာခိုင်နှုန်းရရှိမှသာ နိုင်ငံတော်၏ ငွေကြေးလည်ပတ်မှုစနစ်၏ တည်ငြိမ်မှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ JICA Two Step Loan ချေးငွေများကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ထုတ်ချေးခဲ့ပြီး နေပြည်တော်၊ ပဲခူး၊ မန္တလေး၊ စစ်ကိုင်း၊ ဧရာဝတီ တိုင်းဒေသကြီး ၅ ခုတို့မှ တောင်သူ ၅၃ ဦးအား ငွေကျပ်သန်းပေါင်း ၁၈၅၉ ဒသမ ၁၃ သန်းထုတ်ချေးခဲ့ပါကြောင်း။

JICA Two Step Loan ၏ ရည်ရွယ်ချက်သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်း၍ ကုန်ထုတ်လုပ်မှုစွမ်းအားမြင့်မားတိုးတက်စေရန်နှင့် ကျေးလက်နှင့်မြို့ပြဒေသ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်တို့အတွက် ဘဏ္ဍာရေးအကူအညီပေးအပ်ရန် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်၏ **ပြင်ဦးလွင်မြို့တွင် လူမှုဝန်ထမ်းဦးစီးဌာန၏ နေ့ကလေးထိန်းကျောင်းနှင့် မူကြိုဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၏

## အတိုးနှုန်းမှာ တစ်နှစ်လျှင် ရှစ်ရာခိုင်နှုန်း ဖြစ်သည့်အတွက် သက်သာသည့် အတိုးနှုန်းဖြစ်၊ ချေးငွေအပေါ်အတိုးနှုန်းကို အနည်းဆုံး ရှစ်ရာခိုင်နှုန်း ရရှိမှသာ နိုင်ငံတော်၏ ငွေကြေးလည်ပတ်မှုစနစ်၏ တည်ငြိမ်မှုကို အထောက်အကူပြုမည်. . .

**ပေါက်တောမြို့နယ်တောင်ပိုင်း ပင်လယ်ကမ်းစပ်မြေနိမ့်ပိုင်းဒေသတွင် နေထိုင်လျက်ရှိကြသော ပြည်သူများ၏ အသက်အန္တရာယ်ကို လတ်တလောကာကွယ်ပေးနိုင်ရန်အလို့ငှာ လေဘေးဒဏ်ခံအဆောက်အအုံ (Cyclone Shelter) သုံးလုံးဆောက်လုပ်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လည်းကောင်း၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ **အမှိုက်စွန့်ပစ်ခြင်းနှင့် အမှိုက်သိမ်းဆည်းခြင်း နည်းစနစ်ကောင်းများကို နိုင်ငံသားများအားလုံး တစ်ပြေးညီ လိုက်နာကျင့်သုံးဆောင်ရွက်သွားနိုင်မည့် စီမံချက်များ ရေးဆွဲချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ဉတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင်၏ **တောင်ညိုချောင်း၊ နတ်တောင်ချောင်းနှင့် တခွန်တိုင်ချောင်းများတိမ်ကောမှုကြောင့် ကျေးရွာများနှင့် လယ်ယာမြေများအတွင်း ရေတိုက်စားကမ်းပြိုမှုများနှင့်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပြီး ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းကလည်းကောင်း၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၏ **မကွေးတိုင်းဒေသကြီး မြန်မာ့စီးပွားရေးဘဏ်၊ သရက်ခရိုင်ဘဏ်ခွဲ အဆောက်အအုံသည် နှစ်ကာလကြာမြင့်ပြီး ဟောင်းနွမ်းဆွေးမြည့်ခြင်း၊ အန္တရာယ်ရှိခြင်း၊ လုပ်ငန်းပမာဏနှင့် အဆောက်အအုံအရွယ်အစား မျှတမှုမရှိသည့်အတွက် အဆောက်အအုံအသစ် တည်ဆောက်ခွင့်ပြုပါရန်** မေးခွန်းနှင့် မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး၏ **မန်တုံမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ)ဖွင့်လှစ်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းကလည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယနေ့ အစည်းအဝေးတွင် လူမှုဝန်ထမ်းဆိုင်ရာမေးခွန်း (၂)ခု၊ ဘဏ်ခွဲဖွင့်လှစ်နိုင်ရေး၊ ဝန်ထမ်းနေ့ထွက်စရိတ်နှင့်လယ်ယာကဏ္ဍချေးငွေဆိုင်ရာ မေးခွန်း(၄)ခုအပါအဝင် မေးခွန်း (၉) ခု မေးမြန်းဖြေကြားခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

**မျိုးမြင့်၊ မွေးကြူဇင်(သတင်းစဉ်)**

---

❖ **အဌမတန်းမှ**

သင်ယူမှုပုံစံ အမျိုးမျိုးရှိသည့်အနက် အသုံးများ သင်ယူမှုပုံစံများသည် လက်တွေ့လှုပ်ရှားမှုဖြင့် သင်ယူခြင်း၊ အမြင်ဖြင့် သင်ယူခြင်း၊ အကြားဖြင့်သင်ယူခြင်း၊ အလုံးစုံဆက်စပ်လေ့လာသင်ယူခြင်းတို့ဖြင့် သင်ကြားနေသည်ကို တွေ့ရှိရပါကြောင်း၊ မျက်မှောက်ခေတ်ကာလ ဖွံ့ဖြိုးစနိုင်ငံများတွင် ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နေရသောကြောင့် လူသားများဘဝရပ်တည်ရာ လူ့သမိုင်းတွင် လူသားအားလုံးသည် အသက်အရွယ် အပိုင်းအခြားအလိုက် သင်ကြားမှု၊ သင်ယူမှုများကို မဖြစ်မနေလုပ်နေရမည်ဖြစ်ပါကြောင်း၊ ဆရာ၊ ဆရာမများကလည်း မိမိတို့သင်ကြားပေးနေသော ကျောင်းသား၊ ကျောင်းသူများကို အတန်းလိုက်၊ အရွယ်လိုက် သိသင့်သည်များကို သိရှိနိုင်ရေး လေ့လာလေ့ကျင့်ပြီးမှသာ ပြန်လည်သင်ကြားပေးရမည်ဖြစ်ပါကြောင်း။

ပညာရေးကို ဖြတ်လမ်းနည်းဖြင့် လိုက်၍မရပါကြောင်း၊ ယခုရေတွင်းတူး ယခုရေကြည်သောက်၍ မရပါကြောင်း၊ ပညာရေးသည် ရေရှည်ဆောင်ရွက်ရသော သိမ်မွေ့နက်နဲသော ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းဖြစ်ပြီး ပညာရေးတွင် 4 Skills ကို ကျွမ်းကျင်လိုပါက ပဓာနကျသော ပုဂ္ဂိုလ်များမှာ ပညာရေးကို ဦးစီးဆောင်ရွက်နေသော ပညာရေးဝန်ကြီးဌာနရှိ တတ်သိပညာရှင်များ၊ မိဘများ၊ ဆရာများနှင့် မှတ်သားသင်ယူလိုစိတ်ရှိသော ကျောင်းသားကျောင်းသူများသာ အဓိကဖြစ်ကြောင်း ဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုစီမံချက်တစ်ရပ်အနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ကိုရေးဆွဲပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုစီမံကိန်းစာအုပ်၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဉယျောဇဉ်တွင် လာမည့် ငါးနှစ်တာကာလအတွင်း ကျောင်းသားများ၊ လူငယ်များနှင့် အရွယ်ရောက်သူများ၏ ဘဝတစ်သက်တာ ပညာသင်ယူရရှိနိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်စေရန် မြန်မာနိုင်ငံ၏ အမျိုးသားပညာရေးစနစ်ကို အဓိကထား ပြောင်းလဲပေးရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပြောင်းလဲပေးရာတွင် အရည်အသွေးနှင့် သာတူညီမျှရှိပြီး ကလေးများနှင့် လိုက်လျောညီထွေမှုရှိသော ပညာရေးစနစ်သည် မရှိမဖြစ်လိုအပ်လာပါကြောင်း၊ သို့မှသာ ကလေးများအနေဖြင့် အသိပညာသစ်များနှင့် တတ်ကျွမ်းမှုများ၊ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှုများနှင့် ကျင့်ဝတ်များရရှိကာ မိမိတို့အတွက် ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများကို ရွေးချယ်တတ်လာစေခြင်းဖြင့် ၂၁ ရာစု မြန်မာနိုင်ငံ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးပြုနိုင်မည်ဖြစ်သည်ဟု ဖော်ပြထားသည့်အတွက် နိုင်ငံတော်၏ပညာရေးအတွက် ပကတိအရှိတရားနှင့် ဆောင်ရွက်ရမည့် လိုအပ်ချက်များနှင့် ရည်မှန်းချက်များသည် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍတစ်ခုကို အောင်မြင်စွာ အကောင်အထည်ဖော်ရန် မီးမောင်းထိုးပြထားသကဲ့သို့ အဆိုရှင်၏ ရည်ရွယ်ချက်နှင့်လည်း ထပ်တူကျလိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ မျှော်မှန်းချက်၊ ရည်မှန်းချက်များကို ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို ချမှတ်ပြီး အင်္ဂလိပ်စာစွမ်းရည် လေးရပ်အပါအဝင် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍသစ်ကို စတင်အကောင်အထည်ဖော်ဆောင်နေပြီဖြစ်ပါသဖြင့် အဆိုရှင်၏အဆိုကို လွှတ်တော်၌ မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းနှင့် မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၂)မှ ဦးခင်ဝင်းတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မူလတန်းပညာရေးသည် ပညာရေးစနစ်တစ်ခုလုံး၏ အခြေခံအုတ်မြစ် ဖြစ်ပါသဖြင့် အခြေခံအုတ်မြစ် မူလတန်းပြဆရာ၊ ဆရာမများ အတွေ့အကြုံ ရင့်ကျက်မှုနှင့် အရည်အသွေး ပိုမိုကောင်းမွန်လာရေးအတွက် မူလတန်းပြရာထူး၊ အလယ်တန်းပြရာထူး၊ အထက်တန်းပြရာထူးများ ခန့်ထားသည့် စနစ်များကိုလည်း အရည်အချင်းသတ်မှတ်ချက် ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်ရေး စီစဉ်သွားရမည်ဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ပထမတန်း အင်္ဂလိပ်စာဘာသာရပ် ကျောင်းသုံးစာအုပ်ကို အင်္ဂလိပ်စာ စွမ်းရည် လေးမျိုး ဖွံ့ဖြိုးတိုးတက်စေရန် ပြုစုထားပါကြောင်း၊ English Subject သင်ကြားနည်းတွင် Participatory method, Interactive method များဖြင့် အင်္ဂလိပ်စာ စွမ်းရည် လေးမျိုးရရှိအောင် သင်ကြားနည်းသစ်များသုံး၍ ပြောင်းလဲသင်ကြားနိုင်ရန် သင်ရိုးများရေးဆွဲနေပြီဖြစ်ပါကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ပထမတန်းမှ ဒွါဒသမတန်းအထိ စွမ်းရည် လေးမျိုးကို အခြေခံသော သင်ရိုးညွှန်းတမ်းအသစ်များဖြင့် သင်ကြားသွားမည်ဖြစ်ပါကြောင်း။

အင်္ဂလိပ်စာစွမ်းရည် လေးမျိုးအပေါ် အခြေခံ၍ ပြင်ဆင်ရေးဆွဲသွားမည့် သင်ရိုးညွှန်းတမ်းအသစ်များအပေါ် သင်ကြားနည်းစနစ်အသစ်များဖြင့် စနစ်တကျလေ့ကျင့်မွေးထုတ်သွားမည်ဖြစ်သဖြင့် ထိုသို့ မွေးထုတ်ပေးလိုက်သော ဆရာ၊ ဆရာများက အင်္ဂလိပ်စာဘာသာရပ်ကို ထိရောက်စွာ သင်ကြားနိုင်မည်ဖြစ်သည့်အတွက် အထက်တန်းအဆင့် ပြီးမြောက်အောင်မြင်သော ကျောင်းသားကျောင်းသူများသည် အင်္ဂလိပ်စာဘာသာရပ်ကို အတိုင်းအတာတစ်ခုအထိ ထိရောက်စွာ ရေးသားပြောဆိုလာနိုင်စေရန် ဦးတည်အထောက်အကူပြုမည့် ကျောင်းသုံးဖတ်စာအုပ်များ ပြုစုအသုံးပြုသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်မဲဆန္ဒနယ်(၁၁)မှ ဒေါ်ထုမေ၏ အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မှတ်တမ်းအဖြစ်ထားရှိရန် ဆွေးနွေးတင်ပြပြီး အဆိုရှင်က လွှတ်တော်၏အဆုံးအဖြတ်ရယူမည်ဖြစ်ကြောင်း တင်ပြသဖြင့် စက်ခလုတ်နှိပ်၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၉၆ မဲ၊ ကန့်ကွက်မဲ ၁၀၂ မဲ နှင့် ကြားနေမဲ တစ်မဲဖြစ်ရာ ကန့်ကွက်မဲများသဖြင့် အဆိုအား အတည်မပြုဘဲ မှတ်တမ်းအဖြစ်သာထားရှိမည် ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ဒုတိယအကြိမ်အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ဇန်နဝါရီ ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်**

**မျိုးသူဟိန်း(သတင်းစဉ်)**

# ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ဟူသည်

**မောင်စာဂ**

ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ)ကို လူသိများနေကြသည်။ အဘယ်ကြောင့်ပါနည်း။ ပုဒ်မ ၅၀၅(ခ)ဖြင့် တရားစွဲဆိုမှုတွေရှိနေသည်။ ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီအုပ်ချုပ်ရေး၊ ပြည်သူ့အုပ်ချုပ်ရေးတို့တွင် လွတ်လပ်စွာ ရေးသားပြောဆို ဝေဖန်ခွင့်များရှိသည်။ ပုဒ်မ ၅၀၅ (ခ) မလိုဟု ဆိုကြပြောကြသံများလည်း ကြားနေရသည်။ ပုဒ်မ ၅၀၅ (ခ)သည် ဘာကိုဆိုပါသနည်း။ ပုဒ်မ ၅၀၅ (ခ)သည် ပုဒ်မ ၅၀၅ ၏ ပုဒ်မခွဲ တစ်ခုဖြစ်သည်။ ပုဒ်မ ၅၀၅ သည် အများပြည်သူ၏ အကျိုးပျက်စီးစေမှုကိုဖြစ်စေသော ဖော်ပြချက်နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသော ပုဒ်မဖြစ်သည်။

ပုဒ်မ ၅၀၅ ၏ ပုဒ်မခွဲ (ခ)သည် ကြောက်စရာပုဒ်မတစ်ခုမဟုတ်၊ သုံးတတ်လျှင်ဆေး မသုံးတတ်လျှင်ဘေးသာ ဖြစ်စေသည်။ ပုဒ်မ ၅၀၅ (ခ)ကို ကြည့်တတ်မြင်တတ်လျှင် မိမိအတွက် အားကိုးဖွယ်ရာ အကာအကွယ်ဖြစ်စေသည်။ အများပြည်သူအတွက် ကောင်းကျိုးဖြစ်ထွန်းစေရန် နည်းလမ်းကောင်းတစ်ရပ် ဖြစ်စေသည်။ အသုံးချတတ်လျှင် မိမိအတွက် အသိဉာဏ်ပညာ၊ ဗဟုသုတ တိုးပွားစေသည်။ အများပြည်သူအတွက် အသိအမြင် အလင်းခာတ်တွေရစေသည်။ ယင်းပြဋ္ဌာန်းချက်တို့ကို ရှင်းရှင်းလင်းလင်းသိရှိကြရန် လိုအပ်ကြလိမ့်မည်ဟု ဆင်ခြင်စောကြောမိသည်။ အနှစ်ချုပ် မျှဝေပါရစေ။

**အများပြည်သူ၏ အကျိုးပျက်စီးစေမှုကိုဖြစ်သောဖော်ပြချက်**

ရာဇသတ်ကြီး ပုဒ်မ ၅၀၅ တွင် အများပြည်သူ၏အကျိုးပျက်စီးစေမှုကို ဖြစ်သော ဖော်ပြချက်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

မည်သူမဆို ဖော်ပြချက်ကိုဖြစ်စေ၊ ကောလာဟလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေ ပြုရာတွင်၊ သို့တည်းမဟုတ် ထုတ်ပြန်ကြေညာရာတွင် သို့တည်းမဟုတ် ဖြန့်ချိရာတွင်

(က) ပြည်ထောင်စုအစိုးရ၏ ကြည်း၊ ရေ၊ လေတပ် တစ်ခုခုမှ အရာရှိ အား၊ သို့တည်းမဟုတ် တပ်သားအား စစ်ပုန်ကန်ခြင်းကိုသော်လည်းကောင်း၊ သက်ဆိုင်ရာ မိမိ၏ တာဝန်ဝတ္တရားကို မလေးစားခြင်းသော်လည်းကောင်း၊ ပျက်ကွက်ခြင်းကိုသော်လည်းကောင်း ပြုစေရန်အကြံရှိလျှင်၊ သို့တည်းမဟုတ် ထိုသို့ပြုစေတန်ရာသည့် အကြောင်းရှိလျှင်၊ သို့တည်းမဟုတ်

(ခ) နိုင်ငံတော်အစိုးရကိုဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ရေးကိုဖြစ်စေ ထိခိုက်သည့်ပြစ်မှုကို တစ်ဦးတစ်ယောက်သောသူက ကျူးလွန်ချင်လာအောင် အများပြည်သူကိုသော်လည်းကောင်း၊ အများပြည်သူ၏ သီးခြားလူစုကိုသော်လည်းကောင်း ကြောက်ခြင်း၊ ထိတ်လန့်ခြင်း တစ်ခုခုဖြစ်စေရန် အကြံရှိလျှင်၊ သို့တည်းမဟုတ် ထိုသို့ဖြစ်စေတန်ရာသည့် အကြောင်းရှိလျှင်၊ သို့တည်းမဟုတ်

(ဂ) လူအမျိုးအစားအချင်းချင်းဖြစ်စေ၊ လူမျိုးစုအချင်းချင်းဖြစ်စေ တစ်ဖက်နှင့်တစ်ဖက် ပြစ်မှုကျူးလွန်အောင် လှုံ့ဆော်ရန် အကြံရှိလျှင်၊ သို့တည်းမဟုတ် အဆိုပါလှုံ့ဆော်ခြင်းကို ဖြစ်စေတန်ရာသည့် အကြောင်းရှိလျှင်

ထိုသူသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ရာ ရောက်သည်။

ကင်းလွတ်ချက်။ ။ တစ်ဦးတစ်ယောက်သောသူသည် ဖော်ပြချက်ကို ဖြစ်စေ၊ ကောလာဟလကိုဖြစ်စေ သတင်းကိုဖြစ်စေပြုရာတွင် သို့တည်းမဟုတ် ထုတ်ပြန်ကြေညာရာတွင် သို့တည်းမဟုတ် ဖြန့်ချိရာတွင်၊ ထိုဖော်ပြချက်သော်လည်းကောင်း၊ ထိုကောလာဟလသော်လည်းကောင်း၊ ထိုသတင်းသော်လည်းကောင်း မှန်ကန်သည်ဟု ယုံကြည်ရန် အကြောင်းရှိသည့်အပြင် အထက်ကဆိုခဲ့သော အကြံမရှိဘဲပြုလျှင် သို့တည်းမဟုတ် ထုတ်ပြန်ကြေညာလျှင်၊ သို့တည်းမဟုတ် ဖြန့်ချိလျှင် ဤပုဒ်မ၏ အဓိပ္ပာယ်အရ ပြစ်မှုမမြောက်ပါ။

**ချမှတ်ရမည့်ပြစ်ဒဏ်**

ပုဒ်မ ၅၀၅ ၊ ပုဒ်မခွဲ (က)၊ (ခ) သို့မဟုတ် (ဂ) တစ်ခုခုကိုကျူးလွန်လျှင် ကျူးလွန်သူသည် နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည် ဖြစ်သည်။

**ပြစ်မှုကျူးလွန်ရာမရောက်ခြင်း**

ပုဒ်မ ၅၀၅ ပြဋ္ဌာန်းချက်များ၏ ကင်းလွတ်ချက်တွင် "တစ်ဦးတစ်ယောက်သောသူသည် ဖော်ပြချက်ကိုဖြစ်စေ၊ ကောလာဟလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေပြုရာတွင် သို့တည်းမဟုတ်၊ ထုတ်ပြန်ကြေညာရာတွင် သို့တည်းမဟုတ် ဖြန့်ချိရာတွင် ထိုဖော်ပြချက်သည်လည်းကောင်း၊ ထိုကောလာဟလကိုလည်းကောင်း၊ ထိုသတင်းကိုလည်းကောင်း မှန်ကန်သည်ဟုယုံကြည်ရန် အကြောင်းရှိသည့်ပြင် ပုဒ်မခွဲများတွင် ဖော်ပြထားသည့်အကြံမရှိဘဲပြုလျှင် သို့တည်းမဟုတ် ထုတ်ပြန်ကြေညာလျှင် သို့တည်းမဟုတ် ဖြန့်ချိလျှင် ဤပုဒ်မ၏ အဓိပ္ပာယ်အရ ပြစ်မှုမမြောက်ဟူ၍ ကင်းလွတ်ခွင့်ပေးထားသည်။ ဤကင်းလွတ်ချက်သည် ဥပဒေနှင့်အညီ လွတ်လပ်စွာဟောပြောခွင့်နှင့် လွတ်လပ်စွာရေးသားခွင့်ကို အာမခံချက် ပေးထားခြင်းပင်ဖြစ်သည်။

အထက်ပါပြဋ္ဌာန်းချက်အရ "ဖော်ပြချက်ကိုဖြစ်စေ၊ ကောလာဟလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေ ပြုရာတွင် သို့တည်းမဟုတ် ထုတ်ပြန်ကြေညာရာတွင် သို့တည်းမဟုတ် ဖြန့်ချိရာတွင်"ဟူသော စကားစုသည် ပုဒ်မ ၅၀၅ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) တို့၏ ပင်မအခြေခံကျောရိုးကြီးဖြစ်သည်။

ပုဒ်မခွဲ (က) သည် ပြည်ထောင်စုအစိုးရ၏ ကြည်း၊ ရေ၊ လေတပ် တစ်ခုခုတို့နှင့် သက်ဆိုင်သည်။ စစ်ပုန်ကန်စေရန် သို့မဟုတ် အဓိကရုဏ်းဖြစ်ပွားစေရန် အကြံဖြင့် သတင်းဖြန့်ချိခြင်း၊ ဟောပြောခြင်းကို တားမြစ်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ဤပုဒ်မခွဲသည် ကြည်း၊ ရေ၊ လေတပ်ဖွဲ့အတွက် သတ်မှတ်ထားသည့် ရာဇသတ်ကြီး၏ အခန်း(၇)ရှိ ကြည်းတပ်၊ ရေတပ်၊ လေတပ်နှင့်ဆိုင်သာ ပြစ်မှုများနှင့် အကျုံးဝင်မည်ဖြစ်သည်။

ပုဒ်မခွဲ (ခ) သည် နိုင်ငံတော်အစိုးရကိုဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ရေးကို ထိခိုက်စေခြင်းနှင့် သက်ဆိုင်သည်။ ယင်းပုဒ်မခွဲသည် ပုဒ်မ ၁၂၄-က အစိုးရကို အကြည်ညိုပျက်အောင်ပြုသည့်ပြစ်မှုနှင့် အလားသဏ္ဍာန်တူသည်။ ခြားနားချက်မှာ ပုဒ်မ ၅၀၅ (ခ)သည် သူတစ်ဦး သို့မဟုတ် ပြည်သူအများ သို့မဟုတ် ပြည်သူတစ်စုကို ဦးတည်သည်။ ပုဒ်မ ၁၂၄-က သည် အစိုးရကို ဦးတည်သည်။

ပုဒ်မခွဲ (ဂ) သည် လူအမျိုးအစားအချင်းချင်းဖြစ်စေ၊ လူမျိုးစုအချင်းချင်းဖြစ်စေတို့နှင့် သက်ဆိုင်သည်။ ယင်းပုဒ်မခွဲသည် ပုဒ်မ ၁၅၃-က အမျိုးအစားတစ်ခုနှင့်တစ်ခု ရန်ငြိုးထားစေရန် အားပေးအားမြှောက်ပြုခြင်းပြစ်မှုနှင့် အလားသဏ္ဍာန်တူသည်။

**လိုအပ်သောအင်္ဂါရပ်များ**

လူအများပြောနေကြသည့် ပုဒ်မခွဲ ၅၀၅ (ခ) နှင့် စပ်လျဉ်း၍ လိုအပ်သည့်အင်္ဂါရပ်မှာ ဖော်ပြချက် ကောလာဟလ သို့မဟုတ် သတင်းကို ပြုခြင်း၊ ထုတ်ပြန်ခြင်း၊ ဖြန့်ချိခြင်းပြုရာတွင် အစိုးရကိုဖြစ်စေ၊ ငြိမ်ဝပ်ပိပြားရေးကိုဖြစ်စေ ထိခိုက်သည့်ပြစ်မှုကို ကျူးလွန်ချင်လာအောင် ပြည်သူကိုသော်လည်းကောင်း၊ ပြည်သူ၏သီးခြားလူစုကိုသော်လည်းကောင်း၊ ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ တစ်ခုခုဖြစ်စေရန်အကြံနှင့် ပြုခြင်းတို့ပင်ဖြစ်သည်။

ရေးကြ ပြောကြ ဟောကြမည်ဆိုလျှင် ဖြန့်ချိကြ၊ ထုတ်ပြန်ကြ၊ ဖော်ပြကြမည်ဆိုလျှင် မိမိဖော်ပြချက်၊ ကောလာဟလနှင့်သတင်းများသည် မှန်ကန်သည်ဟုယုံကြည်ရန် လုံလောက်သောအကြောင်းများ ရှိရမည်။ အစိုးရကိုဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ရေးကိုဖြစ်စေ ထိခိုက်စေရန်အကြံမရှိရပါ။ ထိုသို့ထိခိုက်စေအောင် တစ်ဦးတစ်ယောက်သောသူက ကျူးလွန်စိတ်ရှိလာအောင် အကြံမျိုးလည်း မရှိရပါ။ အများပြည်သူကိုကြောက်ခြင်း၊ ထိတ်လန့်ခြင်း ဖြစ်လာစေရန် အကြံမျိုးလည်း မရှိရပါ။ ထိုသို့သောအခြေအနေများ ဖြစ်လာစေတန်ရာသည့် အကြောင်းအချက်များလည်း မရှိစေရပါ။ ထိုသို့ဆိုလျှင် ပုဒ်မ ၅၀၅ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ကျူးလွန်ရာရောက်မည် မဟုတ်ပါ။ ယင်းပုဒ်မအရလည်း တရားစွဲဆို အရေးယူခြင်း ခံရနိုင်မည်မဟုတ်ပါ။

- ဤပုဒ်မသည် လူ့ဘောင်အဖွဲ့အစည်း တည်ငြိမ်အေးချမ်းရေးကို ဦးတည်သည်။ တရားဥပဒေစိုးမိုးရေးကို ရှေးရှုသည်။
- "မီးဘေးရှောင် မလောင်ခင်ကတား"ဆိုသကဲ့သို့ လည်းကောင်း၊ "အမှိုက်ကစ ပြာသာဒ် မီးလောင်" မဖြစ်စေရန်လည်းကောင်း ကြိုတင်ကာကွယ်တားဆီးစေရန်လည်း ဖြစ်သည်။
- အကျင့်စာရိတ္တ မပျက်ပြားရေးကိုလည်း ရည်ရွယ်သည်။
- တရားဥပဒေစိုးမိုးရေး၏ အခြေခံလိုအပ်ချက် အင်္ဂါရပ်တစ်ခုလည်း ဖြစ်သည်။

ဤပုဒ်မပါ ကင်းလွတ်ချက်တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာနိုင်ကြလျှင် ကောင်းမွန်သောစိတ်ထား ထားနိုင်ကြမည်ဖြစ်သည်။ တရားဥပဒေစိုးမိုးရေးအတွက်၊ တည်ငြိမ်အေးချမ်းရေးအတွက် အထောက်အပံ့လည်း ဖြစ်သည်။

မျက်မှောက်ကာလတွင် စတုတ္ထမဏ္ဍိုင်ဟုခေါ်ဆိုသည့် သတင်းမီဒီယာအား ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ သတင်းဖော်ပြချက်များ၊ ထုတ်ပြန်ကြေညာခြင်းနှင့် ဖြန့်ချိခြင်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာပြောဆိုရေးသား လုပ်ဆောင်လာနိုင်ကြပြီဖြစ်သည်။ ယင်းနှင့်အတူ ပြည်သူတို့ကလည်း ကမ္ဘာ့အရေး၊ နိုင်ငံ့အရေးအပါအဝင် သတင်းဦးသတင်းဖျားများကို သိလိုလာကြသည်။ လူမှုကွန်ရက်စာမျက်နှာအပါအဝင် သတင်းထုတ်ပြန်မှုများကလည်း မိမိတို့ရရှိသည့်သတင်းကို အဆောတလျင် အသိပေးလိုလာကြသည်။ သတင်းမီဒီယာအပါအဝင် အများပြည်သူမည်သူမဆို လွတ်လပ်စွာ ပြောဆိုရေးသား ပြုမူလုပ်ဆောင်နိုင်ကြသည်ဆိုရာတွင် ဥပဒေနှင့်အညီတိကျစွာ လေးစားလိုက်နာကြရန်နှင့် ဥပဒေပြဋ္ဌာန်းချက်များနှင့် ငြိစွန်းမှုမရှိရန် သိရှိသတိပြုလိုက်နာကြရန်လိုသည်။

ရာဇသတ်ကြီးပုဒ်မ ၅၀၅ ပါ ပြဋ္ဌာန်းချက်များအရ မိမိ၏သတင်းဖော်ပြချက်စသည် ပြောဆို ရေးသားထုတ်ပြန်ကြေညာခြင်းများသည် တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့မှစ၍ နိုင်ငံတော်နှင့် အများပြည်သူအကျိုး ထိခိုက်ပျက်စီး နစ်နာဆုံးရှုံးမှုမရှိစေရန် လွန်စွာအရေးကြီးသည်။ ရည်ရွယ်ချက်နှင့် စေတနာမမှန်ကန်ဘဲ အပျက်သဘောကြံစည်လုပ်ဆောင်ခြင်းဖြစ်ပါက ဥပဒေအရ အရေးယူအပြစ်ပေးခံရမည်သာဖြစ်သည်။

မိမိ၏သတင်းဖော်ပြချက်သည် မှန်ကန်သည်ဟုယုံကြည်ရန် အကြောင်းရှိသည့်အပြင် ရည်ရွယ်ချက်ကောင်းနှင့် စေတနာမှန်ဖြင့် ဟုတ်တိုင်းမှန်ရာ ပြောဆိုရေးသား ကြေညာဖြန့်ချိခြင်းဖြစ်သည်ဆိုပါလျှင် ပုဒ်မ ၅၀၅ ပါ ကင်းလွတ်ချက်တွင်အကျုံးဝင်ပြီး ဥပဒေကပေးအပ်ထားသည့် အာမခံချက်နှင့် အကာအကွယ်ကို ရရှိနိုင်မည်ဖြစ်သည်။

ဥပဒေနှင့်အညီ တိကျစွာလေးစားလိုက်နာဆောင်ရွက်နိုင်ကြပါစေ။

ဥပဒေကပေးအပ်ထားသည့် အခွင့်အရေးကို မှန်မှန်ကန်ကန် ရရှိနိုင်ကြပါစေ။ ။

**လူမှုကွန်ရက်စာမျက်နှာအပါအဝင် သတင်းထုတ်ပြန်မှုများကလည်း မိမိတို့ရရှိသည့်သတင်းကို အဆောတလျင် အသိပေးလိုလာကြသည်။ သတင်းမီဒီယာအပါအဝင် အများပြည်သူ မည်သူမဆို လွတ်လပ်စွာ ပြောဆိုရေးသား ပြုမူလုပ်ဆောင်နိုင်ကြသည်ဆိုရာတွင် ဥပဒေနှင့်အညီ တိကျစွာ လေးစားလိုက်နာကြရန်နှင့် ဥပဒေပြဋ္ဌာန်းချက်များနှင့် ငြိစွန်းမှုမရှိရန် သိရှိသတိပြုလိုက်နာကြရန် လိုသည်။**



ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ အချိန်မီ မီးငြိမ်းသတ်နိုင်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၂၂ ရက်က ပြုလုပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

## ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ဂုဏ်ပြုလျက် မြတ်ဂုဏ်ပြည့်ဘိုးဘွားရိပ်သာ ဖွင့်မည်

**မန္တလေး ဇန်နဝါရီ ၂၂**

မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၃)နှစ်ပြည့်မွေးနေ့ကို ဂုဏ်ပြုသောအနေဖြင့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရေငံကျေးရွာအုပ်စု ပ-ကျားထူးကျေးရွာ၌ မြတ်ဂုဏ်ပြည့်ဘိုးဘွားရိပ်သာကို ဖေဖော်ဝါရီ ၁၂ ရက်တွင် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘိုးဘွားရိပ်သာအား အကြောင်းအမျိုးမျိုးကြောင့် မှီခိုအားထားရာမဲ့နေသည့် အဘိုးအဘွားများ၏ စားဝတ်နေရေး၊ ကျန်းမာရေးမှအစပြု၍ မြတ်ဗုဒ္ဓ၏ တရားအရိပ်အာဝါသအောက်၌ အေးချမ်းစွာ တရားအားထုတ်ခွင့်ရရှိစေပြီး မျက်မှောက်မအေးချမ်းသောဘဝမှ နောင်သံသရာအေးချမ်းသောဘဝ ရရှိစေရန် ရည်ရွယ်၍ "မြတ်ဂုဏ်ပြည့်"ဘိုးဘွားရိပ်သာကို တည်ဆောက်ဖွင့်လှစ်ရခြင်း ဖြစ်သည်။

အဆိုပါဘိုးဘွားရိပ်သာ၌ အသက်(၇၀)ပြည့်ပြီးသော သားသမီး ဆွေမျိုးမရှိ ခိုကိုးရာမဲ့ဘိုးဘွားများ၊ သားသမီး၊ ဆွေမျိုးရှိသော်လည်း သားသမီးများ၏ လျစ်လျူရှုခြင်းခံရသော ဘိုးဘွားများအား လက်ခံသွားမည်ဖြစ်ပြီး စိတ်မဖောက်ပြန်သူများနှင့် ကူးစက်ရောဂါမရှိသူ၊ မိမိကိုယ်တိုင် ကျင်ကြီးကျင်ငယ် စွန့်နိုင်သူများ၊ အကျင့်စာရိတ္တကောင်းမွန်သူများကိုသာ လက်ခံသွားမည်ဖြစ်သည်။

ရိပ်သာမှ ဘိုးဘွားများ စားဝတ်နေရေး၊ ကျန်းမာရေး၊ ဘဝကူးကောင်းစေရေးတို့ကို ရှေးရှု၍ စိတ်အေးချမ်းသာစွာ တရားအားထုတ်နိုင်ရန် ရိပ်သာကြီးကြပ်မှုကော်မတီက ပြုစုစောင့်ရှောက်သွားမည်ဖြစ်ပြီး ဘိုးဘွားရိပ်သာ၌ အဘိုး ၂၀၊ အဘွား ၂၀ စုစုပေါင်း အဘိုးအဘွား ၄၀ ဖြင့် စတင်လက်ခံဆောင်ရွက်ပြုစုစောင့်ရှောက်သွားမည်ဖြစ်သည်။ ဘိုးဘွားရိပ်သာသို့ ပါဝင်လှူဒါန်းလိုပါက ဖုန်း ၀၉-၆၅၂၀၇၄၇၊ ၀၉-၄၀၁၅၄၄၀၈၁၊ ၀၉-၇၉၇၂၀၀၇၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ၀၀၂

# အဂတိလိုက်စားမှု တွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့ ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၂**
မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် UNODC တို့ ပူးပေါင်းကျင်းပ၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အစီအစဉ်တစ်ခုဖြစ်သော ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ ပညာပေးရေး၊ အလေ့ဂရုပြုရေး၊ ကာကွယ်ဟန့်တားရေး လုပ်ငန်းစဉ်များတွင် NGO အပါအဝင် ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများ (INGOs)၏ အတွေးအမြင်များ၊ အတွေ့အကြုံများကို ပွင့်လင်းစွာတင်ပြနိုင်ရန်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ပတ်သက်၍ ပြည်သူလူထု သိရှိနားလည်နိုင်စေရန်နှင့် သိရှိနားလည်ပြီးနောက် ကာကွယ်တားဆီးနိုင်စေရန် ရည်ရွယ်ကျင်းပသော "အဂတိလိုက်စားမှု တွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့ " ခေါင်းစဉ်ဖြင့် နှစ်ရက်ကြာ စာတမ်းဖတ်ကြားဆွေးနွေးပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီမှစတင်၍ ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ Park Royal Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဖွင့်အမှာစကား ပြောကြားရာတွင် "အဂတိလိုက်စားမှု တိုက်ဖျက်ရေးသည် ပြည်သူလူထု၏ လိုလားချက်ဖြစ်ကြောင်း၊ အယူအဆ မည်မျှကွဲပြားပါစေ၊ အသင်းအဖွဲ့ မည်မျှများပြားပါစေ အဂတိလိုက်စားမှုသည် လူတိုင်း၏ ဘုံရန်သူဖြစ်ကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးစစ်ပွဲသည် ရေတိုမဟုတ်၊ ရေရှည်စနစ်တကျ ဘက်ပေါင်းစုံ ပါဝင်ဆင်နွှဲရမည့် စစ်ပွဲဖြစ်ကြောင်း၊ စိတ်ဓာတ်နှင့် ကိုယ်ကျင့်သိက္ခာ မြှင့်တင်ရေးမပါဘဲနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ် မည်သို့မျှ အောင်မြင်မှုမရနိုင်ကြောင်း၊ ယင်းစိတ်ဓာတ်နှင့် ဂုဏ်သိက္ခာမျိုး ရရှိစေဖို့ ကလေးဘဝမှစတင်၍ ကိုယ်ကျင့်သိက္ခာ မြှင့်တင်ရေးလုပ်ငန်းများ တစိုက်မတ်မတ်လုပ်ဆောင်သွားရန် ကော်မရှင်က ရည်မှန်းထားကြောင်း၊ ယခုတက်ရောက်လာသော စာနယ်ဇင်း၊ ရုပ်သံများနှင့် လူထုအဖွဲ့အစည်းများမှတစ်ဆင့် ကိုယ်ကျင့်သိက္ခာ မြှင့်တင်ရေးအတွက် ပြည်သူလူထုအတွင်း မျှဝေပျံ့နှံ့စေလျက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်အတွက် ထိရောက်မှုရှိစေမည်မှာ ယုံကြည်ပါကြောင်း၊ အဂတိလိုက်စားမှုမှန်သမျှကို ပြည်သူလူထုနှင့် အဖွဲ့အစည်းအသီးသီးက လုံးဝသည်းမခံ ခွင့်မလွှတ် လျစ်လျူမရှုကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် UNODC Country Manager Mr.Troels Vester က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ စီးပွားရေးပညာရှင် ဦးမြင့်က မြန်မာနိုင်ငံ၏လက်ရှိအဂတိလိုက်စားမှု အခြေအနေနှင့် ယင်းသို့ဖြစ်ရခြင်း အကြောင်းများ၊ စီးပွားရေး ဆိုးကျိုးများ သက်ရောက်စေသည့် ကိစ္စနှင့် ကုထုံးများကို ဟောပြောခဲ့သည်။ ယင်းနောက် စီးပွားရေးပညာရှင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က အဂတိလိုက်စားမှုနှင့် နိုင်ငံ စီးပွားရေးဆက်စပ်နေမှုများ၊ အဂတိလိုက်စားမှု တွန်းလှန်ဟန့်တားရေးနှင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာများ ဆွေးနွေးဟောပြောသည်။ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပညာရှင်များနှင့် လူမှုအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များက အုပ်စုလိုက် စာတမ်းဖတ်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါ ဆွေးနွေးစာတမ်းဖတ်ပွဲသို့ NGO နှင့် INGO အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ စာနယ်ဇင်းမီဒီယာအဖွဲ့များ၊ ပညာရှင်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်လေ့လာဆွေးနွေးခဲ့ပြီး ဇန်နဝါရီ ၂၃ ရက် စာတမ်းဖတ်ပွဲအပြီးတွင် အဆိုပါစာတမ်းဖတ်ဆွေးနွေးပွဲနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-နေသန်၊ ဇာဏီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ပညာရှင်များ၊ စာတမ်းရှင်များနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

# အဂတိလိုက်စားမှုဆိုတာ ဒီတိုင်းပြည်ကို ဆင်းရဲအောင် ဖြစ်နေတဲ့အကြောင်းတရားတစ်ရပ်ပဲ

**အဂတိလိုက်စားမှုဆိုသည်မှာ အများပြည်သူ အကျိုးဆောင်ရန် ပေးအပ်ထားသည့် အာဏာနှင့် အခွင့်အရေးများကို ပုဂ္ဂလိက အကျိုးအမြတ်အတွက် အသုံးပြုခြင်း၊ တစ်နည်းအားဖြင့် လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းခံထားရသူတစ်ယောက်က သူတရားဝင်ရရှိထားသော အဆင့်နေရာနှင့် ရာထူးဌာနန္တရကို သူ့ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခြင်းပင်ဖြစ်သည်ဟု စီးပွားရေးပညာရှင် ဦးမြင့်က ယနေ့ဖတ်ကြားတင်သွင်းသည့် အဂတိလိုက်စားမှု-အကြောင်းအကျိုးနှင့် ကုထုံးများ မြင်သာမှု ရှုထောင့်စာတမ်းတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။**


ဦးအောင်ကြည် (ကော်မရှင်ဥက္ကဋ္ဌ)


ပါမောက္ခဒေါက်တာအောင်ထွန်းသက်


ဦးခင်မောင်ညို (ဘောဂဗေဒ)


ဦးဟန်ညွန့် (ကော်မရှင်အဖွဲ့ဝင်)

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ စာတမ်းဖတ်ကြားဆွေးနွေးပွဲကို ရန်ကုန်မြို့ Park Royal Hotel ၌ ယနေ့မှစ၍ နှစ်ရက်ကြာ ကျင်းပလျက်ရှိရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးသည် ပြည်သူများ၏ လိုလားချက်ဖြစ်သည့်အတွက် ပြည်သူများသိသင့်သိထိုက်သည်များကို ကော်မရှင်ဥက္ကဋ္ဌနှင့် ပညာရှင်များအား ယခုကဲ့သို့တွေ့ဆုံမေးမြန်းခဲ့သည်။

**အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်**

ဒီပွဲလုပ်တဲ့ ရည်ရွယ်ချက် နံပါတ်(၁)က (CSO) အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ကျွန်တော်တို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေနဲ့ ရှေ့ကို အတူတကွလက်တွဲပြီး ဆောင်ရွက်သွားရမယ့် လုပ်ငန်းစဉ်တွေ အများကြီးရှိပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် ထိတွေ့မှုရရှိအောင် ရင်နှီးမှုရရှိအောင်ဆိုတဲ့ အချက်လည်းပါတယ်။ သူတို့နဲ့နယ်မြေ၊ ဒေသ၊ ကျွမ်းကျင်မှု၊ သူတို့ရဲ့ ပတ်ဝန်းကျင်အလိုက် အဂတိလိုက်စားမှုနဲ့ ပတ်သက်ပြီး တွေ့ရှိထားတဲ့ တွေ့ရှိချက်တွေလည်း အများကြီးရှိနိုင်ပါတယ်။ ရှိနိုင်တဲ့အချက်အလက်တွေကိုလည်း ကျွန်တော်တို့ ကော်မရှင်က အခုစတင်ရေးဆွဲနေတဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာထဲမှာ အချက်အလက်တွေအနေနဲ့ ထည့်သွင်းအသုံးပြုချင်တယ်။ အချက်အလက်စုဆောင်းတဲ့ သဘောပါပဲ။ ဒီမှာ တင်ပြတာတွေအားလုံးကို ကျွန်တော်တို့က စဉ်းစားမယ်၊ ကော်မရှင်အဖွဲ့ဝင်တွေအားလုံးလည်း ရောက်နေကြပါတယ်။ သူတို့တွေက ဒီမှာဆွေးနွေးသမျှအားလုံးကို မှတ်တမ်းတင်မယ်၊ ပြန်ပြီး Analyze လုပ်မယ်။ ပြီးရင်လိုအပ်တဲ့အချက်အလက်တွေအားလုံးကို မဟာဗျူဟာထဲမှာ ထည့်သွင်းရေးဆွဲနိုင်အောင် ဆောင်ရွက်သွားဖို့ ရည်ရွယ်တာဖြစ်ပါတယ်။

ကျွန်တော်တို့တာဝန်ယူတဲ့ နှစ်လတာကာလအတွင်း တိုင်ကြားမှုနဲ့ အရေးယူဆောင်ရွက်မှုဟာ ယခင်နှစ် အလားတူကာလနဲ့ နှိုင်းယှဉ်ရင် ငါးဆကျော် တိုးတက်လာတာကို တွေ့ရပါတယ်။ ကျွန်တော်ထင်တာက တိုင်ကြားမှုယန္တရားကို လွယ်ကူအောင် လုပ်ပေးထားလို့ဖြစ်ပါတယ်။ အွန်လိုင်းက ထုတ်ပြန်ပေးတာရှိသလို သတင်းစာရှင်းလင်းပွဲတွေနဲ့ ဘယ်လိုတိုင်ရမယ်၊ ဘယ်နေရာကို တိုင်ရမယ်၊ ဘယ်ကိစ္စတွေဆို တိုင်လို့ရမယ်ဆိုတာ လွယ်ကူအောင် ပြောပြပေးတာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ တိုင်လာတာအားလုံးကို ထည့်သွင်းစဉ်းစားပေးပါတယ်။ သဘာဝအားဖြင့် ကိုယ်နဲ့မသက်ဆိုင်ဘူးဆိုပြီး ဘေးဖယ်ထားတာမျိုး မရှိပါဘူး။ ဘယ်ကိစ္စမဆို အဂတိလိုက်စားမှုနဲ့ အကျုံးဝင်သလား၊ မဝင်ဘူးလား ဆိုတာကိုကြည့်ပြီး အကျုံးဝင်တာမှန်သမျှအားလုံးကို စဉ်းစားပြီး တုံ့ပြန်ဆောင်ရွက်မှုပေးပါတယ်။

အဓိကပြောချင်တာကတော့ အဂတိလိုက်စားမှုဆိုတာ ဒီတိုင်းပြည်ကို ဆင်းရဲအောင် ဖြစ်နေတဲ့အကြောင်းတရားတစ်ရပ်ပဲ။ အဂတိလိုက်စားမှုကို တိုက်ဖျက်ဖို့ဆိုတာ ပြည်သူလူထုတစ်ရပ်လုံးက လိုလားနေတဲ့၊ တောင်းဆိုနေတဲ့ ကိစ္စပါပဲ။ အဲဒီတော့ ဒီလိုလိုလားချက်၊ တောင်းဆိုချက်ကို ကျွန်တော်တို့ ကော်မရှင်အနေနဲ့ တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်ပေးသွားပါမယ်။ အဲဒီလို ဆောင်ရွက်ရာမှာ အရေးကြီးတဲ့အချက်ကတော့ နိုင်ငံသားတိုင်း နိုင်ငံသားတိုင်းက မည်သည့်အဂတိလိုက်စားမှုကိုမဆို သည်းမခံဖို့၊ ခွင့်မလွှတ်ဖို့၊ လျစ်လျူမရှုဖို့ ဒါကို အဓိကထားပြီး ပြောချင်ပါတယ်။ ဒီလိုပြစ်မှုမျိုး အဂတိလိုက်စားမှုတွေကို တွေ့ရှိလာရင် ကျွန်တော်တို့ကော်မရှင်ကိုတင်ပြပြီး ကျွန်တော်တို့ကော်မရှင်နဲ့ အတူတကွ အဂတိလိုက်စားမှုတွေကို တိုက်ဖျက်သွားနိုင်အောင် ပူးပေါင်းဆောင်ရွက်သွားကြပါလို့ ပြောချင်ပါတယ်။

**စီးပွားရေးပညာရှင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်**

ကျွန်တော် ဒီနေ့ဆွေးနွေးမှာကတော့ စီးပွားရေးလုပ်ငန်းရှင်တွေ အဂတိလိုက်စားမှုမှာ မပါဝင်ဖို့ကို အဓိကထားတင်ပြမှာဖြစ်ပါတယ်။ အဂတိလိုက်စားမှုလို့ပြောရင် သတိပြုဖို့လိုတာက လူ့အဖွဲ့အစည်းတစ်ခုမှာ အပိုင်းသုံးပိုင်းရှိတယ်။ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိက၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ ဖြစ်ပါတယ်။ အဂတိလိုက်စားမှုလို့ပြောတဲ့အခါ ဒီသုံးရပ်စလုံးက အဂတိလိုက်စားမှုကို ရှောင်ဖို့လိုပါတယ်။ နိုင်ငံတော်အစိုးရက အဂတိလိုက်စားမှုကို ရှောင်ဖို့လိုသလို လုပ်ငန်းရှင်တွေနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေကလည်း အဂတိလိုက်စားမှုကို ရှောင်ဖို့လိုပါတယ်။ အဲဒီသုံးပွင့်ဆိုင် အလယ်ဗဟိုကတော့ တစ်ဦးချင်းပေါ့။ တကယ်တမ်း ရင်ဆိုင်ဖို့ဆိုရင် တစ်ဦးချင်းတစ်ယောက်ချင်း တာဝန်ကျေမှုရမယ်။ လွယ်လွယ်လေးပါ၊ မပေးဖို့၊ မယူဖို့ပဲ။ ခက်တာကလွယ်ပေမယ့် အင်မတန်ခက်တာ၊ မပေးရင်လည်း မနေတတ်တော့ဘူး၊ မယူရင်လည်း အကျင့်ပါနေတယ်။ ကျွန်တော်တို့အနေနဲ့ Mindset (စိတ်နေစိတ်ထား)တွေကို ပြောင်းလဲရမယ်။ ကျွန်တော်စိတ်မကောင်းတာက အဂတိလိုက်စားမှုက ယဉ်ကျေးမှုတစ်ရပ်ဖြစ်နေတယ်။ ကန်တော့ရတယ်၊ လက်ဆောင်ပေးရတယ်၊ ဒါတွေကို ဖြတ်မှရမယ်၊ ကိုယ့်ယဉ်ကျေးမှုအရ ကန်တော့တာကတစ်ပိုင်း၊ သို့သော်လည်း ကန်တော့တဲ့ နောက်ကွယ်မှာ နှောင်ကြိုးတွေမပါဖို့ အဓိကဖြစ်တယ်။ အဂတိလိုက်စားမှုက တစ်ဦးချင်း တစ်ယောက်ချင်းရဲ့ စိတ်ပေါ်မှာမူတည်တယ်။ တစ်ဦးချင်း တစ်ယောက်ချင်းက ဖြေရှင်းမှုရမယ်လို့ တိုက်တွန်းချင်ပါတယ်။ ငွေကြေးဘယ်လောက်အတိုင်းအတာမှာ အဂတိလိုက်စားမှုလို့ သတ်မှတ်တယ်ဆိုတာမရှိဘူး။ တစ်ကျပ်ယူလည်း အဂတိလိုက်စားတာ၊ တစ်သန်းယူလည်း အဂတိလိုက်စားတာ ဖြစ်ပါတယ်၊ တစ်ကျပ်ယူတာ အသေးအဖွဲ့ပါဆိုပြီး

**စာမျက်နှာ ၉ သို့ »»**

# ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာကိစ္စ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၂**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်သည် Yunnan One Belt One Road Information Service Center မှ Secretary General Mr. Deng Yu-Bin နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု (One Belt One Road–OBOR) အကောင်အထည်ဖော်တည်ဆောက်ရာတွင် မြန်မာနိုင်ငံမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ခံထားရှိသွားရေး၊ OBOR အောက်တွင် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရန် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### ❖ KBZ Bank မှ

ဦးစီးဌာနအသင်းသည် ထိပ်ဆုံးမှအသင်းနှင့် အမှတ်ပြတ်မသွားစေရန် ယခုပွဲတွင် ရှုံးပွဲကြုံတွေ့၍ မရတော့ဘဲ လက်ရှိချန်ပီယံ မြဝတီအသင်းမှာလည်း သစ္စာအားမာန်အသင်းကို အမီလိုက်နိုင်ရန် မဖြစ်မနေ နိုင်ပွဲရယူမည်ဖြစ်ရာ အကြိတ်အနယ် ပွဲကောင်းတစ်ပွဲ ဖြစ်လာနိုင်ပေသည်။

**သတင်း- ရဲရင့်ရှိုင်း**
**ဓာတ်ပုံ- စိုးညွန့်**




### ❂ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ

ယင်းအပြင် သီလဝါ အထူးစီးပွားရေးဇုန်တွင် အထူးစီးပွားရေးဇုန် ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၈၀ ဒသမ ၂၉၀ သန်း ဝင်ရောက်မှုရှိခဲ့သဖြင့် စုစုပေါင်း ခွင့်ပြုပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၂၃၅ ဒသမ ၇၆၃ သန်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အစည်းအဝေး(၁/၂၀၁၈)ကို ဇန်နဝါရီ ၁၅ ရက်က ရန်ကုန်မြို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံးတွင် ကျင်းပခဲ့ပြီး အဆိုပါ အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အတည်ပြု ခွင့်ပြုခဲ့မှုတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်း သုံးခု၊ ပဲခူးတိုင်းဒေသကြီးအတွင်း လုပ်ငန်း နှစ်ခု၊ မွန်ပြည်နယ်အတွင်း လုပ်ငန်း တစ်ခု၊ မန္တလေးတိုင်းဒေသကြီးအတွင်း လုပ်ငန်း သုံးခုရှိခဲ့ပြီး စုစုပေါင်း လုပ်ငန်း ၁၁ ခုကို ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၂၇ ဒသမ ၅၈၁ သန်း၊ ပြည်တွင်းအလုပ်သမားများအတွက် အလုပ်အကိုင် အခွင့်အလမ်း ၅၉၅၈ ခုကို ဖန်တီးပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ခွင့်ပြုလုပ်ငန်း ၁၁ ခုတွင် စက်မှုကဏ္ဍလုပ်ငန်း ရှစ်ခု၊ အခြားဝန်ဆောင်မှုကဏ္ဍ နှစ်ခုနှင့် အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ တစ်ခုတို့ကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သုံးခုကို ခွင့်ပြုပေးခဲ့ပြီး လုပ်ငန်း လေးခုကို အတည်ပြုခဲ့ကြောင်း သိရသည်။ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုပေးခဲ့သည့် လုပ်ငန်း တစ်ခု၊ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုခဲ့သည့် လုပ်ငန်း နှစ်ခု၊ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီက အတည်ပြုပေးခဲ့သည့် လုပ်ငန်း တစ်ခုဖြစ်ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၂၁၈ သန်းအပါအဝင် ကျပ် ၁၁၈၁၆၉ ဒသမ ၇၇၇ သန်း ခွင့်ပြုအတည်ပြုပေးခဲ့ကြောင်း သိရသည်။

ယင်းအပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၈ ဇန်နဝါရီလလယ်အထိ လုပ်ငန်း ၈၉ ခု၊ အမေရိကန်ဒေါ်လာ ၈၆၅ ဒသမ ၃၂၄ သန်း အပါအဝင် ကျပ် ၂၉၈၆၀၇၄ ဒသမ ၀၀၇ သန်း ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၉၇၁ ဒသမ ၇၅၅ သန်းအပါအဝင် ကျပ် ၃၂၇၉၇၈၆ ဒသမ ၅၄၄ သန်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ တရားဝင်ထုတ်ပြန်ထားသော စာရင်းများအရ သိရသည်။

**ဆုနှင်းလှဲ့**



**ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ဓနုဖြူမြို့ရှိ DENKO စက်သုံးဆီအရောင်းဆိုင်ဝင်းအတွင်း ဝန်ထမ်းများအား မီးဘေးကာကွယ်ရေး အကြိုဟောပြောခြင်း၊ မီးသတ်ဆေးဘူး အသုံးပြုပုံနှင့် လက်တွေ့မီးငြိမ်းသတ်မှုတို့ကို ဟောပြောပြသပေးစဉ်။** သပြေထွန်း

## အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီ ၈ မိနစ် အချိန်တွင် ဖြူးမြို့၏ အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာ၌ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ကြေးမုံ**

# ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဒီရေတောများ ပြန်လည်စိုက်ပျိုးမည့်အစီအစဉ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၂**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် Worldview International Foundation မှ Secretary General Dr. Arne Fjortoft နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် နော်ဝေနိုင်ငံ စိုက်ပျိုးရေးနှင့် အစားအစာရေးရာ ဝန်ကြီးဌာနတို့အကြား ချုပ်ဆိုထားသည့် နားလည်မှုစာချွန်လွှာအရ မျိုးသုဉ်းပျောက်ကွယ်နိုင်ခြေရှိသည့် သစ်ခွမျိုးရိုးဗီဇများကို နော်ဝေနိုင်ငံ Svalbard ကမ္ဘာ့သစ်စေ့ဘဏ်၌ သိုလှောင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ နော်ဝေနိုင်ငံ အထောက်အပံ့ဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဒီရေတောများ ပြန်လည်စိုက်ပျိုးမည့် အစီအစဉ်များနှင့် အဆိုပါ ဒီရေတောများကို Reducing Emission from Deforestation and Forest Degradation (REDD+)လုပ်ငန်းစဉ်နှင့် ချိတ်ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



### ■ ကနီမြို့နယ်မှ

မြစ်ထဲဖြတ်စီးပြီး မြေသားမငြိမ်တာတွေများ ဖြစ်သလားပေါ့၊ ဒါက စဉ်းစားရမယ့် တစ်ချက်ပေါ့၊ နောက်တစ်ချက်က ဟိုတစ်ခါလျှင်လှုပ်တုန်းကစပြီး ပပ်ကြားအက်သွားတာဆိုတော့ ဒီအတိုင်းထိုင်ကြည့်နေမယ်ဆိုရင် အက်တာ မသိသာပေမယ့် တစ်နှစ်ကျော်အကြာသွားကြည့်တော့ ထင်တောင်မထင်ရဘူး၊ ရင်ခေါင်းလောက်ကိုနိမ့်သွားတာတွေ့ရတယ်”ဟု ဦးထွန်းထွန်းဝင်းက ဖြည့်စွက်ပြောကြားသည်။

မြေအက်ကြောင်းစတင်ဖြစ်ပေါ်ချိန်မှ လက်ရှိကာလအထိ လူနေအိမ်နှစ်လုံးနှင့် နွားစာတိုက်သုံးလုံး ပြောင်းရွှေ့ထားရပြီး မြေနိမ့်ကျသည့်နေရာတွင် နေအိမ်သုံးလုံးကျန်ရှိကြောင်း ၎င်းက ဆိုသည်။

“ကမ်းထိန်းနံရံလုပ်ဖို့ တင်ဒါခေါ်ထားတယ်လို့ သိရပါတယ်၊ အက်တဲ့နေရာက အိမ်တွေက နေစရာအတွက် အိမ်ဝိုင်းဝယ်နိုင်သူတွေဝယ်သလို မဝယ်နိုင် သူတွေကတော့ နှစ်ထပ်နဲ့မနေရဲလို့ တစ်ထပ်ပြောင်းဆောက်နေသူတွေ ရှိပါတယ်”ဟု ၎င်းက ပြောသည်။

အဆိုပါကျေးရွာအနီး ချင်းတွင်းမြစ်မြေထိန်းနံရံ တည်ဆောက်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ် သိန်း ၁၀၀၀ ချထားပေးပြီး ၂၀၁၈-၂၀၁၉ မှ စတင်လုပ်ငန်းအကောင်အထည်ဖော်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

“ကမ်းပြိုကာကွယ်ရေးကို တိုင်းဒေသကြီး ရေမြစ်ဖြိုးက လုပ်ဖို့ရှိပါတယ်၊ လုပ်မယ်ဆိုပေမယ့် အခုတော့ ဘယ်ကုမ္ပဏီကလုပ်မယ်ဆိုတဲ့ဟာ တင်ဒါအဆုံးအဖြတ်က မသိရသေးဘူး၊ သိရပြီဆိုရင်တော့ တိုင်းကတင်ဒါအောင်ကုမ္ပဏီနဲ့ ကြီးကြပ်အကောင်အထည်ဖော်ရမှာပါ၊ လောလောဆယ် မြေကတော့ ထပ်မနိမ့်ပါဘူး၊ ဟိုတုန်းကတော့နိမ့်ခဲ့တယ်လို့ ပြောပါတယ်၊ အခုကတော့ အရင်အခြေအနေအတိုင်းပါပဲ”ဟု ကနီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်းက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းခွင်မွမ်းမံသင်တန်းဖွင့်

**ရမည်းသင်း ဇန်နဝါရီ ၂၂**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်လျှပ်စစ်မန်နေဂျာရုံး၏ ကြီးကြပ်မှုဖြင့် ရမည်းသင်းခရိုင်အတွင်း ရမည်းသင်းမြို့၊ ပျော်ဘွယ်မြို့၊ ရန်အောင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးများမှ စီမံခန့်ခွဲရေးဝန်ထမ်းများနှင့် လုပ်ငန်းခွင် မွမ်းမံသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီတွင် ရမည်းသင်းခရိုင် လျှပ်စစ်မန်နေဂျာရုံးခန်းမ၌ ကျင်းပရာ ခရိုင်လျှပ်စစ်မန်နေဂျာ ဦးအေးမင်းဝင်းက အဖွင့် အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



သင်တန်းသို့ စီမံရေးရာဝန်ထမ်းများနှင့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ထမ်း ၁၈ ဦးတက်ရောက်၍ သင်တန်းကာလ ရက်သတ္တတစ်ပတ် သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းကို စီမံခန့်ခွဲမှုဆိုင်ရာ သင်ခန်းစာများ ကျွမ်းကျင်စွာ ဆောင်ရွက်တတ်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးဆက်လက်ရွာမည်။

# ရခိုင်ပြည်နယ်သတင်း

## မြောက်ဦးဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့က ဩဝါဒါစရိယ ဆရာတော်များထံ ရှင်းလင်းလျှောက်ထား

**စစ်တွေ ဇန်နဝါရီ ၂၂**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ အလယ်ဈေးရပ်ကွက်ရှိ နန်းတော်ရာကုန်း၌ ရခိုင်ဘုရင့် နိုင်ငံတော်အချုပ်အခြာ အာဏာ ကျဆုံးသည့် (၂၃၃) နှစ်မြောက် အထိမ်းအမှတ် စာပေဟောပြောပွဲပြုလုပ်ရန် ကိစ္စနှင့်ပတ်သက်၍ တားမြစ်မှုအပေါ် မကျေနပ်သဖြင့် ဇန်နဝါရီ ၁၆ ရက် ညပိုင်းတွင် လူစုလူဝေးဖြစ်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များနှင့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ယနေ့ နံနက် ၈ နာရီတွင် စစ်တွေမြို့ ဓမ္မသုခကျောင်းတိုက်၌ ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ရှင်းလင်းလျှောက်ထားခဲ့သည်။ **(ယာပုံ)**

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ဆရာတော်များထံ ရှင်းလင်း လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ သဒ္ဓမ္မဂရု (ပုသိမ်) ကျောင်းတိုက် ပဓာနနာယက ဆရာတော်၊ မဏိ ရတနာကျောင်းတိုက် ပဓာနနာယကဆရာတော်၊ ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ စစ်တွေမြို့ ဓမ္မသုခကျောင်းတိုက် ပဓာနနာယကဆရာတော်၊ ကြွေဖြူကျောင်းတိုက် ဆရာတော် စည်းကမ်းထိန်းသိမ်းရေးနှင့် ကူညီစောင့်ရှောက်ရေး ရဟန်းတော်များ အသင်းနာယက၊ စစ်တွေမြို့ အမ္ဗာရာမ ကျောင်းတိုက် ဆရာတော်တို့က ဩဝါဒကထာ ချီးမြှင့်ခဲ့ ကြကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



## ရသေ့တောင်၊ မြောက်ဦးဖြစ်စဉ်တွင် အဓိကသက်ဆိုင်သူများအား ဥပဒေအရ ဆောင်ရွက်သွားမည်ဟု ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ပြောကြား



**စစ်တွေ ဇန်နဝါရီ ၂၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ များ၊ သတင်းမီဒီယာများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နှင့် မြောက်ဦးမြို့ဖြစ်စဉ်များနှင့် ပတ်သက်၍ ဆွေးနွေးသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရသေ့တောင်၊ မြောက်ဦးဖြစ်စဉ်များတွင် အဓိကသက်ဆိုင်သူများအား ဥပဒေအရ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြောက်ဦးဖြစ်စဉ်နှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်းက သွားနှင့်ခံတွင်း ဝေဒနာရှင်များအား အခမဲ့ကုသပေး

**စစ်တွေ ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံ သွားဆရာဝန်များအသင်းက ယနေ့ နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ ရခိုင်ပြည်နယ် စစ်တွေမြို့ ရွှေဂရုဏာခန်းမ၌ စစ်တွေမြို့နယ်မှ သွားနှင့် ခံတွင်းဝေဒနာရှင် ရဟန်းရှင်လူ ပြည်သူများကို အခမဲ့ကုသပေးလျက်ရှိသည်။

အဆိုပါကုသမှုကို မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်များအသင်း ပါမောက္ခ ဒေါက်တာစောထွန်းအောင်နှင့် ဒေါက်တာမျိုးမြတို့က ဦးဆောင်ကာ ဆရာဝန် ၂၀ နှင့် စစ်တွေမြို့မှ ဆရာဝန် သုံးဦးတို့က ကုသပေးလျက်ရှိသည်။

"စစ်တွေမြို့နယ်နဲ့ အခြားမြို့နယ်က သွားဝေဒနာရှင်တွေ၊ ရဟန်းရှင်လူ ပြည်သူတွေ၊ အဓိကငွေကြေးမတတ်နိုင်တဲ့ ပြည်သူတွေ သွားဝေဒနာပပျောက် နိုင်ဖို့နဲ့ ကာကွယ်ဖို့ဆိုပြီး ရည်ရွယ်ပြုလုပ်တာဖြစ်တယ်"ဟု ရွှေဂရုဏာ ဖောင်ဒေးရှင်း ဘဏ္ဍာရေးမှူး ဦးမောင်စံရွှေက ပြောသည်။

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်များအသင်းနှင့် ရွှေဂရုဏာ ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ သွားနှင့်ခံတွင်း ဝေဒနာရှင်များအား ကုသပေးသည် မှာ တတိယအကြိမ်မြောက်ဖြစ်ပြီး ယခုကုသမှုခံယူရန် အမြို့မြို့အနယ်နယ်မှ သွားနှင့်ခံတွင်း ဝေဒနာရှင် ၁၅၀ ခန့် လာရောက်စာရင်းသွင်းထားကြောင်း သိရသည်။

"အခုလိုလာရောက်ကုသပေးတော့ အလွန်ပျော်တာပေါ့၊ ငွေကြေးအခမဲ့ ကုသပေးတော့ အခေါ်တို့လို ဆင်းရဲသားတွေအတွက် သက်သာတာပေါ့၊ အလွန်လည်းပျော်မိပါတယ်"ဟု သွားရောဂါဝေဒနာအား လာရောက်ကုသမှု ခံယူသူ စစ်တွေမြို့ အုန်းတပင်ရပ်ကွက်မှ ဒေါ်မခင်သန်းက ဆိုသည်။

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်များအသင်းသည် ရခိုင်ပြည်နယ် အတွင်းမှ သွားနှင့်ခံတွင်း ဝေဒနာရှင်များအတွက် ယခုလ ၂၃ ရက်တွင် ရသေ့ တောင်မြို့နယ် ဦးဂါကျေးရွာ၊ ၂၄ ရက်တွင် ပေါက်တောမြို့၊ ၂၅ ရက်တွင် ပုဏ္ဏားကျွန်းမြို့၊ ၂၆ ရက်တွင် ကျောက်တော်မြို့နှင့် ၂၇ ရက်တွင် မြေပုံမြို့ တို့တွင် အခမဲ့ကုသသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**



## ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၂၂**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့ သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ ရွှေရင်အေး(တိုင်းရင်းသား)ကျေးရွာ၊ ခရေမြိုင် (တိုင်းရင်းသား)ကျေးရွာနှင့် ဝေသာလီ(တိုင်းရင်းသား)ကျေးရွာတို့တွင် နွား နှစ်ကောင်၊ ဆိတ် တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ကြိမ်ချောင်း (ရောနှော)ကျေးရွာ၊ ရန်အောင်မြေ (တိုင်းရင်းသား)ကျေးရွာနှင့် တမန်းသား (တိုင်းရင်းသား)ကျေးရွာတို့တွင် နွား တစ်ကောင်၊ ဆိတ် နှစ်ကောင်၊ ငါးခူရ စခန်းပတ်ဝန်းကျင်ရှိ မြို့သစ်(တိုင်းရင်းသား) ကျေးရွာ၊ ငါးခူရ(ရောနှော) ကျေးရွာနှင့် ခြံပြင်(တိုင်းရင်းသား) ကျေးရွာတို့တွင် နွား နှစ်ကောင်၊ ဆိတ် တစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်း သုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွား ငါးကောင်နှင့် ဆိတ် လေးကောင်တို့အား ကာကွယ်ကုသ ဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၉၄ ကောင်နှင့် ဆိတ် ၇၆၂ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ယာဉ်၏ ကြမ်းခင်းအောက်တွင် အံဝှက်ပြုလုပ် သယ်ဆောင်လာသည့် ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

တရားမဝင် ကုန်စည်များ တားဆီး ထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူ အမြဲတမ်းစစ်ဆေးရေး စခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်း အဖွဲ့များက ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၁ ရက်က Toyota Aeras ယာဉ်၏ကြမ်းခင်းအောက်တွင် အံဝှက်ပြုလုပ် သယ်ဆောင်လာသည့် ကျောက်စိမ်းတုံးဟု ယူဆရသော ကျောက်တုံးများ သယ်ဆောင်လာမှုအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့များက သိမ်းဆည်းမိခဲ့ကြောင်း အကောက်ခွန် ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့များက မန္တလေးနှင့် မူဆယ်မြို့သို့ သွားရောက်မည့် ယာဉ်များကို စစ်ဆေးမှုများ ဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် Toyota Aeras ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်၏ကြမ်းခင်းအောက်တွင် အံဝှက်ပြုလုပ် သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအရွယ်စုံ ၄၆၈ တုံး(၅၃၆ ကီလိုဂရမ်)နှင့် ပစ္စည်း သယ်ဆောင်သည့် ယာဉ်တစ်စီး အပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀ ဒသမ ၃၀၀ သန်းခန့်အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။



အဆိုပါ စစ်ဆေးရေး စခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၉၅ စီး၊ သွင်းကုန် ၁၁၅၀ ကုန်စည်များ သယ်ယူပို့ဆောင်ခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**၀၀၁**



# မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်ခြောက်လုံး မီးလောင်

**ရေး ဇန်နဝါရီ ၂၂**

မွန်ပြည်နယ် ရေးမြို့နယ် ကော့လှိုင်ကျေးရွာတွင် ဦးရွှေကဲ၏ နေအိမ်မှ မီးကြွင်းမီးကျန်မှုတစ်ဆင့် ယနေ့ နံနက်ပိုင်းက မီးလောင်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်ယာဉ် လေးစီး၊ နယ်မြေခံတပ်ရင်းမှ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် မီးသတ်တပ်ဖွဲ့ဝင် ၄၀ တို့က ငြိမ်းသတ်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ်ခြောက်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# မီးအားမြှင့်စက် အပူလွန်ကဲရာမှ နေအိမ်မီးလောင်

**သထုံ ဇန်နဝါရီ ၂၂**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားကျေးရွာ အလယ်ရွာ၌ ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက အိမ်သုံး မီးအားမြှင့်စက် အပူလွန်ကဲရာမှ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

"မီးအားမြှင့်စက်ဘေးမှာ မီးလောင်လွယ်တဲ့ပစ္စည်းတွေ စုပုံပြီးထားတော့ အဲ့ဒါတွေက မီးလောင်ပြီး အိမ်ကို မီးကူးတာပါ"ဟု သထုံခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်းက ပြောသည်။

ဖြစ်စဉ်မှာ နောင်ကုလားအလယ်ရွာ သဇင်လမ်းရှိ ဦးကျော်ရွှေ(၅၇)နှစ်၏ နေအိမ်တွင် အိမ်သုံးမီးအားမြှင့်စက် အပူလွန်ကဲပြီး ဘေးရှိ အိပ်ရာအား မီးလောင်ရာမှ နေအိမ်သို့ မီးကူးစက်ဖြစ်ပွားခဲ့ကြောင်း မီးလောင်မှုကို ဝန်းကျင်နေပြည်သူများက ကနဦးဝိုင်းဝန်းငြိမ်းသတ်ပြီး သထုံခရိုင်မီးသတ်ဦးစီးဌာနက မီးငြိမ်းသတ်ယာဉ် သုံးစီးနှင့် ကျေးရွာပိုင် မီးသတ်ယာဉ်တစ်စီးတို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့၍ မီးငြိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိဘဲ သိပ်မိုး၊ ပျဉ်ကာ၊ အုတ်ခံ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ဦးကျော်ရွှေအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**



# တောဝက်အပက်ခံရ၍ အမျိုးသားတစ်ဦး ဒဏ်ရာရ

**မိုးကောင်း ဇန်နဝါရီ ၂၂**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် ဇန်နဝါရီ ၂၁ ရက် ညနေပိုင်းက ယာခင်းတွင် စိုက်ပျိုးထားသည့် ပိန်းဥတူးရန်သွားစဉ် တောဝက်အပက်ခံရ၍ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့ နတ်ကြီးကုန်း ရပ်ကွက်အုပ်စု ရှမ်းပိုင်းရပ်နေ ဦးလဂျာ (၆၃)နှစ်သည် မိုးကောင်းမြို့ ကြာအင်းကျေးရွာ၏ အရှေ့တောင်ဘက် ဝါကျစ်ကွင်း တောင်ယာတွင် ပိန်းဥတူးဖော်နေစဉ် ခွေးများက ဝိုင်းဟောင်သောကြောင့် တောဝက်သည် ၎င်းထံ ပြေးဝင်လာကာ အစွယ်ဖြင့်ပက်ခံရပြီး ခြေသလုံး၊ ပေါင်ကြားတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် မိုးကောင်းဆေးရုံတွင် ဆေးကုသမှု ခံယူနေကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

တန်ဖိုးရှိလှ လူငယ်ဘဝ
မူးယစ်ကင်းစင် ကျန်းမာမှ

# ဒဂုံတောင် စက္ကူစက်ရုံတွင် လူသတ်မှုကျူးလွန်သူ နှစ်ဦး ဖမ်းမိ



**ရန်ကုန် ဇန်နဝါရီ ၂၂**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၆၃)ရပ်ကွက် ရွှေလီလမ်းရှိ စက္ကူစက်ရုံပိုင်ရှင် ဦးချစ်လှမှာ ဇန်နဝါရီ ၂၀ ရက် နံနက် ၈ နာရီခန့်က အိပ်ရာပေါ်၌ သွေးထွက်ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် စုံစမ်းဆောင်ရွက်ခဲ့ရာမှ ပြစ်မှုကျူးလွန်သူ နှစ်ဦးအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ရပ် အသေးစိတ်စစ်ဆေးရာ ဦးချစ်လှမှာ ဒဏ်ရာများဖြင့် သေဆုံးနေသည့်အပြင် သေဆုံးသူ၏ အခန်းအတွင်းမှ ရွှေဆွဲကြိုး တစ်ကုံး၊ လက်ကိုင်ဖုန်း သုံးလုံးနှင့် ငွေကျပ် ၂၂၀၀၀၀ တို့ ပျောက်ဆုံးနေကြောင်းသိရှိရပြီး ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော ဝါးတုတ် နှစ်ချောင်းကို အခင်းဖြစ်ရပ်တွင် တွေ့ရှိသိမ်းဆည်းရရှိခဲ့သည်။

သတင်းများအရ အမှုနှင့် မသက်ာသူ အောင်ကိုမင်း (ခ)နိုင်ဝမ်းနှင့် စိုးသန်း( ခ) ဇော်ထက် တို့နှစ်ဦးအား ဇန်နဝါရီ ၂၀ ရက် ည ၁၁ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ ၎င်းတို့ နေအိမ်အသီးသီးမှ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ နှစ်ဦးအား စစ်ဆေးခဲ့ရာ အောင်ကိုမင်း(ခ)နိုင်ဝမ်းမှာ သေဆုံးသူဦးချစ်လှ၏ စက်ရုံတွင် အလုပ်လုပ်ကိုင်ခဲ့ပြီး လွန်ခဲ့သော တစ်လခန့်က အလုပ်ထုတ်ခံခဲ့ရကြောင်း၊ ၎င်းအား နိုင်ထက်စီးနင်း ဆက်ဆံခြင်း၊ ဆဲဆိုကြိမ်းမောင်းခြင်းများ ပြုလုပ်သည်ကို မကျေနပ်သည့်အပြင် ငွေကြေးလိုအပ်နေသဖြင့် အစ်ကိုဝမ်းကွဲတော်စပ်သူ စိုးသန်း(ခ)ဇော်ထက်နှင့် တိုင်ပင်ကာ ဇန်နဝါရီ ၂၀ ရက် နံနက် ၁ နာရီခန့်က စက္ကူစက်ရုံသို့ သွားရောက်ခဲ့ပြီး ဦးချစ်လှအား အသင့်ယူဆောင်လာသော တုတ်များဖြင့် ရိုက်နှက်ကာ ရွှေ၊ ငွေနှင့် ဖုန်းများကို ယူဆောင်လာခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများ၏ ဖော်ထုတ်ချက်အရ သက်သေခံ ရွှေဆွဲကြိုးတစ်ကုံး၊ လက်ကိုင်ဖုန်း သုံးလုံးနှင့် ငွေကျပ် ၆၀၂၀၀ တို့ကို ပြန်လည်သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူ နှစ်ဦးအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရီးယဲလ်ဘတ်တစ်ကို ငါးဂိုးပြတ်နိုင်ပြီး ဘာစီလိုနာ ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင် ရီးယဲလ်မက်ဒရစ်အသင်းမှာ ဘာစီလိုနာကို လိုက်မီရန် ၁၉ မှတ်အထိ လိုအပ်နေ

ဘာစီလိုနာအသင်းသည် တိုက်စစ်မှူး မက်ဆီ၊ ဆွာရက်ဇ်နှင့် ရာကီတစ်တို့၏ သွင်းဂိုးများဖြင့် ရီယဲလ်ဘတ်တစ်အသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် လာလီဂါအမှတ်ပေးဇယားတွင် ထိပ်ဆုံး၌ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ဧည့်သည်အသင်းအဖြစ် လာရောက်ကစားရသည့် ဘာစီလိုနာအသင်းသည် ပထမပိုင်းပွဲကစားချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ရာကီတစ်က တစ်ဂိုး၊ မက်ဆီက နှစ်ဂိုး၊ ဆွာရက်ဇ်က နှစ်ဂိုး စသည်ဖြင့် ဘာစီလိုနာအသင်းက ရီးယဲလ်ဘတ်တစ်အသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဘာစီလိုနာအသင်းသည် ရီးယဲလ်ဘတ်တစ်အသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် လာလီဂါအမှတ်ပေးဇယားတွင် ဒုတိယနေရာက အက်သလက်တီကို မက်ဒရစ်အသင်းကို ၁၁ မှတ်အထိ ဖြတ်ထားနိုင်ခဲ့သည်။

ရီးယဲလ်ဘတ်တစ်အသင်းနှင့် ပွဲစဉ်တွင် ခြေစွမ်းပြဂိုးများသွင်းယူခဲ့သည့် တိုက်စစ်မှူး မက်ဆီသည် လက်ရှိ လာလီဂါပြိုင်ပွဲတွင် သွင်းဂိုး ၁၉ ဂိုးဖြင့် ဂိုးအများဆုံးသွင်းယူထားသူဖြစ်ပြီး တိုက်စစ်မှူး ဆွာရက်ဇ်သည်လည်း ရီးယဲလ်ဘတ်တစ်အသင်းနှင့်ပွဲတွင် နှစ်ဂိုး သွင်းယူနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းနှင့်အတူ ပွဲပေါင်း ၁၁၄ ပွဲ ပါဝင်ကစားခဲ့ရာတွင် လာလီဂါသွင်းဂိုး ၁၀၀ ရှိသွားခဲ့ပြီဖြစ်သည်။

လာလီဂါတွင် အမြဲတမ်းပြိုင်ဘက် အသင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းမှာမူ ဒီပို့တီဗိုအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း အမှတ်ပေးဇယားတွင် အဆင့်(၄)နေရာ၌ ရပ်တည်နေဆဲဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ဒီပို့တီဗိုအသင်းနှင့် ပွဲစဉ်တွင် နာချိုက နှစ်ဂိုး၊ ဘေးလ်က နှစ်ဂိုး၊ စီရိုနယ်လ်ဒိုက နှစ်ဂိုးနှင့် မိုဒရစ်က တစ်ဂိုး သွင်းယူပေးခဲ့ကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဘာစီလိုနာအသင်းသည် အဆင့် (၃)နေရာမှ ဗလင်စီယာအသင်းကို ၁၄ မှတ် ဖြတ်ထားပြီး အဆင့်(၄)နေရာမှ ရီးယဲလ်မက်ဒရစ်အသင်းကို ၁၉ မှတ်အထိ ဖြတ်ထားနိုင်ခဲ့ကြောင်း သိရသည်။



# ရာဖေးလ်နာဒယ် ဩစတြေးလျအိုးပင်း ကွာတားဖိုင်နယ်တက် ကွာတားဖိုင်နယ်တွင် မာရင်စီလစ်နှင့် ယှဉ်ပြိုင်ကစားရမည်

စပိန်ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် အာဂျင်တီးနားတင်းနစ်ကစားသမား ဒီယေဂိုရှဝက်ဇ်မန်းကို အနိုင်ရရှိကာ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ရာဖေးလ်နာဒယ်သည် ဒီယေဂိုရှဝက်ဇ်မန်းကို ကစားချိန် သုံးနာရီနှင့် ၅၁ မိနစ်ကြာ အကြိတ်အနယ်ကစားကာ ၆-၃၊ ၆-၇(၄-၇)၊ ၆-၃၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ကွာတားဖိုင်နယ်အဆင့်တွင် ခရိုအေးရှားတင်းနစ်ကစားသမား မာရင်စီလစ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



မာရင်စီလစ်သည် စပိန်တင်းနစ်ကစားသမား ကာရီနိုဘတ်စတာကို ၆-၇(၇-၂)၊ ၆-၃၊ ၇-၆(၇-၀)၊ ၇-၆(၇-၃)ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ရာဖေးလ်နာဒယ်သည် ဩစတြေးလျအိုးပင်း၊ ပြင်သစ်အိုးပင်း၊ အမေရိကန်အိုးပင်း၊ ဝင်ဘယ်ဒန်ပြိုင်ပွဲ စသည့် တင်းနစ်လောကတွင် နာမည်ကြီးပြိုင်ပွဲလေးရပ်စလုံးတွင် ချန်ပီယံ ၁၆ ကြိမ်အထိ ဖြစ်ထားခဲ့သူဖြစ်သည်။

သို့ရာတွင် ဩစတြေးလျအိုးပင်းပြိုင်ပွဲ၌ ၂၀၀၉ ခုနှစ်က တစ်ကြိမ်သာ ချန်ပီယံဖြစ်ခဲ့ပြီး ပြင်သစ်အိုးပင်းတွင် ၁၀ ကြိမ်၊ ဝင်ဘယ်ဒန်ပြိုင်ပွဲတွင် နှစ်ကြိမ်၊ အမေရိကန်အိုးပင်းပြိုင်ပွဲတွင် သုံးကြိမ်စသည်ဖြင့် တစ်ဦးချင်းချန်ပီယံဆုများကို ဆွတ်ခူးထားနိုင်ခဲ့သည်။ ရာဖေးလ်နာဒယ်သည် လက်ရှိတွင်လည်း ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် ချန်ပီယံဆုရရှိရန် မျှော်လင့်လျက်ရှိနေကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်



# စီရိုနယ်လ်ဒိုရဲ့သွင်းဂိုးထက် ပရိသတ်တွေ ပိုစိတ်ဝင်စားခဲ့ကြသည့် ဒဏ်ရာကြည့်ရှုနည်း

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ဒီပို့တီဗိုနဲ့ ပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုး သွင်းယူပြီး သူ့ရဲ့ လာလီဂါ ဂိုးပေါက်ပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့ပါတယ်။ အစောပိုင်းမှာ ဂိုးပေါက်ပျောက်ဆုံးမှုပြဿနာကြောင့် ဝေဖန်ခံနေရတဲ့ စီရိုနယ်လ်ဒို ဒီလို ဂိုးသွင်းနိုင်မှုထက် ပရိသတ်တွေ ပိုမိုစိတ်ဝင်စားခဲ့တဲ့ဖြစ်ရပ်လည်း ရှိခဲ့ပါတယ်။ စီရိုနယ်လ်ဒိုဟာ ဒီပွဲမှာ အစောပိုင်းမှာ ဂိုးသွင်းခွင့် မြောက်မြားစွာကို ဖြုန်းတီးခဲ့ပေမယ့် မိနစ် ၂၀ အတွင်း ဂိုးဆာလောင်နေမှုကို သူ့ရဲ့ အံ့ဖွယ်ခြေစွမ်းနဲ့အတူ သက်သေပြသွားပါတယ်။ ဒါတောင် ဟက်ထရစ်ဂိုး ရနိုင်မယ့် ဂိုးတစ်ဂိုး သွင်းခဲ့ပေမယ့် သူ့ရဲ့အနေအထားက မဆိုသလောက် လူကျံ့နေခဲ့တာကြောင့် သူပြန်လာပြီဆိုတာကို ပရိသတ်တွေထင်သလောက်တော့ သတိမထားမိခဲ့ပါဘူး။

စီရိုနယ်လ်ဒိုဟာ ရီးယဲလ်အတွက် ဆဋ္ဌမမြောက်ဂိုးကို သွင်းယူချိန်မှာ လူးကပ်စ်ရဲ့ ဖြတ်တင်ပေးပို့မှုကို စွန့်စွန့်စားစား ဒိုင်ဗင်ပစ်ပြီး သွင်းယူခဲ့တာကြောင့် ဦးခေါင်းပေါ်က သွေးတွေစီးကျလာခဲ့ပါတယ်။ ဂိုးသွင်းပြီး ကွင်းထဲမှာလဲကျနေတဲ့ စီရိုနယ်လ်ဒိုဆီကို ဆေးအဖွဲ့ဝင်တွေက ပြေးဝင်လာပြီး ချက်ချင်းဆိုသလို ကုသပေးခဲ့ကြချိန်မှာ စီရိုနယ်လ်ဒိုက ဆရာဝန်ရဲ့ ဖုန်းကိုတောင်းပြီး ဆဲလ်ဖီအနေအထားနဲ့ သူ့ဒဏ်ရာကို ပြန်ကြည့်ခဲ့တာဖြစ်ပါတယ်။ ပရိသတ်တွေက စီရိုနယ်လ်ဒိုအနေနဲ့ သူ့ရဲ့ လာလီဂါ ၂၉၀ နဲ့ ၂၉၁ ဂိုးမြောက် သွင်းယူနိုင်မှုကို စိတ်ဝင်စားဖို့ထက် ဒီလိုဖုန်းကတစ်ဆင့် သူ့ဒဏ်ရာကို ကြည့်ရှုတာကိုပဲ တွစ်တာလို လူမှုကွန်ရက်တွေမှာ တခမ်းတနားလုပ်ပြီး ရေးသားနေကြပါတယ်။ ပရိသတ်တွေ ရေးသားကြတဲ့ မှတ်ချက်တွေထဲမှာ “ဒါက စီရိုနယ်လ်ဒိုရဲ့ စံပြတစ်ခုပဲလေ” “ရီးယဲလ်ဆေးအဖွဲ့က စီရိုနယ်လ်ဒိုရဲ့ ဆဲလ်ဖီပွဲအတွက် ကြောက်ရွံ့ရှိသေကြရတာပေါ့” စသဖြင့် အစုံပါပဲ။

# ဇက်ကိုအား ချယ်လ်ဆီးခေါ်ယူရန် နီးစပ်နေချိန်တွင် အသင်းအတွက် တိုက်စစ်မှူးသစ် မလိုအပ်ဟု ဟာဇက် ပြောကြား



ပရီမီယာလိဂ် လက်ရှိချန်ပီယံ ချယ်လ်ဆီးအနေဖြင့် တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် တိုက်စစ်မှူးတစ်ဦးကို ယခုဇန်နဝါရီဈေးကွက်အတွင်းမှာပင် ခေါ်ယူရန်ကြိုးပမ်းပြီး ရိုးမားတိုက်စစ်မှူး ဇက်ကိုကို ခေါ်ယူရန် အနီးစပ်ဆုံးအခြေအနေတစ်ရပ်ကို ရောက်ရှိနေပြီဖြစ်သည်။

ချယ်လ်ဆီးအနေဖြင့် ဇက်ကို၊ ကာရိုးနှင့် ပီတာခရော့ချ်တို့ထဲမှ တစ်ဦးကို ခေါ်ယူရန်ကြိုးပမ်းနေပြီး ဇက်ကိုကို ခေါ်ယူနိုင်ရန် အနီးစပ်ဆုံးအခြေအနေတစ်ရပ်ကို ရောက်ရှိခဲ့ပြီဟု the Sun သတင်းဌာနက ဖော်ပြသည်။ ထိုအချိန်တွင် ချယ်လ်ဆီးစူပါစတား ဟာဇက်က ကလပ်အသင်းအနေဖြင့် လက်ရှိတိုက်စစ်အင်အား မိုရာတာနှင့် ဘတ်ရှူအာရီတို့ နှစ်ဦးအင်အားဖြင့်ပင် လုံလောက်ပြီး အသင်းမှ ဆက်သွယ်နေသည့် တိုက်စစ်သမား များမှာလည်း ချယ်လ်ဆီးနှင့် အံဝင်ခွင်ကျဖြစ်နိုင်မည်မဟုတ်ဟု ယူဆနေခြင်း ဖြစ်သည်။

ဟာဇက်က “ကျွန်တော်တို့ အသင်းမှာရှိတဲ့ လက်ရှိအင်အားနဲ့ပဲ လုံလောက်ပါတယ်။ ဒါက ဘယ်သူက ကစားချင်စိတ်ပြင်းထန်သလဲဆိုတဲ့အပေါ်မှာပဲ မူတည်ပါတယ်။ ကျွန်တော်တို့ဆီမှာ မိုရာတာ၊ ဘတ်ရှူအာရီတို့လို တိုက်စစ်မှူးကောင်း နှစ်ဦးရှိပါတယ်။ သူတို့အနေနဲ့ ကစားဖို့ အသင့်မရှိဘူးဆိုရင် ကျွန်တော်ကစားပေးနိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဂိုးသွင်းခွင့်တွေ ဆုံးရှုံးမယ်ဆိုရင် လူတွေက အခြားတိုက်စစ်မှူး တစ်ဦးထပ်လိုနေပြီလို့ ပြောနေပါမယ်။ ဒါပေမယ့် ကျွန်တော်တို့ ဂိုးတွေသွင်းနိုင်မယ်ဆိုရင် လူတွေက လိဂ်မှာ အကောင်းဆုံးတိုက်စစ် ရှိနေတယ်လို့ ပြောပါမယ်” ဟု မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။

သို့သော် ချယ်လ်ဆီးသည် ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုး ၄၅ ဂိုးသာ ရရှိထားပြီး ပရီမီယာလိဂ်ထိပ်ဆုံးခြောက်သင်းတွင် အခြားအသင်းများထက် သွင်းဂိုးပမာဏ လျော့နည်းနေသည်။ ဟာဇက်မှာ ဘရိုက်တန်ကို အနိုင်ရရှိသည့်ပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး နာမည်ကျော်ကစားသမားများ ရောက်ရှိလာမည်ဆိုပါက အသင်း၏ကစားဟန်အပေါ် သက်ရောက်မှုရှိမည်ဖြစ်ကြောင်း ဖွင့်ဟခဲ့သည်။

မေလှဲ့သင်း - ရေးသားသည်

# အထူးကျေးဇူးတင်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ မြန်မာ-ထိုင်း ချစ်ကြည်ရေး မြန်မာအလှူရှင်များနှင့် ထိုင်းနိုင်ငံ ဓမ္မကာယဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပပြုလုပ်သော သံဃာတော်အပါး(၂၀၀၀၀) ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ၂၁-၁-၂၀၁၈ ရက် (တနင်္ဂနွေနေ့)တွင် အောင်မြင်ခမ်းနားစည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအခမ်းအနားအတွက် အဘက်ဘက်မှ စိတ်ရောကိုယ်ပါ အားတက်သရော ဝိုင်းဝန်းကူညီဆောင်ရွက်ပြီး အလှူငွေ/ပစ္စည်းများ ပါဝင်လှူဒါန်းပေးခဲ့သော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများအားလုံးကိုလည်းကောင်း၊ အခမ်းအနားကျင်းပရေးကော်မတီဝင်များအားလုံးကိုလည်းကောင်း၊ အလှူရှင်များအားလုံးကိုလည်းကောင်း၊ ပရဟိတနှင့် လူမှုရေးအသင်းအဖွဲ့များအားလုံးကိုလည်းကောင်း၊ မန္တလေးမြို့တော်သူ မြို့တော်သားများအားလုံးကိုလည်းကောင်း၊ အနယ်နယ်အရပ်ရပ်မှ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသော ဧည့်သည်တော်များအားလုံးကိုလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

FORWARD 09259259180~1~2
(၃)ရက်
(၃)ရက်
(၃)ရက်
(၄)ရက်
(၃)ရက်
(၃)ရက်

ကားစီးလုံးငှားသည်။
AC-Express(45,33,25), (14)Seat, Hice (9-7 Seat),
Alphard, Crown, Mark II
Ph: 09-252522200, 09-33345545, 09-5089800

ရွှေပြည်သစ် 09-448004702, 09-781781425
45000
60000
40000
90000
120000
65000
45000

Happiness Trip Travel & Tours
09-767 123 509, 09-767 222 454, 09-767 222 455, 09-767 222 457
(3N4D) Feb 9,16,23 110000Ks
(3N4D) Feb 9,16,23,28 65000Ks
(3N4D) Feb 2,9,16,23 190000Ks
(8N9D) Feb 23,Mar16,23 120000Ks

DADDY
60000
ပုပ္ပါး-ပုဂံ 45000
70000
26-1-2018
09 448001903,09 440334848

မင်္ဂလာပါ 09-426669001, 09-426669002
Jan 26, Feb 2,9, 16,13,28
45000
Hotel-85000
Guest-100000/ Hotel-140000
Guest-100000/ Hotel-140000
Guest-100000/ Hotel-140000
Guest-120000/ Hotel-160000
Guest-100000/ Hotel-140000
90000
Customer 5%Dis (၁၀)ဦးပါလျှင် (၁)ဦး Free-10%Discount

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ (မုန့်/တောင်)ရပ်ကွက်၊ အမှတ်(၁၈/အေ)၊ (၃)လွှာ/ခေါင်းရင်းခန်း၊ အကျယ်အဝန်း(၁၂ ပေ × ၅၀ပေ)ရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်သူ(မြေရှင်) ဦးဝင်းခိုင်[၁၂/စခန(နိုင်)၀၀၀၂၇၀] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုချိုဝင်းက အပြီးအပိုင်ဝယ်ယူရန် ၂၀-၁-၂၀၁၈ရက်တွင် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။ မည်သူမဆို အထက်ပါတိုက်ခန်းနှင့် ပတ်သက်သည်ဆိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နောက်နောင်ဖြစ်ပေါ်လာမည့် ပြဿနာများသည် ကျွန်ုပ်၏မိတ်ဆွေနှင့် မပတ်သက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာမြင့်**
**အထက်တန်းရှေ့နေ(စဉ်-၄၄၂၇၃)**
**အမှတ်(၅၁/မြေညီ)၊ ၄၂လမ်း၊ (၇)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉၅၁၂၀၀၈၆**

တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ လူပုဂ္ဂိုလ်ဆိုင်ရာအမြင့်ဆုံး **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသော "တက်လမ်းကုမ္ပဏီ ဥက္ကဋ္ဌ ဦးရှိန်ဝင်း" အားအထူးဂုဏ်ပြု ဝမ်းမြောက်ပါသည်။

Happy Friday Group
ဗိုလ်ချုပ်ပန်းခြံကန်တော်ကြီး

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခခ) ဤဥပဒေအရအပ်နှင်းထားသော ယင်း၏အခွင့်အရေးများ သို့မဟုတ် အခွင့်အာဏာတစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ခြင်းရှိမရှိ စိစစ်ရန် သို့မဟုတ်

(ဂဂ) ဤဥပဒေအား ချိုးဖောက်သည့် ပြစ်မှုများကို ရှာဖွေဖော်ထုတ်ရန်နှင့်

(၂) အများပြည်သူအကျိုးငှာ ထိုသို့ဆောင်ရွက်ရန်လိုအပ်သည်ဟု မှတ်ပုံတင်အရာရှိက ထင်မြင်လျှင် အောက်ပါတစ်ရပ်ရပ်ကို ဆောင်ရွက်နိုင်သည်-

(ကက) ပုဂ္ဂိုလ်တစ်ဦးဦး၏ လက်ဝယ်တွင်ရှိသော သို့မဟုတ် ကြီးကြပ်မှုအောက်တွင်ရှိသော သက်ဆိုင်သည့် စာရွက်စာတမ်းများကို စစ်ဆေးကြည့်ရှုနိုင်ရန်အတွက် အဆိုပါစာရွက်စာတမ်းများကို တင်ပြစေခြင်း၊

(ခခ) သက်ဆိုင်သည့် စာရွက်စာတမ်းများ၏ မိတ္တူများကို စစ်ဆေးကြည့်ရှုခြင်းနှင့် ရယူခြင်း၊

(ဂဂ) မိတ္တူများရယူရန်အတွက် သက်ဆိုင်သည့် စာရွက်စာတမ်းများကို လက်ဝယ်ရယူခြင်းနှင့် ထိန်းသိမ်းထားသည့်နေရာမှ ၎င်းတို့အားရွှေ့ပြောင်းခြင်း၊ သင့်တော်သည့် အချိန်ကာလအတွင်းသိမ်းဆည်းထားခြင်း၊

(ဃဃ) ပြစ်မှုတစ်ရပ်ကိုကျူးလွန်ကြောင်း သက်သေခံအထောက်အထားများ ရှိသည်ဟုယုံကြည်ရသည့် သင့်လျော်သော အကြောင်းအချက်များ ရှိခဲ့လျှင် သင့်လျော်သည့်အခြေအနေအားလုံးတွင် ကာလတစ်ရပ်အထိ သက်ဆိုင်သည့် စာရွက်စာတမ်းများကို သိမ်းဆည်းထားခြင်း။

(ခ) အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်ခြင်းသည် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်မှုအောက်တွင်ရှိသည့် သတ်မှတ်စီစဉ်ထားသည့် ဘဏ် သို့မဟုတ် အခြားဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ရပ်ရပ်ဖြစ်သည့် ကုမ္ပဏီတစ်ခုနှင့်စပ်လျဉ်း၍ ကျင့်သုံးရခြင်းဖြစ်လျှင် ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာတစ်ရပ်ရပ်ကို ကျင့်သုံးခြင်းမပြုမီ မှတ်ပုံတင်အရာရှိသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းရမည်။

(ဂ) ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာတစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် မည်သူမျှမှတ်ပုံတင်အရာရှိကို သို့မဟုတ် မှတ်ပုံတင်အရာရှိက အခွင့်အာဏာ အပ်နှင်းထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို နှောင့်ယှက်ခြင်း သို့မဟုတ် နှောင့်နှေးစေခြင်း မပြုရ။

(ဃ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်မှုတစ်ရပ်ရပ်ကို ပြုလုပ်ပြီးနောက် မှတ်ပုံတင်အရာရှိက တရားစွဲဆိုဆောင်ရွက်သင့်သည်ဟုယူဆလျှင် မှတ်ပုံတင်အရာရှိသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်ကို ထည့်သွင်းစဉ်းစားပြီး တရားစွဲဆိုရန်ဆုံးဖြတ်ပါက တရားစွဲဆိုဆောင်ရွက်ရမည်။ ဤပုဒ်မခွဲသည် အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ဤဥပဒေအရ မှတ်ပုံတင်အရာရှိအား အပ်နှင်းထားသည့် အခြားသောအခွင့်အရေးများကို ကျင့်သုံးဆောင်ရွက်ခြင်းအား တားမြစ်ကန့်သတ်ခြင်းမရှိစေရ။

၄၂၇။ မည်သူမဆိုသိလျက်ဖြင့်တမင်-

(က) ပုဒ်မ ၄၂၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲငယ်စိတ် (ကက) အရ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခဲ့လျှင် သို့မဟုတ်

(ခ) ပုဒ်မ ၄၂၆၊ ပုဒ်မခွဲ (ဂ) အား ဆန့်ကျင်သည့် ဆောင်ရွက်မှုများကို ပြုလုပ်ခဲ့လျှင် ဒဏ်ကြေးငွေကျပ်သိန်း ၁၀၀ ကို ပြစ်မှုတစ်ရပ်စီအတွက် ပေးဆောင်ရမည်။

**မှတ်ပုံတင်အရာရှိ၏ဆုံးဖြတ်ချက်များအပေါ် အယူခံဝင်ရောက်ခြင်း**

၄၂၈။ (က) ဤဥပဒေအရ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်တစ်ရပ်ကြောင့် နစ်နာသူတစ်ဦးဦးသည် ဆုံးဖြတ်ချက်အား အကြောင်းကြားသည့်နေ့ရက်မှ ၂၈ ရက်အတွင်း ပြည်ထောင်စုဝန်ကြီးထံသို့ အယူခံဝင်ရောက်နိုင်သည်။

(ခ) ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မခွဲ (က) အရ အယူခံမှုကိုစိစစ်ပြီး မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

**အခကြေးငွေများ**

၄၂၉။ (က) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ အခကြေးငွေပေးချေရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးကသတ်မှတ်ဖော်ပြထားသည့် အခြားသောအခကြေးငွေများကို မှတ်ပုံတင်အရာရှိထံသို့ ပေးသွင်းရမည်။

(ခ) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ ပေးသွင်းရသည့်အခကြေးငွေများအားလုံးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ထည့်သွင်းရမည်။

**မှတ်ပုံတင်အရာရှိထံသို့ စာရင်းများနှင့် စာရွက်စာတမ်းများကို တင်ပြခြင်း**

၄၃၀။ (က) ကုမ္ပဏီတစ်ခုသည် စာရင်းများ၊ ငွေစာရင်းများ သို့မဟုတ် အခြားစာရွက်စာတမ်းများကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရန် သို့မဟုတ် အခြားကိစ္စတစ်ရပ်ရပ်ကို မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားတင်ပြရန်တို့နှင့်စပ်လျဉ်းသည့် ဤဥပဒေအရ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ပြီးနောက် အဆိုပါပျက်ကွက်မှုကို ပြင်ဆင်ဆောင်ရွက်ရန် အကြောင်းကြားသည့် နေ့ရက်မှစ၍ ၂၁ ရက်အတွင်း အဆိုပါပျက်ကွက်မှုကို ကောင်းမွန်သည်အထိ ပြင်ဆင်ခြင်းမပြုလျှင် ကုမ္ပဏီတွင်ပါဝင်သူ သို့မဟုတ် ကုမ္ပဏီ၏မြီရှင် တစ်ဦးဦးကဖြစ်စေ၊ မှတ်ပုံတင်အရာရှိကဖြစ်စေ တရားရုံးသို့ တင်ပြလျှောက်ထားလာလျှင် တရားရုံးသည် ကုမ္ပဏီနှင့် ကုမ္ပဏီ၏အရာရှိများကို တရားရုံးက သတ်မှတ်ပေးသည့် အချိန်ကာလအတွင်း ပျက်ကွက်မှုအား ပြင်ဆင်ရန် ညွှန်ကြားသည့် အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

(ခ) အဆိုပါအမိန့်တစ်ရပ်ရပ်တွင် ပျက်ကွက်မှုအတွက် တာဝန်ရှိသော ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ၏အရာရှိများမှ လျှောက်ထားမှုနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ကျခံစေရန်အတွက် သတ်မှတ်ဖော်ပြနိုင်သည်။

(ဂ) ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ အထက်တွင်ဖော်ပြထားသော ပျက်ကွက်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့်ကုမ္ပဏီကိုဖြစ်စေ၊ ယင်းကုမ္ပဏီ၏ အရာရှိများကိုဖြစ်စေ ပြစ်ဒဏ်သတ်မှတ်သည့် ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် အခြားပြဋ္ဌာန်းချက်တစ်ရပ်ရပ်အား ဆောင်ရွက်မှုကို ထိခိုက်ခြင်းမရှိစေရ သို့မဟုတ် ဤဥပဒေကိုလိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် ကုမ္ပဏီတစ်ခုခု သို့မဟုတ် ကုမ္ပဏီမှ အခြားသူတစ်ဦးဦးနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိမှ အရေးယူဆောင်ရွက်မှု တစ်ရပ်ရပ်ကို တားမြစ်ကန့်သတ်ထားခြင်းမရှိစေရ။

(ဃ) ကုမ္ပဏီသည် ပုဒ်မ ၉၇ အရ လိုအပ်သော နှစ်စဉ်အစီရင်ခံစာ တင်ပြရန်ပျက်ကွက်လျှင် သို့မဟုတ် မှတ်ပုံတင်အရာရှိထံတင်ပြသော စာရွက်စာတမ်းများတွင် လိမ်လည်ထားခြင်းများ ပြုလုပ်ထားလျှင် မှတ်ပုံတင်အရာရှိမှ ထိုကိစ္စနှင့်သက်ဆိုင်သည့် အချက်အလက်များသည် ကုမ္ပဏီ၊ ယင်း၏မြီရှင် သို့မဟုတ် အများပြည်သူအကျိုးစီးပွားကို ကြီးမားစွာ ထိခိုက်စေကြောင်းတွေ့ရှိရလျှင် မှတ်ပုံတင်အရာရှိသည် ထိုကုမ္ပဏီသို့ ကုမ္ပဏီ၏ မှတ်ပုံတင်ထားရှိမှုကိုဆိုင်းငံ့မည်ဖြစ်ကြောင်း ကုမ္ပဏီကပေးချေရမည့် အခကြေးငွေ များကို ပေးသွင်းခြင်းနှင့် သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ်ပေးဆောင်ခြင်းအပါအဝင် အကြောင်းကြားစာပေးပို့၍ ထိုပျက်ကွက်မှုကို ၂၈ ရက်အတွင်း ကောင်းမွန်သည်အထိ ပြင်ဆင်နိုင်ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိသည် ဆိုင်းငံ့မှုကိုပြုလုပ်နိုင်သည်။

(င) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ဃ) အရပြုလုပ်သည့် ဆိုင်းငံ့မှုနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ လျှောက်ထားမှုအပေါ် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) ကုမ္ပဏီသည် တင်ပြလျှောက်ထားချက်တွင် တင်ပြရန်လိုအပ်သည့် နှစ်စဉ်အစီရင်ခံစာ၊ ယင်းအတွက်ပေးသွင်းရမည့် အခကြေးငွေနှင့် သတ်မှတ်ဖော်ပြထားသည့် နောက်ကျကြေး သို့မဟုတ် ဒဏ်ကြေးတို့နှင့်အတူ ပူးတွဲတင်ပြလျှင် နှစ်စဉ်အစီရင်ခံစာကိုတင်ပြရန် ပျက်ကွက်ခြင်းအတွက် ဆိုင်းငံ့မှုကို ပြန်လည်ရုပ်သိမ်းခြင်းနှင့် မှတ်ပုံတင်အရာရှိ၏စာရင်းတွင် ကုမ္ပဏီအားပြန်လည်ထိန်းသိမ်းခြင်း သို့မဟုတ်

(၂) ကုမ္ပဏီသည် တင်ပြလျှောက်ထားချက်တွင် စာရွက်စာတမ်း အမှားပြင်ဆင်ထားခြင်းနှင့် မှတ်ပုံတင်အရာရှိမှ အကျိုးအကြောင်းခိုင်လုံစွာ လက်ခံနိုင်သည့် တိကျမှန်ကန်သော သတင်းအချက်အလက်နှင့်အတူ ယင်းအတွက် ပေးသွင်းရမည့် အခကြေးငွေနှင့် သတ်မှတ်ဖော်ပြထားသည့် နောက်ကျကြေး သို့မဟုတ် ဒဏ်ကြေးတို့နှင့်အတူ ပူးတွဲတင်ပြလျှင် လိမ်လည်လှည့်ဖြားခြင်း သို့မဟုတ် မှားယွင်း ကြေညာချက်ပါရှိခြင်းကြောင့် ကုမ္ပဏီ၏အကျိုးစီးပွားကို အဓိကထိခိုက်ပျက်စီးစေနိုင်သော သတင်းအချက်အလက်ပါရှိသော စာရွက်စာတမ်းတင်ပြမှုအတွက် ဆိုင်းငံ့မှုကို ပြန်လည်ရုပ်သိမ်းခြင်းနှင့် မှတ်ပုံတင်အရာရှိ၏စာရင်းတွင် ကုမ္ပဏီအား ပြန်လည်ထိန်းသိမ်းခြင်း။

(စ) ပုဒ်မခွဲ (ဃ) အရ မှတ်ပုံတင်ထားခြင်းအား ဆိုင်းငံ့ထားသည့်နေ့မှ နောက်ထပ် ခြောက်လပြည့်ပြီးနောက် မှတ်ပုံတင်အရာရှိသည် ထိုကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်ပြီး အဆိုပါအကြောင်းကိစ္စကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။ အဆိုပါအကြောင်းကြားစာအား နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြပြီးသည့်အခါ ကုမ္ပဏီကိုဖျက်သိမ်းရမည်။ သို့ရာတွင် ကုမ္ပဏီ၏ဒါရိုက်တာနှင့် ကုမ္ပဏီတွင် ပါဝင်သူများအားလုံး၏ တာဝန်ရှိမှုများရှိခဲ့လျှင် ကုမ္ပဏီကိုဖျက်သိမ်းခြင်းမပြုသကဲ့သို့ ဆက်လက်အကျိုးသက်ရောက်စေရမည်။

(ဆ) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် မြီရှင်တစ်ဦးဦးက ကုမ္ပဏီကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းကြောင့် နစ်နာသည်ဟုယူဆလျှင် ၎င်းတို့၏ လျှောက်ထားမှုဖြင့် တရားရုံးက ကုမ္ပဏီသည် ထိုသို့ပယ်ဖျက်ခြင်းခံရသည့်အချိန်က စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေခဲ့ကြောင်း သို့မဟုတ် ကုမ္ပဏီကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြရန်သင့်လျော်သည့် အခြားအကြောင်းများရှိကြောင်း တွေ့ရှိရလျှင် တရားရုံးသည် ကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းတွင်ပြန်လည်ဖော်ပြရန် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။ ၎င်းနောက်ကုမ္ပဏီသည် ယင်းအမည်အား ပယ်ဖျက်ခြင်းမရှိသကဲ့သို့ ဆက်လက်ရပ်တည်လျက်ရှိသည်ဟု မှတ်ယူရမည်။ တရားရုံးသည် ကုမ္ပဏီ၏အမည်ကို ပယ်ဖျက်ခြင်းမရှိသကဲ့သို့ ကုမ္ပဏီနှင့်မူလနေရာတွင် တာဝန်ရှိကြသော အခြားသူများအားလုံးအတွက် သင့်သည်ထင်မြင်သည့် ညွှန်ကြားချက်များနှင့် စည်းကမ်းချက်များကို အမိန့်ချမှတ်၍ ပေးအပ်နိုင်သည်။

(ဇ) ဤဥပဒေပါ အခြားသောပြဋ္ဌာန်းချက်များကို ထိခိုက်စေခြင်းမရှိစေဘဲ မှတ်ပုံတင်အရာရှိမှစာရွက်စာတမ်းများကိုစစ်ဆေးနိုင်သည့် အခွင့်အာဏာများ၊ စုံစမ်းစစ်ဆေးမှုကိုပြုလုပ်နိုင်သည့်အခွင့်အာဏာ၊ ဖျက်သိမ်းပြီးကုမ္ပဏီများကို စာရင်းမှပယ်ဖျက်ရန်ဆောင်ရွက်ခြင်း၊ ပြစ်မှုနှင့်စပ်လျဉ်းသည့် အကြောင်းကြားစာပေးပို့ခြင်း သို့မဟုတ် တရားစွဲဆိုမှုများကို ဆောင်ရွက်ရန်ပြုလုပ်ခြင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် မှတ်ပုံတင်ခြင်းမှ ပြန်လည်ပယ်ဖျက်ခြင်းအပါအဝင် ကုမ္ပဏီအပေါ် ချမှတ်သည့် အမိန့်များကို ဆောင်ရွက်ခြင်း သို့မဟုတ် ဤဥပဒေအရသတ်မှတ်ထားသည့် သက်ဆိုင်ရာပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ချမှတ်သည့်အမိန့်များကို ဆောင်ရွက်ခြင်းတို့အတွက် အခွင့်အာဏာများအပါအဝင် ပုဒ်မခွဲ (ဃ) နှင့် သက်ဆိုင်စေရမည်။

**မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်းမှအကျိုးသက်ဝင်မှုမရှိသော ကုမ္ပဏီများကို ပယ်ဖျက်ခြင်း**

၄၃၁။ (က) ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိကြောင်း မှတ်ပုံတင်အရာရှိက ယုံကြည်ဖွယ်အကြောင်းရှိလျှင် မှတ်ပုံတင်အရာရှိက ထိုကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းရှိမရှိ မေးမြန်းရန်နှင့် ပြန်လည်တင်ပြရန် အကြောင်းကြားစာတစ်စောင်ကို စာတိုက်မှဖြစ်စေ၊ အီလက်ထရောနစ် နည်းတစ်ခုခုဖြင့်ဖြစ်စေ၊ ကုမ္ပဏီသို့အသိပေးနိုင်သည့် အခြားနည်းလမ်းတစ်ခုခုဖြင့်ဖြစ်စေ အဆိုပါ ကုမ္ပဏီသို့ပေးပို့ အကြောင်းကြားရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် အဆိုပါအကြောင်းကြားစာကို ပေးပို့ပြီးနောက် ၂၈ ရက်အတွင်း ဖြေကြားမှုတစ်စုံတစ်ရာကိုမရရှိခဲ့လျှင် အဆိုပါကာလကုန်ဆုံးပြီးနောက် ၆၀ ရက်အတွင်း ပထမအကြောင်းကြားစာကို ရည်ညွှန်းလျက် ပုဒ်မခွဲ (က)ပါ နည်းလမ်းများအနက် နည်းလမ်းတစ်ခုခုဖြင့် ကုမ္ပဏီသို့ပေးပို့ရမည်ဖြစ်ပြီး ထိုအကြောင်းကြားစာတွင် ဖြေကြားမှု တစ်စုံတစ်ရာမရရှိခဲ့ကြောင်း ဖော်ပြပါရှိစေရမည်။ ဒုတိယအကြောင်းကြားစာပေးပို့သည့်နေ့မှ ၂၈ ရက်အတွင်း ဒုတိယအကြောင်းကြားစာအပေါ် ဖြေကြားမှုမရရှိခဲ့လျှင် ကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည့် အကြောင်းကြားစာကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိကြောင်း ကုမ္ပဏီထံမှ ဖြေကြားချက်ကို လက်ခံရရှိခဲ့လျှင် သို့မဟုတ် ဒုတိယအကြောင်းကြားစာကို ပေးပို့ပြီးနောက် ၂၈ ရက်အတွင်းဖြေကြားမှုကို လက်ခံရရှိခြင်းမရှိခဲ့လျှင် မှတ်ပုံတင်အရာရှိသည် အကြောင်းကြားစာပေးပို့သည့်နေ့မှ သုံးလကုန်ဆုံးသည့်ကာလတွင် ကွဲလွဲသည့်အကြောင်း တစ်စုံတစ်ရာမရှိလျှင် ကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်မည်ဖြစ်ကြောင်းနှင့် ကုမ္ပဏီကိုဖျက်သိမ်းမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည့် အကြောင်းကြားစာ တစ်စောင်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာပြီး ကုမ္ပဏီထံသို့လည်း ပုဒ်မခွဲ (က) ပါ နည်းလမ်းများအနက် နည်းလမ်းတစ်ခုခုဖြင့် ပေးပို့ရမည်။

(ဃ) ကုမ္ပဏီကိုဖျက်သိမ်းသည့်အခါ မှတ်ပုံတင်အရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဆောင်ရွက်နေခြင်းမရှိကြောင်း မှတ်ပုံတင်အရာရှိကယုံကြည်ရန် အကြောင်းရှိခဲ့လျှင် သို့မဟုတ် ကုမ္ပဏီ၏ကိစ္စရပ်များကိုအပြည့်အဝစာရင်းရှင်းလင်းဖျက်သိမ်းပြီးနောက် တစ်ဆက်တည်းဖြစ်သော ခြောက်လကာလအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ပြုလုပ်ရန်လိုအပ်သည့် ပြန်ကြားချက်များကို မှတ်ပုံတင်အရာရှိက ပုဒ်မခွဲ (က) ပါ နည်းလမ်းများအနက် နည်းလမ်းတစ်ခုခုဖြင့် ကုမ္ပဏီသို့ဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ နောက်ဆုံးလုပ်ငန်းတည်ရှိသည့်နေရာထံသို့ဖြစ်စေ ပေးပို့ပေးရန်တောင်းဆိုသည့် အကြောင်းကြားစာပေးပို့ပြီးနောက် ထိုပြန်ကြားချက်များကိုမပေးပို့ခဲ့လျှင် မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ဂ) တွင် ဖော်ပြခဲ့သည့်အတိုင်း အကြောင်းကြားစာတစ်စောင်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာပြီး ကုမ္ပဏီထံသို့လည်း ပေးပို့ရမည်။

(င) အကြောင်းကြားစာတွင်ဖော်ပြပါရှိသည့် အချိန်ကာလ ကျော်လွန်ပြီးနောက် ကုမ္ပဏီက ကွဲလွဲမှုတစ်စုံတစ်ရာ တင်ပြလာခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိသည် ထိုကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းမှပယ်ဖျက်နိုင်ပြီး အဆိုပါအကြောင်းကိစ္စကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။ အဆိုပါအကြောင်းကြားစာအား နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြပြီးသည့်အခါ ကုမ္ပဏီကို ဖျက်သိမ်းရမည်။ သို့ရာတွင် ကုမ္ပဏီ၏ဒါရိုက်တာနှင့် ကုမ္ပဏီတွင်ပါဝင်သူများအားလုံး၏ တာဝန်ရှိမှုများရှိခဲ့လျှင် ကုမ္ပဏီကို ဖျက်သိမ်းခြင်းမပြုသကဲ့သို့ ဆက်လက် အကျိုးသက်ရောက်စေရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# မန္တလေးယဉ်ကျေးမှုပြတိုက်သို့ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ

**အောင်မြေသာစံ ဇန်နဝါရီ ၂၂**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့်အမျိုးသား ပြတိုက်ဦးစီးဌာနလက်အောက်ရှိ အမျိုးသားပြတိုက်၊ယဉ်ကျေးမှုပြတိုက်များ၊ ရှေးဟောင်းသုတေသနပြတိုက်များကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ အောင်မြေသာစံမြို့နယ်၊ လမ်း ၈၀ နှင့် ၂၄ လမ်းထောင့်ရှိ မန္တလေးယဉ်ကျေးမှုပြတိုက်တွင်လည်း လာရောက်လေ့လာသူ ကျောင်းသား ကျောင်းသူများ လာရောက်မှု များပြားပြီး ပြတိုက်ဆိုင်ရာသိကောင်းစရာများ အခမဲ့ ဝေငှသည်။

မန္တလေးယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံကိန်းတွင် ပြတိုက်ကိုစံနှုန်းနှင့်ညီညွတ်သော ပြတိုက်တစ်ခုဖြစ်လာစေရန် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အဆင့်မြှင့်တင်ပြန်လည်ခင်းကျင်းခဲ့သည်။ ပြတိုက်ကို သမိုင်းမတင်မီခေတ်ပြခန်း၊ သမိုင်းတင်ပြီးခေတ်ပြခန်း၊ သမိုင်းတင် ခေတ်ဦးပြခန်း၊ ရတနာပုံခေတ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းပြခန်း၊ မြန်မာ့လက်မှုအနုပညာ ပန်း ၁၀ မျိုးပြခန်းနှင့် ဗုဒ္ဓအနုပညာလက်ရာပြခန်းများ ပြောင်းလဲပြသထားသည်။

ပြတိုက်ကို တနင်္လာနှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များတွင်ပိတ်ပြီး ကျန်ရက်များတွင် နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသထားကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



# ဇလုံတောင်တော်မှ ကွန်ကရစ်လက်ရန်းပြုပြင်ပေးစေလို

**ဗန်းမောက် ဇန်နဝါရီ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ဇလုံတောင်တော်မှ ကွန်ကရစ်လက်ရန်းမှာ ပျက်စီးနေပြီဖြစ်သည့်အတွက် ပြုပြင်ပေးရန်လိုအပ်လျက်ရှိကြောင်းသိရသည်။

ဇလုံတောင်တော်သို့ ယခုနှစ်တွင် မြန်မာပြည်တစ်ဝန်းမှ ဘုရားဖူးများ ခရီးသွားလေ့လာသူ အများအပြားဝင်ရောက်နေပြီ ဖြစ်သည့်အတွက် အဆိုပါလက်ရန်းမှာ အမြင်မတင့်တယ်ခြင်း၊ ခရီးသွားပြည်သူများအတွက် အန္တရာယ်ဖြစ်ပေါ်လာနိုင်ခြင်းတို့ကြောင့် သက်ဆိုင်ရာမှ အမြန်ဆုံး ပြုပြင်ပေးစေလိုကြောင်း ခရီးသွားပြည်သူများက ပြောကြားသည်။ **မောင်ချစ်လင်း(အင်းတော်)**



## အရက်၊ မူးယစ်ဆေးပညာပေးရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲကျင်းပ
## မန္တလေးမြို့အခြေခံပညာကျောင်းများတွင် ပညာပေးဆောင်ရွက်မည်

**မဟာအောင်မြေ ဇန်နဝါရီ ၂၂**
လူမှုဝန်ထမ်းဦးစီးဌာန၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့နှင့်မျိုးဆက်သစ်လူငယ်အဖွဲ့နှင့်ဆယ်ကျော်သက်လူငယ်အဖွဲ့တို့မှ စေတနာ့ဝန်ထမ်းလူငယ်များ ပူးပေါင်း၍အရက်၊ မူးယစ်ဆေးပညာပေးရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက်ညနေ ၃ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရွှေရဲမွန်ဟိုတယ်ခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ မန္တလေးရုံးခွဲတာဝန်ခံ ဒေါ်ခိုင်ခိုင်ရွှေက လူငယ်များအရက်နှင့် မူးယစ်ဆေးကင်းဝေးရေးပညာပေးလှုပ်ရှားမှုအစီအစဉ်များအားရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မျိုးဆက်သစ်လူငယ်အဖွဲ့မှ ကိုသန့်စင်မောင်နှင့်ဆယ်ကျော်သက်လူငယ်အဖွဲ့မှကိုဟိန်းထက်အောင်တို့က အရက်နှင့် မူးယစ်ဆေးပညာပေးရက် သတ္တပတ်လှုပ်ရှားမှု အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အရက်၊ မူးယစ်ဆေးပညာပေးရက်သတ္တပတ်အဖြစ် ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်အထိ မန္တလေးမြို့ရှိ အခြေခံပညာကျောင်း ၁၇ ကျောင်းတွင် ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများဆောင်ရွက်ကြမည်ဖြစ်သည်။

**မောင်ပြည်သူ(မန္တလေး)**

## ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိစေရေး
## တရုတ်စုရပ်ကွက်၌ ထရန်စဖော်မာတစ်လုံး တိုးချဲ့တည်ဆောက်

**စဉ့်ကိုင် ဇန်နဝါရီ ၂၂**
မန္တလေးတိုင်းဒေသကြီး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း စဉ့်ကိုင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မီးသုံးစွဲသူပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိစေရေးအတွက် တရုတ်စုရပ်ကွက်တွင် ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီမှစတင်၍ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါ ထရန်စဖော်မာတည်ဆောက်ရာတွင် နယူးအဲဗားလိုက်ကုမ္ပဏီနှင့်မြို့နယ်လျှပ်စစ်မန်နေဂျာ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က အနီးကပ်ကြီးကြပ်၍ လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး၊ မီးသုံးစွဲသူပြည်သူများလျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး၊ မီးသုံးစွဲမှုအပြည့်အဝရရှိရေးအတွက် စနစ်တကျဆောင်ရွက်လျက်ရှိရာ တရုတ်စုရပ်ကွက်ရှိ ဒေသခံပြည်သူများ မီးသုံးစွဲမှုအပြည့်အဝရရှိသွားမည်ဖြစ်ကြောင်းသိရသည်။ **ဝင်းဝင်းသန်း(ပြန်/ဆက်)**



## စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်များ Shelter တပ်ဆင်မှုလေ့ကျင့်

**စစ်ကိုင်း ဇန်နဝါရီ ၂၂**
ရာသီဥတုကြောင့် လည်းကောင်း၊ သဘာဝဘေးဒဏ်ကြောင့် လည်းကောင်း တစ်စုံတစ်ရာအရေးပေါ်ဖြစ်လာလျှင် ချက်ချင်းအသုံးပြုနိုင်ရန်အတွက် မြေပြင်နှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့က ဖြည့်တင်းထားလျက်ရှိရာ လူတစ်ရာဆံ့ ရှပ်တာ (Shelter) များကို လေ့ကျင့်တပ်ဆင်မှုများဆောင်ရွက်လျက်ရှိသည်။

"လူ ၁၀၀ ဦးဆံ့ အလျားပေ ၉၀၊ အနံ ၁၅ပေရှိရှပ်တာ လေးလုံးကို စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမှာ နှစ်လုံး၊ မုံရွာမှာ နှစ်လုံးထားရှိ ပါတယ်။လူ/ကယ်/ပြန်က ငါးယောက်ဆံ့၊ ၁၀ ယောက်ဆံ့၊ ၁၅ ယောက်ဆံ့ ရှပ်တာတဲတွေကို ကယ်ဆယ်ရေး ခရိုင်ရုံးတွေမှာအရင်ကတည်းက ဖြန့်ခွဲပို့ပြီးသားဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးမင်းစမ်းအေးက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများရှိလာပါက အလျင်အမြန်ကူညီဆောင်ရွက်ရာတွင် လေ့ကျင့်ထားသော မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်ငန်း ကျွမ်းကျင်မှုကိုအထောက်အကူများစွာ ပြုနိုင်မည့်မြေပြင်နှင့် ရေပြင်ရှာဖွေရေး နှင့်ကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်း ၄၁ မျိုး ဖြည့်တင်းကာတပ်ဆင်မှုများ အကြိုလေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှပ်တာများကိုအရေးပေါ်နေရာများတွင် တည်ဆောက်ကာဆေးရုံဆေးခန်းများအဖြစ် အသုံးပြုနိုင်သလို နှစ်သိမ့်ပညာပေးဆွေးနွေးရာတွင် စုဝေးသည့်နေရာအဖြစ်အသုံးပြုနိုင်သည်။ ထို့ပြင် အကြောင်းတစ်ခုခုကြောင့် ပြန်လည်ထူထောင်ရေးလုပ်နေချိန် စာသင်ကျောင်းများ မတည်ဆောက်နိုင်ခင်ကာလတွင်ရှပ်တာထဲတွင်ကလေးများကို စာသင်၍ရနိုင်သလို အရေးပေါ်ဖြစ်လာလျှင်လည်း လူနာများကို ကယ်ထုတ်ကာရှပ်တာအဆောက်အအုံထဲထည့်ထားသည့်အတွက်ကျန်သည့် ဆိုးကျိုးများ မရနိုင်အောင်ကာကွယ် နိုင်ကြောင်း ဦးမင်းစမ်းအေးက ရှင်းပြ သည်။

မြေပြင်ရှာဖွေ ကယ်ဆယ်ရေး လုပ်ငန်းသုံးနှင့် ကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်း ၂၅ မျိုးတွင် ပါဝင်သော ရှာဖွေရေးလုပ်ငန်းသုံးဖြစ်သည့် 2 In 1 Camera Datactor သည်အရေးပေါ်ပိတ်မိနေသည်များကိုအချိန်တိုအတွင်းနေရာအတိအကျသိကာရှာဖွေကယ်ဆယ်နိုင်မည်ဖြစ်ကြောင်းသိရသည်။

"တစ်ခုခုဖြစ်လို့ ပိတ်မိနေမယ်ဆိုရင် လူရဲ့လှုပ်ရှားမှုအသက်ရှူမှုတွေကိုတိုင်းတာပြီး နေရာအတိအကျရှာနိုင်တဲ့ ကင်မရာ နှစ်စုံကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမှာ တစ်စုံ၊ ရွှေဘိုမှာ တစ်စုံထားတယ်။ ရွှေဘိုမှာထားရတာက ၂၀၁၂ ခုနှစ်မှာ ငလျင်လှုပ်ခဲ့တဲ့အတွက်တစ်ကြောင်း ရွှေဘိုသည်ခရီးလမ်းအချက်အချာကျတဲ့အတွက်ထားရတာဖြစ်ပါတယ်။ မုံရွာကလည်းတိုင်းဒေသကြီး မြို့တော်ဖြစ်တာနဲ့အညီ အထပ်မြင့်တိုက်တွေ တည်ဆောက်တာများပြားလာပြီး လူဦးရေထူထပ်လာနေတာကြောင့် ထားရတာဖြစ် ပါတယ်"ဟု ဦးမင်းစမ်းအေးက ရှင်းပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## အဆင့်မြင့် ကွန်ပျူတာသင်တန်းဆင်းပွဲ ကျင်းပ

**ယင်းမာပင် ဇန်နဝါရီ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးမှု ဦးစီးဌာနက ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်ကွန်ပျူတာသင်တန်း ၁/၂၀၁၈ ဆင်းပွဲအခမ်းအနားကို ယင်းမာပင်ခရိုင် စုပေါင်းရုံးခန်းမ၌ ဇန်နဝါရီ ၂၀ ရက်က ကျင်းပသည်။

ယင်းမာပင်ခရိုင်တွင် ဖွင့်လှစ်သောဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားစေရန်အတွက်အဆင့်မြင့်ကွန်ပျူတာသင်တန်းနှင့်ပတ်သက်၍ ခရိုင် ကျေးလက်ဦးစီးမှူး ဦးသန့်စင်စိုးက "ဒီသင်တန်းက ကွန်ပျူတာအခြေခံသင်တန်းတက်ပြီးသူတွေအတွက် အဆင့်မြင့်သင်တန်းဖြစ်ပါတယ်၊ ရုံးလုပ်ငန်းတွေလွယ်ကူ လျင်မြန်စေဖို့ နဲ့ ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားစေရန်အတွက် ဒီသင်တန်းကို ဦးဆောင်ဖွင့်လှစ်ပေးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ခရိုင်အတွင်းမှာရှိတဲ့ ကျေးလက်ဝန်ထမ်းတွေအပြင် ယင်းမာပင်မြို့နယ်မှာရှိတဲ့ အခြားဌာနဆိုင်ရာ ဝန်ထမ်းတွေလည်း သင်တန်းလာတက်ကြတာတွေ့ရပါတယ်"ဟု ပြောကြားခဲ့သည်။

ဒီသင်တန်းမှာကျွန်မတို့ကို Corel Draw X7၊ Photoshop Cs3၊ Photoshop Cs5ဆိုတဲ့ဘာသာရပ်သုံးခုကိုအဓိကထားသင်ပေးပါတယ်။ ဒီဘာသာရပ်တွေက ကျွန်မတို့မတတ်သေးတဲ့အတွက် လက်တွေ့အသုံးချနိုင် အောင် လေ့လာသင်ယူခဲ့ပါတယ်လို့ ဆားလင်းကြီးမြို့နယ်မှ တက်ရောက်သော သင်တန်းသူတစ်ဦးက ပြောကြားသည်။

သင်တန်းသူ သင်တန်းသား ၃၀ တက်ရောက်ကြောင်းသိရှိရပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၈ ရက် မှ ဇန်နဝါရီ ၂၀ ရက် အထိဖြစ်ကြောင်း သိရသည်။

**မိုးမိုး(ပြန်/ဆက်)**



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ တန်ခိုးကြီးဘုရားများ၌ ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းမှ စ၍ရန်ကုန်မြို့ နာရေးကူညီမှုအသင်း(ရန်ကုန်)မှ ဥက္ကဋ္ဌ ဦးကျော်သူ ဦးဆောင်၍အသင်းသူအသင်းသားများ၊ ညောင်ဦးမြို့နယ် ကရုဏာရှင်ပရဟိတအသင်း၊ စက်စက်ယိုကျေးရွာမှ ယောင်ပေစူးလေးများ၊ ပရဟိတကလေးငယ်နှင့်ပူးပေါင်း၍ အမှိုက်ကောက်သန့်ရှင်းရေးကုသိုလ်ပြုလုပ်နေစဉ်။ **ကြေးမုံ**

# လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချနိုင်သည့် စာတမ်းများတင်သွင်းရန် တိုက်တွန်း



ရန်ကုန် ဇန်နဝါရီ ၂၂
နည်းပညာတက္ကသိုလ်အသီးသီးမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တင်သွင်းသော နည်းပညာဆိုင်ရာ သုတေသန စာတမ်းများသည် လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်သည့် အရည်အသွေးပြည့်ဝသော စာတမ်းကောင်းများ ထွက်ပေါ်သည်အထိ ကြိုးပမ်းအားထုတ်ကြရန် ဆောက်လုပ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြောကြားသည်။

ရန်ကုန်မြို့ ခရေပင်လမ်းရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံးတွင် ဇန်နဝါရီ ၁၉ ရက်မှ ၂၁ ရက် အထိ ကျင်းပသော မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ကြီးမှူးကျင်းပသည့် Process & Product Show 2018 နှင့် အင်ဂျင်နီယာ နည်းပညာစာတမ်းဖတ်ပွဲ၌ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြောကြားလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့နိုင်ငံမှာ နည်းပညာဆိုင်ရာ စာတမ်းတွေ ဘာသာရပ်အလိုက် တင်သွင်းကြတယ်၊ ဖတ်ကြားကြတယ်၊ ဒီအပေါ်မှာတိုက်တွန်းလိုတာက စာတမ်းတွေဖတ်ကြားပြီးရင် ဗီဒိုထဲရောက်သွားတာက များပါတယ်၊ ဒါတွေကို ကျွန်တော်တို့ပြောင်းလဲရပါလိမ့်မယ်၊ စာတမ်းတွေကိုဖတ်ကြားပြီးရင် သုတေသနပြုစုရမယ်၊ ဆက်လက်ပြီး လက်တွေ့ဘဝမှာ အထောက်အကူပြုနိုင်အောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်၊ Ph.D စာတမ်းတွေဆိုရင်လည်းလက်တွေ့ဘဝမှာ အထောက်အကူပြုနိုင်တဲ့အထိ ဆက်တိုက် လုပ်ဆောင်သွားဖို့လိုအပ်ပါတယ်၊ ဒါမှလည်း လက်တွေ့ဘဝမှာ အထောက်အကူပြုနိုင်ပြီး တက္ကသိုလ်တွေရဲ့အဆင့်ဟာ ထိပ်တန်းအဆင့်ကိုရောက်ရှိမှာဖြစ်ပါတယ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်တွေရဲ့ တင်သွင်းတဲ့စာတမ်းတွေဟာ ဘယ်နှစောင်အပြင်မှာ သုံးနေလဲဆိုတာ မပြနိုင်ဘူးဆိုရင် ရန်ကုန်တက္ကသိုလ်တွေရဲ့ အဆင့်ဟာ ဒီတိုင်းပဲဖြစ်နေမှာပါ၊ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ပတ်သက်တဲ့ စာတမ်းတွေရှိတယ်ဆိုရင်လည်း ဌာနမှာ ဆက်လက်ပြီး သုတေသနတွေပြုလုပ်ဖို့နဲ့ လက်တွေ့နယ်ပယ်မှာ အထောက်အကူပြု လုပ်ဆောင်နိုင်ဖို့လည်း ဖိတ်ခေါ်ပါတယ်၊ ဒါမှလည်း တိုးတက်အောင်မြင်မှာဖြစ်ပါတယ်" ဟု ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြောကြားသည်။

ယခုအခါတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရန်ကုန်နည်းပညာ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(သန်လျင်)၊ နည်းပညာ တက္ကသိုလ်(မှော်ဘီ)၊ အနောက်ပိုင်း နည်းပညာ တက္ကသိုလ်၊ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်နှင့် အခြားအင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာကျောင်းများ၌ ကျောင်းတွင်းနှင့် ကျောင်းပြင်ပနှစ်မျိုးခွဲကာ ဘာသာရပ်အလိုက် BE ဘွဲ့လွန် မဟာအင်ဂျင်နီယာ သင်တန်းများ၊ Ph.D သင်တန်းများကို ခေါ်ယူလျက်ရှိကြောင်း သိရသည်။ နည်းပညာ တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် အင်ဂျင်နီယာ ဘာသာရပ်အလိုက် သုတေသန စာတမ်းများပြုစုကာ တင်သွင်းနေကြကြောင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ သိရသည်။

"မဟာအင်ဂျင်နီယာသင်တန်းတက်နေတာ အခုဆို စာတမ်းပြုစုတဲ့ ကာလကိုရောက်နေပါပြီ၊ ဒီကာလမှာ ကိုယ်ပြုစုတဲ့ စာတမ်းကို အနီးကပ်ကြီးကြပ်ပြီး Guideline ကောင်းကောင်းပေးနိုင်တဲ့ Supervisor ကောင်းရှိဖို့လည်းလိုအပ်ပါတယ်၊ ပြီးတော့ ငွေကြေးပြည့်စုံဖို့လည်းလိုအပ်ပါတယ်၊ ဒီကာလမှာက ကိုယ်လုပ်မယ့် Paper ကို ကိုးကားနိုင်အောင် Oline ကိုအမြဲတက်နေပြီး အခြားသူတွေရဲ့ သုတေသနပြုထားတဲ့ စာတမ်းတွေကို ရှာရပါတယ်၊ ရလာတဲ့ စာတမ်းတွေမှာ ကိုယ်ရေးမယ့် Paper အတွက် ဘာတွေ ထပ်ပြီး ဖြည့်လို့ရမလဲဆိုတာကို အမျိုးမျိုး စမ်းသပ်ပြီးရေးရတာပေါ့နော်၊ စာတမ်းကောင်းတစ်စောင်ထွက်ပေါ်ဖို့က ကိုယ်တိုင်လည်း စာတွေအများကြီးဖတ်ဖို့လိုအပ်ပါတယ်လို့ပြောချင်ပါတယ်" ဟု အနောက်ပိုင်း နည်းပညာတက္ကသိုလ်မှ မဟာအင်ဂျင်နီယာကျောင်းသူတစ်ဦးက ပြောသည်။

ပွင့်သစ္စာ

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျောက်တံခါးမြို့နယ်ရှိ စာသင်ကျောင်း၊ မီးသတ်စခန်းနှင့် ကျေးလက်လမ်း ဖောက်လုပ်မှုတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပဲခူး ဇန်နဝါရီ ၂၂
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်သည် ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီက သက်ဆိုင်ရာဌာနဆိုင်ရာများ လိုက်ပါလျက် ကျောက်တံခါးမြို့နယ်ရှိ စာသင်ကျောင်း၊ မီးသတ်စခန်းနှင့် ကျေးလက်လမ်းဖောက်လုပ်မှုတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်တံခါးမြို့နယ် သမင်အင်းကုန်း ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းနှင့် ဖဒိုမြို့ ဈေးတန်း (၅) ရပ်ကွက်တွင် တည်ဆောက်ပြီးစီးသွားသည့် ဖဒိုနယ်မြေ မီးသတ်စခန်း နှစ်ထပ်အဆောက်အအုံအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လူနေအိမ်ခြေများ တိုးတက်များပြားလာခြင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုတို့ကြောင့် မီးသတ်စခန်းများ တိုးချဲ့ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ မီးသတ်စခန်းများတွင် အမှန်တကယ်ပြည်သူလူထု ယုံကြည်အားကိုးနိုင်သည့် မီးသတ်ယာဉ်၊ စက်ပစ္စည်းနှင့် ဝန်ထမ်းအင်အားများ ပြည့်စုံရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါမီးသတ်စခန်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၀၅ သန်းဖြင့် ရွှေလင်းရောင် ဆောက်လုပ်ရေးကုမ္ပဏီမှ (၄၅×၅၀×၂၆) ပေ နှစ်ထပ် RCC အဆောက်အအုံအဖြစ် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်တံခါးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖောက်လုပ်လျက်ရှိသည့် သူဌေးကုန်း-ကင်းရွာလမ်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းများကောင်းမွန်ရန် အရေးကြီးကြောင်း၊ ကျေးလက်လမ်းများ ကောင်းမွန်ခြင်းအားဖြင့် ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် လမ်းများသည် လမ်းအင်ဂျင်နီယာ ရပ်နှင့်အညီ စံချိန်စံညွှန်း ပြည့်မီရန်လိုအပ်ကြောင်း၊ သတ်မှတ်ကာလအတွင်း အသုံးပြုနိုင်ရန် စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

သူဌေးကုန်း-ကင်းရွာလမ်း အရှည် ခြောက်မိုင်အား ပြည်ထောင်စု ဖြည့်စွက်ရန်ပုံငွေကျပ် ၁၄၂၈ ဒသမ ၂၇၉ သန်းဖြင့် အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်း၊ လမ်းဘေးဝဲယာတွင် ဂဝံလမ်းလေးပေ၊ မြေသားလမ်းလေးပေစီ ပါဝင်မည်ဖြစ်ပြီး စုစုပေါင်း လမ်းအကျယ် ၂၈ ပေ ဖြစ်ကြောင်းနှင့် ယင်းလမ်းပိုင်းအား မတ်လ စတုတ္ထပတ်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

## သာကေတမြို့နယ်အတွင်း ရေကောင်းရေသန့်ရရှိစေရန် ပိုက်များ အစားထိုးလဲလှယ်

သာကေတ ဇန်နဝါရီ ၂၂
သာကေတမြို့နယ်အတွင်း မိဘပြည်သူများအတွက် ရေကောင်းရေသန့်များ သုံးစွဲနိုင်ရန် သာကေတမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန်းနှင့် မြို့နယ်ရေသန့်တာဝန်ခံ ဒေါ်သဉ္ဇာထွန်းတို့၏ ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၂၀ ရက်က မင်းနန္ဒာလမ်းတစ်လျှောက်၌ ၁၂ လက်မ GI ပိုက်အစား ၃၁၅ mm ဒိုင်ယာမီတာ HDPE ပိုက်အရှည် ပေ ၅၂၀၀ အစားထိုးလဲလှယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အလားတူ ဇန်နဝါရီ ၁၉ ရက်က ၈ ရပ်ကွက် နဝရတ်လမ်းတစ်လျှောက်တွင် ၁၆၀ mm ဒိုင်ယာမီတာ HDPE ပိုက်အရှည် ပေ ၂၅၀၀ အား သွယ်တန်းပေးနိုင်ခဲ့ကြောင်း တာဝန်ခံ ဒေါ်သဉ္ဇာထွန်းက ပြောသည်။ မောင်မောင်

## ဆင်ခြေထောက်ရောဂါကာကွယ်ဆေး ကွင်းဆင်းတိုက်ကျွေး

ပုဇွန်တောင် ဇန်နဝါရီ ၂၂
ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်အတွင်းရှိ ပြည်သူများ ဆင်ခြေထောက် ရောဂါကင်းဝေးစေရန် ရည်ရွယ်၍ ဇန်နဝါရီ ၂၂ ရက်မှ စတင်ကာ ဆင်ခြေထောက်ရောဂါ ကာကွယ်နိုင်မည့် သန်ချဆေးပေါင်းများ ရပ်ကွက်နေပြည်သူများထံ အရောက် ကွင်းဆင်း၍ လိုက်လံတိုက်ကျွေးမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးတိုက်ကျွေးမည့် အခြေအနေနှင့်ပတ်သက်၍ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဖြူဖြူမြင့်က "ဇန်နဝါရီ ၂၂ ရက်မှ ဇန်နဝါရီ ၃၁ ရက်အထိ ပုဇွန်တောင်မြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် ဌာနဆိုင်ရာများ၊ စာသင်ကျောင်းများသို့ အရောက်ကွင်းဆင်းပြီး ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးများ လိုက်လံတိုက်ကျွေးမှာ ဖြစ်ပါတယ်၊ ဆင်ခြေထောက်ရောဂါက ခြင်ကိုက်ရာမှတစ်ဆင့်သွေးထဲရှိ သန်ကောင်ကြောင့် ဖြစ်ပွားရသဖြင့် ယခုလို ဆေးတိုက်ကျွေးခြင်းအားဖြင့် လူ့ကိုယ်ခန္ဓာရှိ သွေးနှင့်အူလမ်းကြောင်းထဲရှိ သံကောင်များကို နှိမ်နင်းနိုင်မှာ ဖြစ်ပါတယ်၊ ဒီဆေးသောက်ခြင်းဖြင့် ဘေးထွက်ဆိုးကျိုးမရှိပါဘူး၊ ကြိုတင်ကာကွယ်ခြင်းက အကောင်းဆုံး ဖြစ်တဲ့အတွက် ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးကို မဖြစ်မနေသောက်ကြဖို့ လိုအပ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

## အင်ဂျင်နီယာဝန်ထမ်းများ လုပ်ငန်းခွင်ဝင်သင်တန်းဖွင့်လှစ်

ပဲခူး ဇန်နဝါရီ ၂၂
ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ (အငယ်တန်း အင်ဂျင်နီယာ -၂) လုပ်ငန်းခွင်ဝင်သင်တန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ပဲခူးမြို့ရှိ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ (ITC)၌ ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်ထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီး ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ (ITC) ညွှန်ကြားရေးမှူး ဦးဇော်မင်းထွဋ်က သင်တန်းတွင် ပို့ချပေးမည့် ဘာသာရပ်များဖြစ်သည့် အင်ဂျင်နီယာဆိုင်ရာဘာသာရပ်၊ စီမံရေးရာဘာသာရပ်၊ ငွေစာရင်းဆိုင်ရာ ဘာသာရပ်၊ ရေအရင်းအမြစ်များ ဖွံ့ဖြိုးမှုဆိုင်ရာစီမံကိန်း၏ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ ဘာသာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း အမှုထမ်းများ၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူးကြီးနှင့် အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းသား၊ သင်တန်းသူ ၄၀ တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၂၂ ရက်မှ ဖေဖော်ဝါရီ ၂၂ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

သူရအောင်(ပြည်)

## လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂
ပြည်သူ့စကားဝိုင်း (Public Talk) ကို လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တာမွေမြို့နယ် ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

မူးယစ်တပ်ဖွဲ့စု (၄၁) ရန်ကုန်အရှေ့ပိုင်းခရိုင်မှ ဒုရဲမှူး ဝဏ္ဏအေးက မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် ပြစ်ဒဏ်များ အရေးယူဆောင်ရွက်လျက်ရှိသည်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အသင်း (မြန်မာ) ဥက္ကဋ္ဌ ဦးစံရှိန်နှင့် ကျောင်းသား၊ လူငယ်သံတမန် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် လူရွှင်တော်ဦးချစ်ချောတို့က မူးယစ်ဆေးကြောင့် ယနေ့ခေတ် လူငယ်လူရွယ်များ လမ်းမှားမရောက်ရှိစေရေးနှင့် မူးယစ်ညွှန်အတွင်း မကျရောက်စေရေးတို့ကို အတွေ့အကြုံများနှင့်တကွ ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်း ဆွေးနွေးကြခြင်းနှင့် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ရဲမင်းထွန်း (ပြန်/ဆက်)



# လက်တွေ့အသုံးချဆေးနည်းတို (ဆေးမြီးတို)များ (၄၈)




**ဆရာ၊ ကျွန်တော့်ပါးစပ်က အာပုပ်နံ့နံတာကို ဘယ်လို လုပ်ရမလဲ ခင်ဗျ။ ဆေးနည်းလေးပြောပြ လမ်းညွှန်ပေးပါဆရာ။**

လေးညှင်းပွင့်ဝါးပေးပါ။ တမာရွက်နှင့် ဆားပြုတ်ငုံ ပေးပါ။ ညအိပ်ခါနီး မန်ကျည်းမှည့်ဖျော်ရည်မှာ ဆားခါး တစ်ဇွန်းထည့် ဖျော်သောက်ပါက အပုပ်ကင်းစင်စေပါ တယ်။ ဂုံခါးအမှုန့်ကို ထမင်းစားပြီးတိုင်း အနည်းငယ် လျက်ပေးပါက ခံတွင်းပုပ်အနံ့ သက်သာစေသည်။ ရှောက်ရည်နှင့် ပျားရည် ရောစပ်ဖျော်ပြီး လျက်ပေးပါက ခံတွင်းနံ့ကောင်းစေသည်။ ဆီးဖြူသီးကို ဝါးပြီးငုံထား ပါက ခံတွင်းအနံ့ကောင်းစေသည်။ မက်လင်ချဉ် လျက်ဆားကို လျက်ပေးပါက ခံတွင်းပုပ်စော်နံခြင်း သက်သာစေသည်။ လိမ္မော်သီး အခွံကို လျက်ဆားဖြင့် တို့၍ စားပါက ခံတွင်းပုပ်ရောဂါ သက်သာစေသည်။

**ဆရာကြီးခင်ဗျာ၊ ကျွန်တော်ကအသက် ၆၆ နှစ်ရှိပါပြီ။ ပထမတုန်းက ဆီးသွားချင်ရင် ထိန်းမနိုင်တာပါ။ အခု တော့ ဝမ်းပါထိန်းမနိုင် ဖြစ်နေပါတယ်။ ဘာဆေးများ သောက်ရမလဲဆရာ။ ကျေးဇူးပြု၍ ဆေးနည်းလေး ပြောပြပေးပါ။**

ထောပတ်ထမင်းချက်စားပါ (သို့မဟုတ်) ထမင်းပူပူကို ထောပတ်နဲ့နယ် ငါးကြော်(သို့မဟုတ်) အသားကြော်နဲ့ စားပါ။ ကောက်ညှင်းငချိတ်ပေါင်းကို နှမ်းဆီရွှဲရွှဲနဲ့ နယ်စားရင်လည်း ချုပ်စေတယ်လို့ ဆရာကြီးများ ခတ် စာပေးပါတယ်။ ဟင်းအရည်သောက်စားခြင်းကို ရှောင် ထားပါ။ ရေစိမ်း၊ ရေအေး လုံးဝမသောက်ပါနဲ့။ ရေနွေး ကြမ်းအဖန်ရည်သာသောက်ပါ။ မြင်းခွာနွယ်ပင်ကို ထန်းလျက်နဲ့ ကျိုသောက်ရင်လည်း ဝမ်းထိန်းပါတယ်။

**ဆရာရှင့်၊ သမီးအသားတွေ အရမ်းယားနေတာ ဘာ ကြောင့်ပါလဲရှင့်။ ဆေးဆပ်ပြာသုံးတာလည်း အဆင် မပြေပါဘူးရှင့်။ သမီးကို ကျေးဇူးပြု၍ ဆေးနည်း လေးပြောပြပေးပါဆရာ။**

ကြက်သွန်ဖြူ မီးဖုတ်စားပါ။ ဥသေးဆို နှစ်လုံး၊ ဥ တစ်လုံးဆိုရင် ခုနစ်ဥ (သို့မဟုတ်) ကိုးဥ စားပါ။ တမာရွက် ပြုတ်ရည်နဲ့ ရေချိုးပါ။ ကရမက်သွေးသောက်ပါ။ ကရမက် နဲ့ ဆားသွေးလိမ်းပါ။ ယားယံခြင်းကား လေကင်းမှတ်ရာ (နရသုခိ)၊ လေစာတွေရှောင်စားပါ။ ဥပမာ- မျှစ်၊ မျှစ်ချဉ်၊ ကုလားပဲ၊ မှို၊ကိုက်လန်၊ ပန်းဂေါ်ဖီ၊ ကြောင်လျှာသီး၊ ကြက်ဟင်းခါးသီး၊ ဝက်သား၊ ပင်လယ်စာ၊ အုန်းထမင်း၊ ဒံပေါက်၊ လက်ဖက်ချဉ်စပ်၊ ရေခဲရေ၊ ရေခဲရိုက် အစား အစာများ၊ ကောက်ညှင်း၊ ကောက်ညှင်းနှင့် လုပ်ထား သော မုန့်များ ရှောင်ကြဉ်ပါ။ နေရောင်ခြည်မရသော နေရာတွင်နေလျှင် ပိုယားတတ်ပါတယ်။ နေမထွက်လျှင် အင်ဖက်မီးလှုံဟု ရှေးလူကြီးများ ပြောပါသည်။

**မင်္ဂလာပါ ဆရာ။ ကျွန်တော့် ညီတွေ၊ ညီမတွေ မျက်စိ နာနေပါတယ်။ မျက်လုံးတွေလည်း နီရဲပြီး ဖူးရောင်နေ ပါတယ်။ ကျေးဇူးပြု၍ ဆေးနည်းလေး ပြောပြပေးပါ ဆရာ။**

ကျားမနိုင်နွယ်မြစ် သွေးကွင်းပါ။ မန်ကျည်းပင် အခေါက်သွေးလိမ်းပါ။ ရှားစောင်းလက်ပပ် ကပ်ပေးရင် လည်းရပါတယ်။ မျက်စိဆရာဝန်မပြနိုင်သေးရင် ဆား ရည်ကြည်ခတ်ပေးပါ။ ရှေးက လူကြီးများ မျက်စိနီရဲ နေရင် မိခင်နို့ရည်ကို ခတ်ပေးလေ့ရှိပါတယ်။

**ဆရာ မင်္ဂလာပါ။ သမီးက ရေအကြာကြီးချိုးလည်း ခန္ဓာကိုယ်က ပူမြဲပူနေပါတယ်။ နည်းနည်းလည်း ပိန် ပါတယ်။ ကျေးဇူးပြု၍ သမီးကိုဆေးနည်းလေး ပြော ပြပေးပါရှင့်။**

ရှားစောင်းလက်ပပ်အနှစ်ကို သကြားနဲ့ခေါက်စားပါ။ ရေထဲမှာ ဆားခါးသုံးဇွန်းထည့်ဖျော် ရေချိုးပါ။ ဆန် ဆေးရည်တစ်ဖန်ခွက်ကို နံနက်ရေမချိုးမီ နေ့စဉ်သောက် ပေးရင် ကိုယ်အပူငြိမ်းပါတယ်။

**မင်္ဂလာပါ ဆရာ။ လွန်ခဲ့တဲ့ ခြောက်နှစ်က အစာအိမ်အနာ ဖြစ်ဖူးပါတယ်။ အဲဒါ ခုလည်း အစာ မစားနိုင်ဘဲ အစာအိမ်ရောင်နာ ဖြစ်နေလို့ပါ။ ဆေးနည်းလေး ပြောပြပေးပါဆရာ။**

အစာအိမ်ရောင်ရင် ထမင်းနဲ့မာတဲ့အစာ ခဏရပ် ပြီး ဆန်ပြုတ်သောက်ပါ။ ဆန်လက်တစ်ဆုပ်+ ပဲရာဇာ (ခေါ်) ပဲနီလေး လက်တစ်ဆုပ်စာ ရောပြုတ်။ ကြက်သွန်နီ ဥတစ်ဥထည့်ပြုတ်ပါ။ အကြော်အလှော် အကြွပ်ကြော် တွေ မစားရပါ။ အပူအစပ်၊ လက်လုပ်ချဉ်တွေ လုံးဝ မရပါ။ ကော်ဖီမစ်၊ ခေါက်ဆွဲခြောက်များ မစားရပါ။ နံနက် ထထချင်း၊ ညအိပ်ရာဝင် ပျားရည်တစ်ဇွန်း ရေအေးနဲ့ သောက်ပါ။ ပျားရည်က အစာအိမ်နာ ကျက်ပါတယ်။ ဖီးကြမ်းငှက်ပျောသီးကို နေ့စဉ်စားပေးလျှင် အစာအိမ် ရောင်ရောဂါ သက်သာစေပါတယ်။ ဖီးကြမ်းငှက်ပျောသီး မီးဖုတ် နေ့စဉ် နှစ်လုံးစားပေးလျှင် အစာအိမ် အနာ ကျက်သည်ဟုဆိုပါသည်။ စိတ်တိုလျှင် အစာချေရည် ထွက်ပြီး အစာအိမ်ကို ပြန်လောင်တတ်သဖြင့် စိတ်တို ဒေါသထွက်ရမည့် ကိစ္စများကို ရှောင်ရှားပါ။ စိတ်ပူပန် သောကများလျှင်လည်း အစာအိမ်ရောဂါ ပိုဆိုးတတ်ပါ သည်။

**ဆရာ မင်္ဂလာပါ။ ကလေး ငါးလကျော်ရှိပါပြီ။ နှာ စေးချောင်းဆိုးပြီးတော့ ကိုယ်ပူနေပါတယ် ဆရာ။ ဘာဆေးတိုက်ရမလဲ ဆရာရှင့်။ ချွဲသံလည်း ကြားရ ပါတယ်ဆရာ။**

ကွမ်းရွက်နဲ့ ချင်းပါးပါးလှီး ရေနွေးစိမ်ထား ရေကျက် အေးလုပ် ဖြည်းဖြည်းချင်း တိုက်ပေးပါ။ ခြေဖဝါးကို ဆားရေဖတ်တိုက်ပေးပါ။ ကွမ်းရွက်မီးကင်ပြီး ရင်ဘတ်နှင့် ကျောကပ်ပေးပါ။ ကွမ်းရွက်မီးကင် အရည်ညှစ် အုန်းဆီ နှင့်ရော ကလေးငယ်ထိပ် လိမ်းပေးပါ။ ရနိုင်လျှင် တိုင်းရင်းဆေးအမှတ် (၄၇) သူငယ်နာ (၇) ပါး ဆေးဝါ လေးအမှုန့်ဖြင့် ကလေးငယ်ထိပ်၊ နှာခေါင်းထိပ်၊ ရင်ဘတ် တို့တွင် လိမ်းပေးပါ။

**မင်္ဂလာပါ ဆရာ။ ကျွန်တော် ဆီးသွားတဲ့အခါ အောင့်အောင့်နေပါတယ်။ ကျေးဇူးပြု၍ ဆေးနည်း လေး လမ်းညွှန်ပေးပါဆရာ။**

ရေနွေးကျိုပြီး အအေးခံ။ မြေသောက်ရေအိုးတွင် ထည့်ထားပြီး များများသောက်ပေးပါ။ ကြက်သွန်နီဥ ထောင်းအရည်တစ်ဇွန်းကို သကြားတစ်ဇွန်း စပ်သောက် ရင် ဆီးကျဉ်သက်သာစေပါတယ်။ ကြက်သွန်နီဥ ပါးပါး လှီးပြီး ဆီးခုံမှာကပ်ပေးပါ။ ဆီးသွားရင်နာတာ သက် သာစေပါတယ်။ တစ်နည်း- ဆန်ဆေးရည် တစ်ဖန်ခွက် မှာ သံပရာသီးတစ်ခြမ်း အရည်ညှစ်ထည့်သောက်ပါ။ အိုးရှိရင် လောက်သေရွက်ပြုတ်ရည် မတ်ခွက်နှစ်လုံး ၁၄ ရက်သောက်ပါ။

**မင်္ဂလာပါ ဆရာ။ သွားကိုက်တာ သက်သာစေမယ့် ဆေးနည်းလေး သိပါရစေရှင့်။**

ခရေပွင့် အစိုကိုကြိတ် သွားအခေါင်းပေါက်တွင် သိပ် ပါ။ ပုဏ္ဏရိတ်ရွက် ပြုတ်ပြီးငုံပေးပါ။ ကြက်သွန်နီဥ အလယ်မှ အူတိုင်ကိုထုတ်ယူ၍ သွားပိုးပေါက်တွင် ဖိပြီးကိုက်ထားပါ။ လေးညှင်းဆီ၊ ငရုတ်ကောင်းဆီများ ဂွမ်းတွင်တို့ပြီး သွားပေါက်တွင် သိပ်ထားလျှင်လည်း ရပါ သည်။ သွားနဲ့ပြီး သွားကိုက်လျှင် ထနောင်းခေါက်၊ တမာခေါက်၊ သရက်ပင်ကျီးပေါင်းတို့ကို ပြုတ်ငုံပေးလျှင် နဲ့သောသွားပြန်ခိုင်ပါတယ်။

**ဆရာကြီးရှင့်၊ သမီးအသက် ၂၃ နှစ်ရှိပါပြီ။ သမီး နှာခေါင်းက နှာရည်အမြဲကျတာ သုံးနှစ်လောက်ရှိ ပါပြီ။ တစ်ခါတလေ နှာခေါင်းထဲက အစိမ်းဖတ် တွေ ထွက်မှနေလို့ရပါတယ်။ မထွက်ရင် ခေါင်းတွေ၊ နားတွေ ကိုက်လာပါတယ်။ ညှီစို့စို့အနံ့ကလည်း အမြဲ ထွက်ပါတယ်။ ဆရာ သမီးကို ဆေးနည်းကောင်းလေး ပေးပါဦး။**

နှာခေါင်းပိတ် ထိပ်ကပ်နာဖြစ်တာပါ။ ရေရှူပါ။ မျက်နှာသစ်ပြီးနောက် ရေကို လက်ခုပ်နဲ့ ရှူသွင်းပါ။ နှာခေါင်းပိတ်ရင် ပွင့်တဲ့အပေါက်ကနေ ငယ်ထိပ်ပေါက် အောင် ရှူသွင်းပါ။ အကျင့်ရရင် ရှူသွင်းတတ်လာပါ လိမ့်မယ်။ ချင်းတက်ပါးပါးလှီး ရေနွေးမတ်ခွက်တစ်လုံး မှာ စိမ်ထားပါ။ ရေနွေးကြမ်းသောက်သလို တစ်နေ ကုန် သောက်နေပါ။ မှိုင်းရှူဆေးရှူပေးပါ။ တိုင်းရင်းဆေး အမှတ် (၄၃) အကင်းဆယ်ပါးဆေးမှုန့်ဝယ် မီးခဲပေါ် ဖြူး ရှူပေးပါ။ ထိပ်ကပ်နာ (နှပ်ပုပ်စော် နံရင်) အဆင့် ဆိုရင်တော့ မရိုးပင်(ခေါ်) ငဖြူကြီးပင်အရွက်တွေကို အခြောက်လှမ်း မီးရှို့ရှူပေးရင် ပျောက်နိုင်တယ်လို့ အာယုဗေဒ ဆေးကျမ်းများမှာ ပါပါတယ်။

**မင်္ဂလာပါဆရာ။ ကျွန်တော်ဘောလုံးကန်တာ အောက် ကမြေကြီးကို ကန်မိပြီး ခြေချင်းဝတ်ကနာနေပါ တယ်ဆရာ။ ဘယ်လိုလုပ်ရမယ်ဆိုတာ ဆေးနည်းလေး သိပါရစေ ဆရာ။**

ရဲယိုရွက်မီးကင် နှမ်းဆီသုတ် ရောင်တဲ့နေရာမှာကပ် ပြီး ပတ်တီးစည်းထားပါ။ ခြောက်နာရီကြာနေ့စဉ် စည်း ပါ။ (တစ်နည်း) မီးဖိုချောင်သုံး သစ်ကြံပိုး အမှုန့်နှင့် ကြက်ဥအကာရော ရေနွေးအနည်းငယ်ဖြင့် ခေါက်ပြီး ဖျော်ပါ။ ခြေချင်းဝတ်မှာသုတ်လိမ်းပြီး ဝါဂွမ်းဖြင့် အုပ်ပါ။ ပြီးလျှင် ပတ်တီးစည်းပါ။ ခြောက်နာရီကြာ ဖြည်ပေးလျှင် အရောင်ကျသွားပါလိမ့်မည်။

**ဆရာရှင့် ကျွန်မရဲ့အမေက အသက် ၇၂ နှစ်ရှိပါပြီ။ ခြေသလုံး၊ ခြေထောက်နှစ်ဖက်စလုံး ပူပြီးကိုက်ကိုက် နေပါတယ်။ ကျေးဇူးပြုပြီး လိမ်ဆေး၊ စားဆေးလေး ညွှန်ပြပေးပါရှင့်။**

ကိုက်ခဲ ညောင်းညာဖြစ်ရင် မုန်ညှင်းဆီ ငါးကျပ်သား မှာ ချင်းတက်အနည်းငယ် ထုထောင်းထည့်ပြီး မီးဖြင့် ချက်ထားပါ။ ညောင်းကိုက်သောနေရာတွင် တစ်နေ့ နှစ်ကြိမ် လိမ်းပေးပါ။ မုန်ညှင်းဆီတွင် လေးညှင်းဆီ၊ ငရုတ်ကောင်းဆီ၊ ပရုတ်၊ မင်သော်စသည်များ ထည့်ချက် ပြီးလိမ်းလျှင်လည်းရပါသည်။ အကြောတက် ညောင်း ကိုက်များလျှင် ဝမ်းမှန်အောင် ဂရုစိုက်ပါ။ ညအိပ်ရာ ဝင်ခါနီး မန်ကျည်းမှည့်ဖျော်ရည်သောက်ပေးပါ။ ဆား ခါးကိုလှော်ပြီး ဟင်းစားဇွန်း တစ်ဇွန်းကို ရှောက်ရည် သုံးဇွန်း၊ ပျားရည်တစ်ဇွန်း စပ်သောက်ပါကလည်း ဝမ်း မှန်အကြောလျှော့စေပါတယ်။

**ဆရာကြီးခင်ဗျာ၊ လေးစားစွာ မေးမြန်းပါရစေခင်ဗျာ။ ကျွန်တော့်အဖေက အသက် ၄၅ နှစ်ရှိပါပြီ။ နေ့ရော ညပါခြေအဖျားတွေ ထုံကျဉ်တာလေးတွေ ဖြစ်ဖြစ် နေလို့ပါ။ လေဖြန်းချင်တာလားဆိုတာ မသိလို့ပါ ဆရာ။ ဘာလုပ်သင့်လဲဆိုတာ လမ်းညွှန်ပေးပါ ဆရာ။**

ထုံကျဉ်လေငန်းဖြစ်ချင်နေလျှင် ဆင်တုံးမနွယ်ပါတဲ့ မြန်မာဆေးတစ်မျိုးမျိုး ဝယ်စားပါ(သို့မဟုတ်) ဆင်တုံး မနွယ် အမှုန့်ကြိတ်ပြီးသား (ပရဆေးဆိုင်မှ ဝယ်ယူပြီး) ပျားရည်နဲ့ ရောမွှေထားပါ။ ဖန်ပုလင်းတွင်ထည့် အပေါ် မှ နှမ်းဆီထည့်ပြီးအုပ်ထားပါ။ နံနက်၊ ည ကော်ဖီဇွန်း သေးနဲ့ တစ်ဇွန်းစားပေးပါ။ ပုလင်းကို တစ်ပတ်တစ်ခါ နေရောင်ပြပေးပါ။ ဆင်တုံးမနွယ်က အကြောလေ လျှောက်ဆေးဖြစ်ပါတယ်။

**ဆရာကြီးရှင့်၊ ကျွန်မအသက် ၄၀ ပါ။ ကျွန်မ ဓမ္မတာ လာတာ ရက် ၂၀ လောက်ရှိပါပြီ။ ဒီလို တစ်ခါမှ မဖြစ်ဖူးပါဘူးရှင့်။ အဲဒါ ဆေးနည်းလေးများ လမ်း ညွှန်ပေးပါဦးရှင့်။**

ပန်းလည်းပွင့်ခြောက် (ပရဆေးဆိုင်မှဝယ်) ပြုတ် သောက်ရင် ရက်ရှည်သွေးဆင်းတာရပ်ပါတယ်။ ရေနွေး ကြမ်းအဖန်ရည် မတ်ခွက်တစ်လုံးမှာ သကြားသုံးဇွန်း ထည့်ဖျော်ပါ။ နံနက်ရေမချိုးမီ ဆန်ဆေးရည် အကြည် တစ်ဖန်ခွက်သောက်ပါ။ မီးကွင်းဂမုန်းရွက်ကို အသုပ် ပြုလုပ်စားပါ။ ဇကေရာဇ်ရွက်၊ အပွင့်၊ တရုတ်စံကား ပွင့်များပြုတ်ပြီး အသုပ်ပြုလုပ်စားပါက သွေးအေးပြီး သွေးပူဆင်းဝေဒနာများ သက်သာစေနိုင်သည်။

**ဆရာမင်္ဂလာပါ။ ကျွန်တော်လေးစားစွာဖြင့် မေးပါ ရစေဗျာ။ ကျွန်တော့်သည်းခြေမှာ ကျောက်တည်နေ ပါတယ်။ ဘယ်လိုလုပ်ရမလဲ။ ကျေးဇူးပြု၍ ဆေးနည်း လေးလမ်းညွှန်ပေးပါ ဆရာ။**

သည်းခြေကျောက်တည်လျှင် အုန်းစိမ်း (အုန်သီး အနု) ထိပ်မှဖွင့်ပြီး ကျောက်ချဉ်အခဲသေးသေး (ရွေး စေ့ခန့်) ထည့်ပြီး ခေတ္တစောင့်ပါ။ ပြီးလျှင်မသွန်ဘဲ ပိုက် ဖြင့်စုပ်သောက်ပါ။ နေ့စဉ် ၁၄ ရက် ဆက် သောက်ပါ။ အဝါ ရောင်ကောက်ရိုးခြောက်ကို ပြုတ်သောက်(သို့မဟုတ်) လက်ဖက်ခြောက်ကဲ့သို့ ရေနွေးအိုးတွင် ခပ်သောက် လျှင် သည်းခြေကျောက်ကျစေပါတယ်။ (တစ်နည်း) ပေပင်မှ ပေရွက်ကိုပြုတ် နေ့စဉ် မတ်ခွက်တစ်လုံးစာ သောက်ပါကလည်း သည်းခြေကျောက်ကျစေပါတယ်။

**မင်္ဂလာပါ ဆရာ။ ကျွန်မရင်သားတွေ နာနေတာ ရက် ၂၀ လောက်ရှိပါပြီ။ အဲဒါ သွေးဆုံးခါနီး လက္ခဏာနဲ့ ဆိုင်ပါသလားရှင့်။ ကျွန်မ အသက်က ၄၆ နှစ် ရှိပါပြီ။ ဘေးစောင်းအိပ်လို့ ရင်သားကို လက်နဲ့ဖိမိရင်လည်း နာပါတယ်ဆရာ။ စက်ဘီးစီးလို့ လှုပ်ရင်လည်းနာပါ တယ်။ ကျေးဇူးပြု၍ ဆေးနည်းလေးဖြေကြားပေးပါ ဆရာ။**

မြန်မာဆေးနည်းတို ဥသျှစ်သီးကင်း အခြောက်လှန်း အမှုန့်ကြိတ် ပျားရည်နဲ့ရောစား။ တစ်နည်း-ရဲယိုသီး မှည့်ကို ပျားရည်နဲ့ခေါက် တစ်နေ့တစ်လုံးစားပါ။ ရှား စောင်းလက်ပပ် အနှစ်ကပ်ပေးရင်လည်း ရင်သား အနာ သက်သာတယ် ပြောပါတယ်။ ညအိပ်ရာဝင်ကပ်ပါ။

**ဆရာရှင့်၊ အသည်းနှင့် ပတ်သက်၍ မေးခွင့်ပြုပါ။ အရက်ကြောင့် အသည်းအပြင်က ခြောက်လာတာ အစေ့လေးတွေပေါ်နေပြီး အသည်းအထဲက မခြောက် ပါ။ အသည်းထဲမှာ ရေလည်းတွေ့သည်ဟု စစ်ဆေး၍ သိရပါသည်။ ထိုလူနာက အသည်းကင်ဆာဖြစ်နေ တာလို့ ခေါ်ပါသလား။ သဘော်ရွက်အကြောင်း ဖတ် ရ၍ ထောင်းသောက်လျှင် အစိမ်းအတိုင်း သောက် သင့်ပါသလား။ တစ်နေ့ ဘယ်နှကြိမ် ဘယ်လောက် သောက်သင့်ပါသလဲရှင့်။**

အသည်းအထူးကု ဆရာဝန်၏ ညွှန်ကြားချက်ကို လိုက်နာပါ။ မြန်မာဆေးသုံးစွဲလိုလျှင် သဘော်ရွက် အစိမ်းရောင် ရင့်ရင့်ကိုယူပါ။ ရေစင်စင်ဆေးပါ။ ဆုံမှာ ထည့်ထောင်း အရည်ညှစ်ယူ ဟင်းစားဇွန်း နှစ်ဇွန်း၊ နံနက်၊ ညသောက်ပါ။ အသည်းမခြောက်သေးလျှင် ပိုထိ ရောက်အောင် မက်လင်ချဉ်သီးကို အချဉ်ရည်ချက် တိုက်ပါ။

**ပြန်မေး - ဆရာရှင့် အဖိုအရွက်သောက်ရမှာလား၊ အမအရွက်သောက်ရမှာလားရှင့်။**

အဖို၊ အမ မခွဲခြားပါ။ အာနိသင်အတူတူပါပဲ။ အင်္ဂလိပ်ဆေးများသောက်နေလျှင် နှစ်နာရီခြားမှ သဘော်ရွက်အရည်ကို သောက်ပါ။

**ဆရာ မင်္ဂလာပါ။ ကျွန်တော် ငါးအရိုးစူးတာ လက် ထိုးပြီးတော့ အန်လိုက်ပါတယ်။ သက်သာသလိုရှိသွား ပေမယ့် လည်ချောင်းထဲက နာနေပါတယ်။ တစ်ချက် တစ်ချက် အောင့်ပါတယ်။ တံတွေးမျိုချလည်းနာပါ တယ်ဆရာ။ ဘယ်လိုလုပ်ရင် သက်သာမလဲ။ ကျေးဇူးပြုပြီး ပြောပြပေးပါဆရာ။**

အရိုးစူးလျှင် ဖီးကြမ်းငှက်ပျောသီး အမှည့်တစ်လုံးကို သုံးကိုက်နဲ့ မျိုချပါ။ မကျရင်အန်အောင်လုပ်ပါ။ ဆား နှစ်ဇွန်း ရေမတ်ခွက်တစ်လုံးနဲ့ဖျော် ကုန်အောင်သောက် ခဏကြာအန်ချင်လာလိမ့်မယ်၊ လက်ထိုးပြီး အန်ထုတ် ပါ။ အရိုးကြီးရင်ပါလာလိမ့်မယ်။ တစ်ခါတစ်ရံမှာ အရိုးက မရှိတော့ဘဲ နာနေတဲ့ ဒဏ်ကြောင့် စိတ်က စူး နေတယ် ထင်တာလည်းရှိတယ်။ သတိထားပါ။ လည်ပင်း နာလျှင် နလင်ကျော်သွေးလိမ်းပါ။

**မင်္ဂလာပါဆရာ၊ မြေးလေးက နှစ်နှစ် ရှစ်လ ရှိပါပြီ။ စကားပြောရင်ထစ်နေလို့ ဘာလုပ်ပေးရမလဲ ဆရာ။**

မြင်းခွာရွက်ကို ရေစိမ်ထား၊ နံနက်အိပ်ရာထ (သွား မတိုက်မီ) ဝါးစားပေးလျှင် စကားထစ် သက်သာပါ တယ်။ (တစ်နည်း) ဝါးဖြင့် ပြုလုပ်ထားသော ပလွေကို မှုတ်ပေးလျှင် စကားထစ်သက်သာပါတယ်။ (တစ်နည်း) သံပရာသီးကို မီးဖုတ်ပြာချ ထိုပြာဖြင့်လျှာပွတ်ပေးလျှင် စကားထစ် သက်သာစေပါတယ်။ (တစ်နည်း) ဗာဒံသီး အစေ့အတွင်းမှ အဆန်ကို စားပေးလျှင် စကားထစ် သက်သာပါတယ်။ ကြေးဖလားဖြင့် ရေကိုသောက်ပေး လျှင် စကားထစ်သက်သာပါတယ်။ ။



# ဟာဂျီဝန်၏မောင် မင်းသား ဂျွန်တေဆိုး ရုတ်တရက်ကွယ်လွန် အနုပညာလှုပ်ရှားမှုအစီအစဉ်အားလုံးကို ဟာဂျီဝန် ဖျက်သိမ်း

အသက်(၃၄ )နှစ်အရွယ်ရှိပြီဖြစ်တဲ့ တောင်ကိုရီးယားကြယ်ပွင့် ဂျွန်တေဆိုးဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၁ ရက်မှာ ရုတ်တရက်ကွယ်လွန်သွားခဲ့ကြောင်း လတ်တလောမှာ သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီက တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ ဂျွန်တေဆိုးဟာ တောင်ကိုရီးယားရဲ့ ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ ဟာဂျီဝန်ရဲ့ မောင်ဖြစ်ပြီး ကိုယ်တိုင်ကလည်း ရုပ်သံဇာတ်လမ်းတွဲတွေမှာ ဇာတ်ဆောင်တစ်ဦးအဖြစ်ပါဝင်ခဲ့ကာ ပန်းချီပညာမှာလည်း ထူးချွန်တဲ့ အရည်အချင်းရှိတဲ့ အနုပညာရှင်တစ်ဦးဖြစ်ပါတယ်။ မင်းသားရဲ့ ရုတ်တရက်ကွယ်လွန်သွားခဲ့တဲ့ အကြောင်းအရင်း အသေးစိတ်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေမယ့် သူ့ရဲ့အေဂျင်စီက ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း ပရိသတ်ကို ထုတ်ဖော်အသိပေးခဲ့ချိန်မှာတော့ မင်းသားဟာ စိတ်ကျဝေဒနာကို ခံစားနေရတဲ့အတွက် အချိန်အတော်ကြာ ကုသမှုတွေ ခံယူခဲ့ရပြီး မကြာမီမှာ ရုပ်ရှင်သစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ စီစဉ်ထားကြောင်း တစ်ပါတည်းဖွင့်ဟခဲ့ပါတယ်။

မောင်ဖြစ်သူ ရုတ်တရက်ကွယ်လွန်ခဲ့တာကြောင့် ဟာဂျီဝန်အနေနဲ့ အလွန်ဝမ်းနည်းခံစားခဲ့ရပြီး မိသားစုဝင်တွေနဲ့သာ အတူရှိနေဖို့ရာ လတ်တလောမှာ ပြုလုပ်ဖို့ စီစဉ်ထားတဲ့ သူ့ရဲ့ အနုပညာလှုပ်ရှားမှုအစီအစဉ်တွေအားလုံးကို ဖျက်သိမ်းခဲ့ကြောင်းလည်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျွန်တေဆိုးရဲ့ အေဂျင်စီဖြစ်တဲ့ ဟေးဝါဒယ်လ်အန်တာတိန်းမန့်က လတ်တလောမှာတော့ ဂျွန်တေဆိုးရဲ့ အခြေအနေဟာ ပြန်လည်ကောင်းမွန်လာခဲ့ပြီဖြစ်တာကြောင့် သူ့ရဲ့ရုပ်ရှင်သစ်အတွက် အသေးစိတ်ဆွေးနွေးမှုတွေကို ပြုလုပ်နေပြီဖြစ်ကာ အဲဒီလိုအချိန်မှာမှ မင်းသား ရုတ်တရက်ကွယ်လွန်သွားခဲ့တာဖြစ်တယ်လို့လည်း ဆိုပါတယ်။

ဆက်လက်ပြီး အေဂျင်စီက ဂျွန်တေဆိုးရဲ့ စျာပနအခမ်းအနားကိုတော့ ရင်းနှီးသူတွေ၊ မိသားစုဝင်တွေနဲ့သာ ပြုလုပ်သွားမှာဖြစ်ပြီး ကွယ်လွန်သွားပြီဖြစ်တဲ့ ဂျွန်တေဆိုးကို လေးစားတဲ့အနေနဲ့ သူ့ရဲ့နောက်ဆုံးခရီးကို တိတ်တဆိတ်ထွက်ခွာခွင့်ပြုဖို့ရာ သတင်းထောက်တွေကို မလာရောက်ကြဖို့ကိုလည်း အေဂျင်စီက တောင်းဆိုထားတယ်လို့လည်း သိရပါတယ်။

ဟာဂျီဝန်ကတော့ ဇန်နဝါရီ ၂၂ ရက်မှာ သူ့ရဲ့ ရုပ်ရှင်သစ် “Manhunt”အတွက် သတင်းစာရှင်းလင်းပွဲကို တက်ရောက်ဖို့ စီစဉ်ထားခဲ့ပေမယ့် ဂျွန်တေဆိုးကွယ်လွန်ခဲ့တာကြောင့် တက်ရောက်ဖို့အစီအစဉ်ကို ဖျက်ခဲ့ပြီး လာမယ့် ဇန်နဝါရီ ၂၄ ရက်မှာ ပြုလုပ်သွားမယ့် အင်တာဗျူးအစီအစဉ်ကိုလည်း ဖျက်ခဲ့ကာ ယင်းရုပ်ရှင်သစ်အတွက် ပရိုမိုးရှင်းလုပ်ငန်းတွေမှာ ပါဝင်ဖို့ရာ စီစဉ်ထားတာတွေကိုလည်း ဖျက်သိမ်းခဲ့ကြောင်းလည်း သိရပါတယ်။

## ကျောင်းတုန်းက သူငယ်ချင်းနဲ့ စေ့စပ်လိုက်ပြီဖြစ်တဲ့ အက်ဒ်ရှီရန်

ဗြိတိန်ရဲ့ အောင်မြင်ကျော်ကြားတဲ့ တေးရေး၊ တေးဆိုတစ်ဦးဖြစ်သူ အက်ဒ်ရှီရန်ဟာ ငယ်ငယ်ကတည်းက ကျောင်းမှာ သူငယ်ချင်းအဖြစ် ရင်းနှီးခဲ့ပြီး ချစ်သူတွေအဖြစ် အချိန်အတော်ကြာ လက်တွဲလာခဲ့တဲ့ချစ်သူနဲ့ စေ့စပ်လိုက်ပြီဖြစ်ကြောင်း ပြီးခဲ့တဲ့ စနေနေ့မှာ အက်ဒ်ရှီရန်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေ တစ်ဆင့် ရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့ ဟောလိဝုဒ်မီဒီယာများစွာက ရေးသားဖော်ပြခဲ့ကြတာကို တွေ့ရပါတယ်။



လတ်တလောမှာ အသက်(၂၆)နှစ် အရွယ်ရှိပြီဖြစ်တဲ့ အက်ဒ်ရှီရန်နဲ့ သူ့ရဲ့ချစ်သူ အသက် (၂၅)နှစ်အရွယ် ချယ်ရီစီးဘွန်းတို့ဟာ ကလေးဘဝက ကျောင်းနေဖက်တွေ ဖြစ်ကြပြီး ချယ်ရီနဲ့ စတင်တွေ့ဆုံခဲ့ချိန်မှာ ပေါ့ပ်ကြယ်ပွင့်ဟာ အသက်(၁၁)နှစ်အရွယ်သာ ရှိသေးတာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ချစ်သူတွေအဖြစ် စတင်လက်တွဲခဲ့ကြပြီး လတ်တလောမှာတော့ စေ့စပ်လိုက်ပြီဖြစ်ကြောင်း ပေါ့ပ်ကြယ်ပွင့်က တရားဝင်ထုတ်ဖော် ပြောကြားလာခဲ့တာလည်း ဖြစ်ပါတယ်။

အေးပြည့်
စုစည်းသည်



## the Life Achievement Award ဆုကို လက်ခံရရှိခဲ့တဲ့ မော်ဂန်ဖရီးမန်း

ဟောလိဝုဒ်ရဲ့ အထင်ကရ အနုပညာရှင်တစ်ဦးဖြစ်တဲ့ မော်ဂန်ဖရီးမန်းဟာ လတ်တလောမှာ အသက်(၈၀)အရွယ်ရောက်ရှိခဲ့ချိန်မှာ ဂုဏ်ပြုဆုတစ်ဆုကို လက်ခံရရှိခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာ ကျင်းပခဲ့တဲ့ ဟောလိဝုဒ်ရဲ့ အထင်ကရ အနုပညာထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ “Screen Actors Guild Awards” ဆုပေးပွဲကြီးမှာတော့ သူ့ရဲ့အနုပညာလှုပ်ရှားမှုတွေအတွက် “the Life Achievement Award” ဆုကို ချီးမြှင့်ခံခဲ့ရတာဖြစ်ပါတယ်။ မော်ဂန်ဖရီးမန်းဟာ အနုပညာသက်တမ်းတစ်လျှောက် ရုပ်ရှင်ပေါင်း ၈၄ ကားမှာ ပါဝင်ခဲ့ပြီး အော်စကာဆုတစ်ဆုနဲ့ ရွှေကမ္ဘာလုံးဆု နှစ်ကြိမ်ရရှိခဲ့ကာ အသက်(၅၀)အရွယ်မှာမှ ဟောလိဝုဒ်ရုပ်ရှင်လောကကို လှုပ်ခတ်အောင် လုပ်ဆောင်နိုင်ခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။

## ဂျွန်ဟွန်းရဲ့ တေးအယ်လ်ဘမ်သစ်ကို ကွယ်လွန်ပြီး တစ်လအကြာတွင် ထုတ်လွှင့်မည်

ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းမှာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခဲ့တဲ့ တောင်ကိုရီးယား ကေပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်သူ ဂျွန်ဟွန်းမကွယ်လွန်မီ နောက်ဆုံးဖန်တီးသွားခဲ့တဲ့ သူ့ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ပေါ့ပ်ကြယ်ပွင့် ကွယ်လွန်ပြီးနောက် တစ်လကျော်အကြာမှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီက လတ်တလောမှာ ထုတ်ဖော်ပြောကြားလာခဲ့တယ်လို့ အော့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယင်းတေးအယ်လ်ဘမ်သစ်ကို အစက ယခုနှစ် နှစ်သစ်ကူးမှာ စတင်ထုတ်လွှင့်ပေးဖို့ရာ ရည်ရွယ်ထားခဲ့ပေမယ့် ဂျွန်ဟွန်း ရုတ်တရက်ကွယ်လွန်သွားခဲ့တာကြောင့် တေးအယ်လ်ဘမ်ထုတ်လွှင့်မယ့်ရက်ကို နောက်ကို ရွှေ့ဆိုင်းခဲ့တာဖြစ်ပြီး ဇန်နဝါရီ ၂၄ ရက်မှာ စတင်ဖြန့်ချိသွားမှာဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်ကို အွန်လိုင်းမီဒီယာတွေပေါ်မှာတော့ တစ်ရက်ကြိုကာ ဇန်နဝါရီ ၂၃ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒါ့အပြင် ယင်းတေးအယ်လ်ဘမ်က ရရှိတဲ့အကျိုးအမြတ်တွေကို ကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ တေးသံရှင် ဂျွန်ဟွန်းရဲ့ မိခင်ဖြစ်သူကို ပေးအပ်သွားမှာဖြစ်ပြီး ခက်ခဲတဲ့ဘဝမှာ နေထိုင်ရှင်သန်နေရသူတွေအတွက် ဖောင်ဒေးရှင်းတစ်ခု တည်ထောင်ပေးဖို့ရာ ရည်ရွယ်ထားတယ်လို့လည်း သိရပါတယ်။

ဂျွန်ဟွန်းဟာ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “SHINee”ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး အဖွဲ့ဝင်ငါးဦးနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့ ယင်းတေးဂီတအဖွဲ့ဟာ ဂျွန်ဟွန်းကွယ်လွန်ခဲ့ပြီးနောက် ကျန်ရှိနေတဲ့ အဖွဲ့ဝင်လေးဦးနဲ့ အနုပညာလှုပ်ရှားမှုတွေကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကာ လာမယ့် ဖေဖော်ဝါရီလအတွင်းမှာတော့ အဖွဲ့ဝင်လေးဦးနဲ့ ပြုလုပ်သွားမယ့် ပထမဆုံးသော တေးဂီတဖျော်ဖြေပွဲကို ဂျပန်နိုင်ငံမှာ ကျင်းပသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။



## တတိယမြောက်ရင်သွေးလေးကို ချီကာဂိုလို့ အမည်ပေးလိုက်တဲ့ ကမ်ကာဒါးရှီးရန်းနဲ့ ကန်းရီဝက်စ်ထ်

အသက် (၃၇)နှစ်အရွယ် ရုပ်သံသရုပ်ဆောင်တစ်ဦးဖြစ်သူ ကမ်ကာဒါးရှီးရန်းနဲ့ ခင်ပွန်းဖြစ်သူ (၄၀)အရွယ် ရက်ပ်တေးသံရှင် ကန်းရီဝက်စ်ထ်တို့ဟာ လတ်တလောမှာ တတိယမြောက်ရင်သွေးလေးကို မျက်နှာမြင်ခွင့်ရခဲ့ပြီဖြစ်ကာ အငှားကိုယ်ဝန်နဲ့ရခဲ့တာဖြစ်ပြီး မိန်းကလေးဖြစ်ပါတယ်။ ကမ်ရဲ့ သမီးလေးကိုတော့ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၅ ရက်မှာ မွေးဖွားခဲ့တာဖြစ်ပြီး မွေးဖွားခဲ့ပြီးနောက် သမီးလေးကို အမည်ပေးဖို့အတွက် အချိန်ယူကာ စဉ်းစားခဲ့ကြရပြီးတဲ့နောက်မှာတော့ ကြယ်ပွင့်စုံတွဲက သမီးလေးကို ချီကာဂိုလို့ မှည့်ခေါ်ခဲ့တာဖြစ်ပါတယ်။ မြို့တစ်မြို့ဖြစ်တဲ့ ချီကာဂိုမြို့ရဲ့အမည်ကိုအစွဲပြုကာ မှည့်ခေါ်ထားတဲ့ သမီးလေးရဲ့အမည်ကို အချို့သောပရိသတ်တွေက လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ စနောက်လှောင်ပြောင်မှုတွေလည်း ရှိခဲ့ပေမယ့် ကမ်ကာဒါးရှီးရန်းနဲ့ ကန်းရီဝက်စ်ထ်တို့ကတော့ ဒီအမည်ကို အလွန်ပဲ နှစ်သက်ကြတယ်လို့လည်း အော့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

## အအေးဓာတ်လွန်ကဲသောကြောင့် ကျောင်းသား ကျောင်းသူများ စောင်ခြုံ၍စာသင်ကြားနေရ

**ဟားခါး ဇန်နဝါရီ ၂၂**
ချင်းပြည်နယ်ရှိမြို့နယ်များနှင့် ချင်းတောင်ခြေရှိ မြို့နယ်များ၌ ယခင်နှစ်ဆောင်းရာသီထက် ယခုနှစ်ဆောင်းရာသီကာလတွင် ရေခဲမှတ်အထိ ရောက်ရှိကာ အအေးဓာတ်လွန်ကဲနေကြောင်း သိရသည်။



ချင်းပြည်နယ်၏ အချို့နေရာတို့တွင် ဒီဇင်ဘာလဆန်းပိုင်းမှစ၍ ရေခဲမှု၊ ဆီးနှင်းခဲများဖြစ်ပေါ်နေပြီး နံနက်စောစော နေမထွက်မီအချိန်အထိရှိနေသည့် ရေခဲပြင်များမှာ မှန်သားကဲ့သို့ဖြစ်နေကာ ချိုးဖဲ့ခွာယူ၍ အမှတ်တရမှတ်တမ်းဓာတ်ပုံများ ရိုက်ယူကြကြောင်း၊ ချင်းပြည်နယ်တွင် နှစ်စဉ် ဒီဇင်ဘာလရောက်တိုင်း ညအပူချိန်မှာ (-၁) မှ (-၃) ဒီဂရီစင်တီဂရိတ်အထိ ဖြစ်ပေါ်တတ်ပြီး နေရာအနှံ့အပြားတွင် ရေခဲလေ့ရှိကြောင်း၊ ကျေးလက်ဒေသအချို့တို့တွင် အအေးဓာတ်လွန်ကဲသောကြောင့် ကျောင်းသား ကျောင်းသူများမှာ စာသင်ခန်းများအတွင်း စောင်ခြုံ၍ စာသင်ကြားနေကြရကြောင်း သိရသည်။

**ဇိုဟေဆာ**



# တာချီလိတ်ခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**တာချီလိတ် ဇန်နဝါရီ ၂၂**
ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်နှင့် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းတို့သည် ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီခွဲက တာချီလိတ်ခရိုင် တာလေမြို့ နားဟိုင်းလုံချောင်းရှိ သတ္တုတူးဖော်ရေးလုပ်ငန်းများအား စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟန်ထွန်းက လုပ်ငန်းနှင့်ပတ်သက် သည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်အချိန်ကာလအတွင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ ထိခိုက်နစ်နာမှုများမရှိစေရေး စနစ်တကျဆောင်ရွက်ရန် ရှင်းလင်းမှာကြားပြီး ချောင်းအတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခရိုင်ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာရွှေဝင်းနှင့် တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက ခရိုင်အတွင်းကျန်းမာရေးကဏ္ဍဆိုင်ရာများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့ဆေးရုံရှိ ကျောက်ကပ်ဆေးစက်၊ CT Scan ဓာတ်မှန်ရိုက်စက်နှင့် အောက်ဆီဂျင်ထုတ်လုပ်ရေးစက်တို့ကို ကြည့်ရှုစစ်ဆေးရာ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ပြည်သူများလျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး ၁၆၀ ကေဗွီအေ ထရန်စဖော်မာတပ်ဆင်

**ကန်ကြီးထောင့် ဇန်နဝါရီ ၂၂**
ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေးနှင့် ဗို့အားကျဆင်းမှုများ လျော့နည်းရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ လျှပ်စစ်အင်ဂျင်နီယာ ဦးစောထူးရှီး ဦးဆောင်၍ လျှပ်စစ်ဝန်ထမ်းများနှင့်အတူ ဇန်နဝါရီ ပထမပတ်က ဒါးကကျေးရွာရှိ အေးချမ်းသာရပ်ကွက်နှင့် ကြိမ်ချောင်းရပ်ကွက်တို့မှ ပြည်သူများ မီးအားပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် ၁၁/သုည ဒသမ ၄ ကေဗွီ (၁၆၀ ကေဗွီအေ) ထရန်စဖော်မာတစ်လုံး တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထရန်စဖော်မာ တည်ဆောက်တပ်ဆင်ရာတွင် ဆက်စပ်ပစ္စည်းများနှင့် လုပ်အားခ ကုန်ကျစရိတ်များကို ဓာတ်အားသုံးစွဲသူ ရပ်ကွက်နေပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၁/ သုည ဒသမ ၄ ကေဗွီ (၁၆၀ ကေဗွီအေ) ထရန်စဖော်မာကို တပ်ဆင်ပြီးစီးပြီဖြစ်၍ အေးချမ်းသာရပ်ကွက်နှင့် ကြိမ်ချောင်းရပ်ကွက်တို့မှ မီးသုံးစွဲသူ ပြည်သူများ လျှပ်စစ်ဓာတ်အားကို ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**နန်းထိုက် (ပြန်/ဆက်)**



## အသိပညာပေးဟောပြောပွဲများကျင်းပ

**မူဆယ်**
မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်နှင့် မြို့မရဲစခန်းတို့မှ ရဲတပ်ဖွဲ့ဝင်များအား ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ကောင်းစွာအသုံးပြုသွားလာတတ်စေရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

မူဆယ်မြို့ အမှတ် (၁၂၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးချစ်စိန်က ရဲတပ်ဖွဲ့ဝင်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး အခမ်းအနားသို့ မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးညွန့်နှင့် မြို့နယ်မှူး၊ မြို့မစခန်းမှူးတို့ ဦးဆောင်သည့် အရာရှိနှင့် အခြားအဆင့် ရဲတပ်ဖွဲ့ဝင် ၆၀ တက်ရောက်ကြသည်။

**သီပေါကိုလတ်**

**ဒဂုံမြို့သစ် (မြောက်ပိုင်း)**
ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ် ၃၈ ရပ်ကွက် မင်းရဲကျော်စွာလမ်း၌ ဇန်နဝါရီ ၂၀ ရက် နံနက် ၈ နာရီခွဲက မူခင်းပညာပေးပြခန်းယာဉ်ဖြင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့မရဲစခန်း ခေတ္တစခန်းမှူး ရဲအုပ် အောင်ကိုဝင်း၊ ယာဉ်ထိန်းရဲ တပ်ဖွဲ့စု ၃၀ မှ ဒုရဲမှူးအောင်ဝင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးမှ ဒုရဲအုပ်သက်ထွန်းအောင်တို့က မူခင်းအသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

**သန်လျင်**
# KBZ Bank Women's League ပွဲစဉ် (၅) စတင်မည်

**ရန်ကုန် ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိက ပံ့ပိုးကူညီမှုဖြင့် ကျင်းပလျက်ရှိသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပွဲစဉ်(၅)ကို ဇန်နဝါရီ ၂၃ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အသင်းကြီးများဖြစ်သည့် လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ် (၅)အဖြစ် ဇန်နဝါရီ ၂၃ ရက်တွင် မြဝတီအသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်း၊ ဇန်နဝါရီ ၂၄ ရက်တွင် အား/ကာသိပ္ပံအသင်းနှင့် သစ္စာအားမာန်အသင်း၊ ဇန်နဝါရီ ၂၅ ရက်တွင် ဂန္ဓမာအသင်းနှင့် တက္ကသိုလ်အသင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် ဇွဲကပင်အသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၄)အပြီးတွင် သစ္စာအားမာန်နှင့် လက်ရှိ ချန်ပီယံအသင်းတို့က ၁၀ မှတ်စီ၊ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ကိုးမှတ်၊ YREO အသင်းက ခုနစ်မှတ်၊ ဇွဲကပင်အသင်းက ခြောက်မှတ်၊ အား/ကာသိပ္ပံအသင်းက လေးမှတ်ရထားပြီး ဂန္ဓမာနှင့် တက္ကသိုလ်အသင်းတို့က လေးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ သစ္စာအားမာန်နှင့် မြဝတီအသင်းသည် အမှတ်တူနေသော်လည်း ဂိုးကွာခြားချက် အသာရထားသည့် သစ္စာအားမာန်အသင်းက ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ပွဲစဉ် (၄)တွင် ပထမဆုံးရှုံးပွဲကြုံတွေ့ပြီး နိုင်ပွဲဆက်မှု ရပ်တန့်ခဲ့ရသည့် အားကစားနှင့် ကာယပညာ

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

# ကနီမြို့နယ် ညောင်ပင်ဝန်းရွာတွင် မြေသားအက်ကြောင်း ပို၍နိမ့်ကျမှုဖြစ်ပွား

**စစ်ကိုင်း ဇန်နဝါရီ ၂၂**

၂၀၁၆ ခုနှစ် အောက်တိုဘာလမှ စတင်ကာ မြေအက်ကြောင်းပေါ်၍ နေအိမ်အချို့ ပြောင်းရွှေ့ခဲ့ရသော စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့တောင်ဘက် သုံးမိုင်အကွာ ညောင်ပင်ဝန်းရွာတွင် တစ်နှစ်ကျော်အကြာ၌ ယခုအခါ မြေသားအက်ကြောင်းမှာ ပို၍နိမ့်ကျသွားသည်ကို တွေ့ရကြောင်း ကနီမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

"လွန်ခဲ့တဲ့ တစ်နှစ်ကျော်က ရွာလယ်လမ်းမကြီး ပပ်ကြားအက်သွားတာ၊ ဖြစ်တုန်းက ဝန်ကြီးချုပ်နဲ့အတူ လာကြည့်ပြီးတော့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ သိန်းတစ်ထောင် လျာထားပြီး မြေထိန်းနံရံလုပ်ဖို့ရှိပါတယ်၊ ဟိုတစ်နေ့က သွားကြည့်တော့ မြေက ပပ်ကြားအက်အစပ်မှာ လေးပေလောက် နိမ့်ကျနေတာ တွေ့ရတယ်၊ အတွင်းဘက်တော့ ဘယ်လောက်နိမ့်တယ်ဆိုတာ မသိဘူး၊ နဂိုကတော့ ပပ်ကြားအက်တာပဲ သိတာလေ၊ အောက်နိမ့်တယ်ဆိုတာ မသိဘူး၊ အခုဟာကျတော့ အောက်တည့်တည့်ကို နိမ့်နေတာ တွေ့ရပါတယ်" ဟု ဦးထွန်းထွန်းဝင်းက ပြောသည်။

ညောင်ပင်ဝန်းရွာသည် ချင်းတွင်းမြစ်ဘေးကျေးရွာဖြစ်ပြီး ၂၀၁၆ ခုနှစ် ပုဂံလှျင်လှုပ်အပြီး ကျေးရွာအနီး ချင်းတွင်းမြစ်နှင့် ကိုက် ၃၀၀ ကျော်အကွာ ရွာလယ်လမ်းတွင် အက်ကြောင်း စတင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အဲဒီရွာနဲ့ မလှမ်းမကမ်းမှာ အင်းကြီးရှိတယ်၊ အင်းထဲ ဆက်ထားတဲ့ ရေမြောင်းတွေကို ကောင်စီလက်ထက်ကတော့ ဖောက်တာ ပြင်တာတွေ ရှိခဲ့တယ်၊ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာတော့ ပစ်ထားတာဆိုတော့ အင်းထဲမှာ ရေတွေဝပ်ပြီး အောက်ကနေ ချင်းတွင်း

**စာမျက်နှာ ၁၀ ကော်လံ ၃ သို့**



ညောင်ပင်ဝန်းရွာ၌ မြေသားအက်ကြောင်း ထပ်မံနိမ့်ကျသွားမှုကို တွေ့ရစဉ်။



# နှင်းရည်စို့ရွှဲ တပို့တွဲ

မောင်ခိုင်မာ
(အထက်မင်းလှ)

မြန်မာ့တစ်ဆယ့်နှစ်လတွင် ဆယ့်တစ်လမြောက်ဖြစ်သော ဆောင်းနှောင်းရာသီဖြစ်သည့် "တပို့တွဲ"လသို့ ရောက်ပေပြီ။ တပို့တွဲလကို ပုဂံခေတ်က "တပိုတွယ်၊ တပို အတွယ်"ဟု ရေးသားကြသည်။ ဦးဖိုးလတ်က "တပို့" မှာ ထန်းပို့ဖြစ်၍ ထန်းဖူး၊ ထန်းခိုင်ဟု အဓိပ္ပာယ်ရကြောင်း၊ "တွဲ"မှာ မြန်မာစကားသက်သက် "တွဲကျခြင်း"ကို ဟောကြောင်း၊ ထို့ကြောင့် တပို့တွဲလဟူသည် ထန်းဖူးထန်းခိုင်တို့ကို အောက်သို့တွဲကျအောင် (ထန်းရည်ကောင်းကောင်းထွက်စေရန်၊ ထန်းရည်ခံရာတွင် လွယ်ကူစေရန်)ပြုလုပ်ခြင်းဖြစ်၍ ထန်းရည်နင်းလဟု အဓိပ္ပာယ်ရကြောင်း ဖွင့်ဆိုသည်။ မြန်မာအဘိဓာန်တွင် တပို့တွဲလကို "ထန်းဖူးထန်းခိုင်တို့ အောက်သို့ ကိုင်းညွတ်အောင် ပြုလုပ်သည့်လ၊ ထန်းရည်နင်းလ၊ မြန်မာ့တစ်ဆယ့်နှစ်လတွင် ဆယ့်တစ်လမြောက်သောလ၊ ကုံရာသီ"ဟု ဆိုပါသည်။ ထန်းပို့များ တွဲကျသောလဖြစ်၍ "ထန်းပို့တွဲ"မှ "တပို့တွဲ"ဟု ကာလရွေ့လျောလာခြင်းဟုလည်း ဆိုသည်။

တပို့တွဲလ၏ရာသီအမည်မှာ ပါဠိတွင် "ကုမ္ဘ"၊ မြန်မာအားဖြင့် "ကုံ"၊ လက်တင်အားဖြင့် "အကွာရီးယပ် (Aquarius)" ဖြစ်ပြီး ရာသီရုပ်ပုံမှာ "အိုးထမ်းယောကျ်ား" ဖြစ်ပါသည်။ အသလိဿနက္ခတ်ထွန်းပြီး စန်းယှဉ်နက္ခတ်မှာ "မာဃနက္ခတ်" ဖြစ်၏။ ဝါထပ်ရက်ငင်နှင့်ပတ်သက်၍ တပို့တွဲလသည် ဝါငယ်ထပ်နှစ်၊ ဝါကြီးထပ်နှစ် နှစ်မျိုးစလုံးတွင် ၃၀ ရက်ရှိပါသည်။ ဤလတွင် နေထွက်ချိန် သည် နံနက် ၆ နာရီ ၄၈ မိနစ်၊ နေဝင်ချိန် ညနေ ၅ နာရီ ၁၂ မိနစ်ဖြစ်၍ ညတာအရှည်ဆုံးဖြစ်သော ပြာသိုလထက် နေထွက်ချိန် ၂၄ မိနစ်စောပါသည်။ ဤလ၏ရက်ရာဇာမှာ အင်္ဂါနေ့နှင့် ကြာသပတေးနေ့ ဖြစ်ပြီး ပြဿဒါးမှာ တနင်္ဂနွေနေ့နှင့် တနင်္လာနေ့ဖြစ်သည်။ "တပို့တွဲပေါက်လဲငယ် ထိန်ထိန်လျှံ၊ တေးဖွဲ့သံစာစာနဲ့၊ ထမနဲပွဲလည်း နွဲ့ကြသည်"ဟူသည့်အတိုင်း ရာသီပန်းမှာ ပေါက်ပန်း (ရုက္ခဗေဒအရ ပေါက်နှင့် လက်ပံသည် မျိုးတူဖြစ်သည်ဟု သိရသည်) ဖြစ်ပြီး ရာသီပွဲမှာ ထမနဲပွဲ၊ မီးပုံပွဲဖြစ်ပါသည်။

**အအေးပိုကဲ လတပို့တွဲ**

တပို့တွဲလ၏ အချမ်းကဲပုံကို "နှင်းရည်စို့ရွှဲ တပို့တွဲ"၊ "နှာရည်ယို့ရွှဲ တပို့တွဲ" ဟုလည်းကောင်း၊ "တပို့တွဲ ကျွဲချိုဖျား ဆတ်ဆတ်ခါသည်"ဟုလည်းကောင်း ဆိုကြသည်။ မီးနှင့် မျက်စိမသင့်ခြင်း၊ မီးလှုံခြင်းကြောင့် အဆင်းပျက်ခြင်း၊ ခွန်အားဆုတ်ယုတ်စေခြင်း စသည်တို့ကြောင့် သာမန်အားဖြင့် ချမ်းအေးသော ရာသီအခါသမယတွင် ဝိနည်းတော်အရ ရဟန်းတို့ မီးမလှုံရပါ။ သို့သော် တပို့တွဲလအကုန် တပေါင်းလအကူး ကြားရှစ်ရက်သည် အလွန်တရာချမ်းအေးသောကြောင့် ထိုရက်များအတွင်း ရဟန်းတို့အား ဘုရားရှင်က မီးလှုံခွင့်ပြုသည့်အပြင် ဘုရားရှင်ကိုယ်တော်တိုင် ခေတ်ကြီးလေးပါး မျှတစေခြင်းငှာ ရွှေလက်တော်အား မီးကင်တော်မူသည်ဆို၏။ ထို့ကြောင့်ပင် စာဆိုကျော် ဦးကြော့က "ရွှေယုဂန်နန်းချိုမြ၊ စန်းစိုခလျှံလူ၊ ချမ်းစိုမျှစံမတူသည် သယမ္ဘူသော်မှ၊ မီးမယ်ဖျူး ရွှေလက်ကင်သည်၊ ရေစက်သွင်အေးတဲ့သည်လ"ဟု ရေးဖွဲ့ခဲ့ပါသည်။ ဤသည်ကိုအစွဲပြု၍ တပို့တွဲလ မီးပုံသဘင်ကို ဆင်ယင်ကျင်းပခဲ့ကြသည်။ "မီးပုံ"ဟူသည်မှာ အရပ်စကားဖြစ်ပြီး စာစကားမှာ "မီးဖုံး"ဖြစ်၏။ "ဖုံး" ဆိုသည်မှာ "ပုည"ဟူသောပုဒ်မှ ဆင်းသက်လာပြီး "ကုသိုလ်၊ အလှူ"ဟု အဓိပ္ပာယ်ရ၏။ ထို့ကြောင့် မီးဖုံးပွဲဟူသည်မှာ မီးအလှူ မီးကုသိုလ်ပွဲဖြစ်ပါသည်။ အမွှေးနံ့သာတို့ဖြင့် မီးပုံပြာသာဒ်ပြုလုပ်ပြီး ဘုရားရှင်အား အပူဓာတ်ကို လှူဒါန်းပူဇော်ကြခြင်းဖြစ်ပါသည်။

**ယာဂု (ထမနဲ) တပို့တွဲ**

ရှေးက မီးပုံပွဲတွင် ယာဂုအိုး ၁၀၀၀၊ ထင်းစည်း ၁၀၀၀ လှူလေ့ရှိကြောင်းပါရှိသလို မီးဖုံးပွဲကျင်းပရာ တပို့တွဲလတွင် မြတ်စွာဘုရားရှင်အား ယာဂုကပ်လှူသည်ဟု ဆိုသဖြင့် မီးပုံပွဲနှင့် ယာဂုပွဲမှာ ဆက်စပ်နေပါသည်။ တစ်ခါသော် ဘုရားရှင်သည် သံဃာတော်များနှင့်အတူ အန္ဓဝန္ဒရွာသို့ ဒေသစာရီကြွချီတော်မူရာ ပရိသတ်တို့က လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ကပ်လှူပူဇော်ကြသောအခါ ပုဏ္ဏားတစ်ယောက်သည် လှူခွင့်အလှည့်မကျနိုင်သောကြောင့် အရှင်အာနန္ဒာမှတစ်ဆင့် ဘုရားရှင်အား ယာဂုနှင့် တကွ ပျားသကာမုန့်ချိုတို့ကို ကပ်လှူခွင့်တောင်းရာ မြတ်စွာဘုရားရှင်က သည်းခံခွင့်ပြုသည်မှစ၍ ယာဂုလှူပွဲ အစဉ်အလာ ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။ ထို့ကြောင့်ပင် ဆီသည်ရွာစား ဦးအောင်ကြီး၏ တပို့တွဲလ လူးတားတွင် "ရပ်ရှစ်မျက်နှာ၊ သံဃာတို့အား၊ ဆယ်ပါးဝတ္ထု၊ ယာဂုအဖျော်၊ ပူဇော်ရွှင်ပြုံး၊ ပွဲမဆုံးလျှင်၊ မီးဖုံးသဘင်" ဟု ဖွဲ့ဆိုထားသည်ကို တွေ့ရပါသည်။ ထိုယာဂုကိုပင်လျှင် ယနေ့ခေတ်၌ ထမနဲထိုးသည်ဟု ဆိုခြင်းဖြစ်ပါသည်။ တပို့တွဲလ၏ အအေးဒဏ်ကို ရာသီစာ အာဟာရဖြစ်သော ထမနဲဖြင့် ကာကွယ်နွေးထွေးစေခြင်းလည်း ဖြစ်ပေမည်။ ဆီအိနေသော အပူစာထမနဲကို စားသုံးခြင်းဖြင့် အဆီခန်းခြောက်ခြင်းနှင့် အအေးဒဏ်ကာကွယ်ခြင်းတို့ကို ပေးစွမ်းသည်ဟု ဆိုပါသည်။

ထမနဲသည် စုပေါင်းအားဖြင့် ညာသံပေးကာ အားထည့်ပြုလုပ်ရသော အာဟာရဖြစ်၍ ကုန်ကြမ်းတစ်ခုချင်းစီမှအစပြု၍ ထမနဲဘဝရောက်သည်အထိ စုစည်းညီညွတ်စွာ ဆောင်ရွက်မှ အရသာရှိသော ထမနဲကို ရရှိပေသည်။ ထမနဲထိုးပြိုင်ပွဲများတွင် "ပျော့ပါတော့၊ အိပါတော့၊ ပျော့ပါတော့၊ အိပါတော့၊ ပျော့ဟ၊ အိဟ၊ ပျော့ဟ၊ အလိုဗျာ ပျော့လိုက်ပ့ါ ထမနဲ"ဟု အိုးစည် ဒိုးပတ်ဝိုင်းဖြင့် တီးမှုတ်ကခုန် သီဆိုအားပေးကြသည်။ ဆရာကြီးမင်းသုဝဏ်၏ အိုးစည်သံ ရသစာတမ်း၌ "ထမနဲထိုးသောသူများ၊ ဝေသောသူများ၊ စားသောသူများသည် တို့၏အသံက တစ်တောလုံးညံနေပေသည်။ ဤသည်ကို မဟာအတုလမင်းကြီးက "ညံလို့သာ သဲတော့တယ်၊ ပေါက်လဲငယ်ပွင့်တံ ထိန်ထိန်ငယ်လျှံသည်၊ ဆက်ရက်သံစာစာနှင့်၊ ငှက်ညီလာကျင်းတဲ့လကိုလေး"ဟု ဖွဲ့ဆိုပြထားသည်။

> **"လက်ယာရံအဂ္ဂသာဝက ရှင်သာရိပုတ္တရာနှင့် လက်ဝဲရံအဂ္ဂသာဝက အရှင်မောဂ္ဂလန်တို့အား ဧတဒဂ်ရာထူးအပ်နှင်းသောနေ့ (ဧတဒဂ်ရသောနေ့)ဖြစ်ခြင်း၊ အင်္ဂါလေးရပ်နှင့်ပြည့်စုံသော ရဟန်းပရိသတ်တို့ အလိုအလျောက် စုဝေးမိသောနေ့ဖြစ်ခြင်း စသည်ဖြင့် ထူးခြားချက် လေးမျိုးနှင့် ပြည့်စုံသောနေ့မှာ တပို့တွဲလပြည့်နေ့ ဖြစ်သည်။"**

အိုးစည်သံဖြင့် ကရတော့မလိုလို၊ ခုန်ရတော့မလိုလို၊ တရိုးရိုး၊ တရွရွဖြစ်ကြကုန်၏။ သီတင်းကျွတ်၊ တန်ဆောင်မုန်းလတွင် လွတ်ခဲ့သော မီးပုံးပျံကြီး မှိုင်းဝသောအခါ တရွရွ၊ တလှုပ်လှုပ်ဖြစ်နေသည်နှင့် တူလေတော့သည်" ဟု ရေးဖွဲ့ထားပါသည်။ မြန်မာလူမျိုးတို့ အထူးနှစ်သက်သည့် ရာသီစာ ထမနဲတွင် ပါဝင်သည့်ပစ္စည်းအမယ်များမှာ "စားတော်ရသံပေါက်ဝါ၊ လေးပြည်သာထည့်မြဲ၊ ချိန်ပိဿာလျှံကြည်ရွှဲအောင်လို့ နှမ်းဆီလဲထည့်ပြန်" အစချီသော ထမနဲတေးထပ်အရ (ကောက်ညှင်းဆန်လေးပြည်၊ နှမ်းဆီတစ်ပိဿာ၊ မြေပဲဆံ ရှစ်ဆယ်ကျပ်သား၊ နှမ်းသုံးဆယ့်နှစ်ကျပ်သား၊ အုန်းသီးစိတ် နှစ်ဆယ်ကျပ်သား၊ ဆား ခုနစ်ကျပ်သား၊ ချင်းစိမ်း သုံးကျပ်သား)ဟူသည့် ပစ္စည်း ခုနစ်မျိုးပါဝင်ပါသည်။ ၎င်းတို့ကို မိုးပြဒယ်အိုးတွင် နှံ့အောင်မွှေ၍ နယ်ရခြင်းဖြစ်ပေသည်။

**လက်ပံနီရဲ လတပို့တွဲ**

တပို့တွဲလတွင် ရာသီပန်းဖြစ်သော ပေါက်ပန်းနှင့် လဲပန်းတို့ ပွင့်ကြ၏။ ရဲရဲနီနေသော ပေါက်ပွင့်တို့က တပို့တွဲလ၏ သဘာဝအလှကို ကူပံ့နေသည်။ ပေါက်ပွင့်၊ လက်ပံပွင့်ဝတ်ရည်ကို သောက်သုံးကာ ရီဝေနေသော ဆက်ရက်တို့၏အသံက တစ်တောလုံးညံနေပေသည်။

**ရထားဆွဲပွဲ လတပို့တွဲ**

တပို့တွဲလသည် ရခိုင်တိုင်းရင်းသားတို့၏ စုပေါင်းစွမ်းရည်ကို ဖော်ညွှန်းသော ရခိုင်ရိုးရာရထားဆွဲပွဲ ကျင်းပသောလဖြစ်သည်။ တတိယ ဓညဝတီခေတ် (BC ၅၈၀ မှ AD ၃၂၆ ထိ) နန်းတက်ခဲ့သော စန္ဒာသူရိယ မင်းကြီးလက်ထက် BC ၆ ရာစုတွင် စတင်ခဲ့ကြောင်း၊ ရခိုင်တို့၏ ဇာတာနှင့် နေလ၊ နက္ခတ်တာရာများကို ယှဉ်ပြိုင်ကျင်းပခြင်းဖြစ်ကြောင်း၊ ရထားဆွဲပွဲကျင်းပခြင်းအားဖြင့် တိုင်းပြည်အေးချမ်းသာယာခြင်း၊ ဆန်ရေစပါး ပေါများခြင်း၊ မင်းနှင့်ပြည်သူ ကြည်ဖြူကာ အစစအရာရာ အောင်မြင်ခြင်းတို့ ဖြစ်ပေါ်ကြောင်း၊ ရထားပြုလုပ်ရာတွင် ရှေ့က ဒိုးနွယ် (ဂုံညှင်းဒိုးပင်၏အနွယ်)ဖြင့် ချည်နှောင်ပြီး ရထားအညွှန့်ကို ဝါးညွန့်ဖြင့် ပြုလုပ်ရကြောင်း၊ စက်သီးလေးလုံးတပ်ဆင်ရကြောင်း၊ ရထားဆွဲရာတွင် ရပ်ရွာအလိုက်အဖွဲ့အလိုက် ဆွဲကြရာ နှစ်ကြိမ်ဆွဲရပြီး နှစ်ကြိမ်စလုံးနိုင်မှ အနိုင်ရကြောင်း၊ အကယ်၍ တစ်ဖက်တစ်ခေါက်စီ နိုင်နေပါက နောက်တစ်ခါထပ်ဆွဲပြီး အနိုင်ရသည့်အဖွဲ့က အောင်နိုင်ကြောင်း၊ ဆွဲသောရထားကို တပို့တွဲလပြည့်ည သန်းခေါင်ယံမကျော်မီ မီးရှို့ဖျက်ဆီးရကြောင်း၊ ရထားမဆွဲမီ ရထားကို ရိုးရာအစဉ်အလာအရ အသက်သွင်းခြင်း၊ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များအား ပင့်ဖိတ်ခြင်း၊ ဂါထာမန္တန်များ ရွတ်ဖတ်ခြင်းတို့ကို ပြုလုပ်ရကြောင်း၊ ပွဲကြည့်ပရိသတ်က "ဆွဲ-လေး-လေး-ယီးဆွဲ-ယီးဆွဲ" ဟု အော်ဟစ်အားပေးကြကြောင်း၊ ရခိုင်ရိုးရာရထားဆွဲပွဲကို နှစ်စဉ် တပို့တွဲလဆန်း ၁၁ ရက်မှ လပြည့်နေ့အထိ ကျင်းပကြောင်းနှင့် ရခိုင်ရိုးရာ သံချပ်ပွဲကိုပါ ထည့်သွင်းကျင်းပကြောင်း သိရသည်။

**ထင်ရှားထူးကဲ လတပို့တွဲ**

တပို့တွဲလတွင် ထင်ရှားသော လောကုတ္တရာနေ့ထူးနေ့မြတ်မှာ "ဩဝါဒပါတိမောက် အခါတော်နေ့"ဟု ခေါ်ဆိုသည့် တပို့တွဲလပြည့်နေ့ဖြစ်သည်။ ဘုရားရှင် အဆုံးအမဩဝါဒနှင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်များကို **ပါတိမောက်** ဟုခေါ်သည်။ ပါတိမောက်တွင် ဩဝါဒပါတိမောက်နှင့် အာဏာပါတိမောက် ဟူ၍ရှိရာ ဩဝါဒပါတိမောက်ကို ဘုရားရှင်တို့သာ ပြခွင့်ရှိသည်။ ဘုရားတစ်ဆူနှင့်တစ်ဆူ ဩဝါဒပေးပုံ ကွဲပြားမှုမရှိပါ။ အချိန်ကာလသာ ကွဲပြားပါသည်။ ဩဝါဒပါတိမောက် ဂါထာသည် သီလ၊ သမာဓိ၊ ပညာကို ဟောကြားထားခြင်းဖြစ်၍ ပိဋကတ်သုံးပုံအနှစ်ချုပ်ဟုလည်း ခေါ်ပါသည်။ မြတ်စွာဘုရားရှင်လက်ထက်တော် တပို့တွဲလပြည့်နေ့တွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ရဟန္တာပေါင်း ၁၂၅၀ တက်ရောက်သော "ပထမသံဃသန္နိပါတ" (ပထမဆုံး သံဃာအစည်းအဝေး)ကို ကျင်းပကာ ဘုရားအဆူဆူ၏ ဆုံးမစကားဩဝါဒ ပါတိမောက် ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် လက်ယာရံအဂ္ဂသာဝက ရှင်သာရိပုတ္တရာနှင့် လက်ဝဲရံအဂ္ဂသာဝက အရှင်မောဂ္ဂလန်တို့အား ဧတဒဂ်ရာထူးအပ်နှင်းသောနေ့ (ဧတဒဂ်ရသောနေ့)ဖြစ်ခြင်း၊ အင်္ဂါလေးရပ်နှင့်ပြည့်စုံသော ရဟန်းပရိသတ်တို့ အလိုအလျောက် စုဝေးမိသောနေ့ဖြစ်ခြင်း စသည်ဖြင့် ထူးခြားချက် လေးမျိုးနှင့် ပြည့်စုံသောနေ့မှာ တပို့တွဲလပြည့်နေ့ ဖြစ်သည်။

လောကီထူးကဲမှုတစ်ရပ်မှာ (၁၃၀၈ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်)(၁၂-၂-၁၉၄၇)ရက်နေ့တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကြိုးပမ်းတည်ဆောက်ခဲ့သော လွတ်လပ်ရေး၏ အရုဏ်ဦးပြည်ထောင်စုနေ့ဖြစ်ပေါ်ရာ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်သော လမြတ်တစ်ခုလည်း ဖြစ်ပါသည်။ ယခုနှစ် ပြည်ထောင်စုနေ့သည် တပို့တွဲလဆုတ် ၁၂ ရက်နေ့ဖြစ်သည်။

**ကုသိုလ်တရား ပွားများနိုင်ကြပါစေ**

ကောင်းကင်ယံ၌ စန်းယှဉ်ငွေလနှင့် မာဃနက္ခတ်တို့ ထွန်းပယှဉ်ပူး ရွှင်မြူးနေကြသည့် လမြတ်တပို့တွဲတွင် ထမနဲပွဲဆင်နွှဲကာ ထမနဲပူပူနွေးနွေးအား ဦးဦးဖျားဖျား ဆွမ်းတော်ကပ်ကြပြီးလျှင် သံဃာတော်တို့အား လောင်းလှူ၊ အိမ်နီးနားချင်းနှင့် ဆွေမျိုးတို့အား ဝေငှကာ ကုသိုလ်တရား ပွားများနိုင်ကြပါစေ သတည်း။ ။

---

## နှစ်တစ်ရာကျော်ရှိ ရှေးဟောင်းကျောင်းဆောင်ကြီး ပြန်လည်ပြုပြင်ရန် အလှူရှင်များ လိုအပ်နေ

**ညောင်လေးပင် ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၁)ရပ်ကွက် ဘုရားကြီးလမ်းရှိ ကုသိနာရုံ ပါဠိသိပ္ပံကျောင်းတိုက်၌ သံဃာတော်များ သီတင်းသုံးနေထိုင်လျက်ရှိသော နှစ်တစ်ရာကျော် ရှေးဟောင်းကျောင်းဆောင်ကြီးကို ပြန်လည်ပြုပြင်နိုင်ရန် အလှူရှင်များ လိုအပ်လျက်ရှိကြောင်း သိရသည်။

"ဒီရှေးဟောင်းကျောင်းဆောင်ကြီးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကျော် ၁၉၀၅ ခုနှစ်ကတည်းက တည်ဆောက်ထားခဲ့တာဖြစ်ပါတယ်၊ မူလကျောင်းအလှူရှင်များကတော့ ကျောင်းအမကြီး ဒေါ်ဖေါ့နဲ့သားသမီး မြေးမြစ်တစ်စုတို့က ဆောက်လုပ်လှူဒါန်းခဲ့တာဖြစ်ပါတယ်၊ မူလအလှူရှင်များနဲ့လည်း ဆက်သွယ်လို့မရတော့တဲ့အတွက်ကြောင့် ရှေးဟောင်းအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက် မူလရှေးဟောင်းလက်ရာများ မပျောက်ပျက်အောင် နိုင်ငံတော်အစိုးရပိုင်းအနေနဲ့လည်း လာရောက်လေ့လာ ကူညီပံ့ပိုးပေးစေချင်ပါတယ်၊ လာရောက်လေ့လာဖို့လည်း ဖိတ်ခေါ်ပါတယ်၊ ရှေးဟောင်းအမွေအနှစ်တွေကို မပျောက်ပျက်အောင် ကာကွယ်ထိန်းသိမ်းလိုကြတဲ့ ဒါယကာ ဒါယိကာမတွေအနေနဲ့လည်း စိတ်ပါဝင်စားစွာ လာရောက်လေ့လာ ဆက်သွယ်လှူဒါန်းနိုင်ဖို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု ပါဠိသိပ္ပံကျောင်းတိုက် ဆရာတော် အရှင်ကဝိသေဌာလင်္ကာရက မိန့်ကြားသည်။

အဆိုပါရှေးဟောင်းကျောင်းဆောင်ကြီးသည် ၁၉၀၅ ခုနှစ်က ဆောက်လုပ်ထားသော နှစ်ပေါင်းရာချီ ကြာပြီဖြစ်သည့် အလျား ၃၁ ပေ၊ အနံ ၃၁ ပေ၊ အမြင့် ၃၆ ပေ ခန့်ရှိ အုတ်စီ သွပ်မိုး ရှေးဟောင်းကျောင်းဆောင်တစ်ခု ဖြစ်သည်။ ငလျင်လှုပ်ခတ်သည့်အခါများတွင် အက်ကွဲကြောင်းများ ဖြစ်ပေါ်ပြီး မကြာခင်က လှုပ်ခတ်သွားသော ဖြူးငလျင်ကြောင့်လည်း အက်ကြောင်းများ ပို၍ကြီးလာကာ နံရံများ ကွာကျသောကြောင့် ရှေးဟောင်းလက်ရာ ကျောင်းဆောင်တစ်ခု ပြိုကျပျက်စီးမည်ကို သံဃာတော်များက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

**ကိုထွေး(ညောင်လေးပင်)**

# လတပို့တွဲ မီးဖုန်းပွဲနှင့် ထမနဲပွဲတော်

**ရွှေဘိုသီရိမာလာ**

တပို့တွဲလသည် မြန်မာမှုအရ ကုံရာသီခေါ်၍ ယင်းလတွင် စန်းပြည်နက္ခတ်မှာ မာဃနက္ခတ်ဖြစ်သည်။ ယှဉ်သော တာရာ ချိန်တာရာဖြစ်ပြီး ရာသီရုပ်မှာ ရေထမ်းသမားရုပ် ဖြစ်သည်။ ရာသီပန်းကား ဆူးပန်း၊ ပေါက်ပန်း၊ လဲပန်း ဖြစ်၏။ ရာသီပွဲတော်ကား မီးဖုန်းအလှူပွဲနှင့် ထမနဲပွဲ ဖြစ်လေသည်။ နံနက် ၆ နာရီ ၂၀ တွင် နေထွက်၍ ညနေ ၅ နာရီ ၄၀ တွင် နေဝင်လေ့ရှိသဖြင့် ညတာသည် နေ့တာထက် ပို၍ရှည်သည်။ ရက်မစုံသောလဖြစ်၍ ရက်ပေါင်း ၂၉ ရက်သာရှိသည်။ တပို့တွဲလတွင် မြန်မာ နာရီရှေးခေတ်အယူအဆတွင် နေ့ ၂၆ နာရီ၊ ည ၃၆ နာရီ ရှိသည်။ ရှေးမြန်မာတို့ စံတော်ချိန်သတ်မှတ်ချက်အရ နေမွန်းတည့်မှ ငါးဖဝါးသာ ရှိသည်။ ထို့ကြောင့် ကင်းဝန်မင်းကြီး သံပေါက်တိုလေးတွင်ကား “တပို့တွဲလ၊ ကုံသို့ကျ၊ မာဃထွန်းစမြဲ၊ ပေါက်လဲပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ” ဟူ၍ ရေးစပ်ခဲ့လေသည်။ ထို့ပြင် စာဆိုတော်များက “တပို့တွဲလ၊ ပေါက်လဲရယ်ငုံစီစီ၊ ဖူးတန်ကချီ၊ သည်ရာသီ ဘာဟီကအို အပေါင်း၊ ပျိုတို့မောင်ရွှေယောင်တွဲငယ်နှင့် လွဲပေ့ါသည်ဆောင်း” ဟူ၍ ရာသီအလှနှင့် အလွမ်းဓာတ်ရှိ သောသူမယ်က အနွေးကိုတမ်းတနေစဉ် လွဲရပြန်၍ လှလှပပဖွဲ့ဆိုထားလေသည်။

စာဆိုတော် ဦးကြော့ကလည်း “ရွှေယုဂန်နန်း၊ ညိုမြကစခန်းခိုခလျှံထူ၊ ချမ်းဆိုမှုစံမတူသည် သယမ္ဘူသော်မှ၊ မီးမယ်ဖျူးရွှေလက်ကင်သည်၊ ရေစက်သွင်အေးတဲ့ သည်လ၊ ဆင်ထိမ့်ရာသိမ့်သိမ့်ဖြာသည်၊ ခြိမ့်တာရာမဃ၊ ငြိမ့်သာယာတိသိကြွလို့၊ သိသီရစက်ခွင်၊ ထန်းဆော်လေလဲ ဝါနုငယ်နှင့် ပွဲယာဂုမီးပုန်းတော်တင်” စသည့် တပို့တွဲလ၏ အလှနှင့် သဘာဝတို့ကို ဖွဲ့ဆိုခဲ့၏။ အချို့စာဆိုများ ပညာရှိ များက တပို့တွဲလ၏ အဓိပ္ပာယ်ကို ထန်းဖူးထန်းခိုင်တို့၏ အောက်သို့တွဲလွဲညွှတ်ကိုင်းဆွဲဆိုင်းစေသည်။ ညွှတ်ကိုင်း ဆွဲဆိုင်းအောင်ပြုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ဆိုလိုသည်မှာ တပို့တွဲလတွင် ထန်းသမားတို့သည် ထန်းရည်ကောင်းစွာထွက်၍ ထန်းရည်ခံရာတွင် လွယ်ကူ စေရန် ထန်းဖူးထန်းခိုင်တို့နှင့်တကွ ပတ်လည်ရှိ ထန်းလက် တို့အား အောက်သို့ညွှတ်ကိုင်းဆွဲဆိုင်းလာအောင် ခြေဖြင့် နင်းနှိပ်ချလေ့ရှိကြပေ၏။ ယင်းကို ထန်းရည်နင်းသည်ဟု အများအားဖြင့် ခေါ်ကြသည်။

မယ်ခွေ၏ တပို့တွဲလအဲချင်းတွင် “ခြိုးဥမှတိမ်စုံလေ၊ သတ္တဗီသျှ၊ နက္ခတ္တနှင့်၊ ယှဉ်ကြမလွဲ၊ တပို့တွဲ၌၊ ပေါက်လဲ ငုံကင်း၊ (ထန်းရည်ငယ် နင်းကြသည်) နှင်းထုံထုံငယ်နှင့်လေ” ဟူ၍ ဝင်းဦးကြင်ဥ၏ ရာသီဘွဲ့ညည်းချင်း တပို့တွဲလဘွဲ့တွင် “ထန်းရည်နင်း၊ ပေါက်ကင်းတဲ့လဲငုံ၊ ဆက်ရက်ကယ်သာကာ နှင့်၊ ရော်ရွက်ဝါတမာနု၊ လွမ်းသူ့ပူပုံ၊ စရိုက်ကယ်လှုံ၊ ပင်မြုံမြင့်သိုက်နန်း၊ ထွက်စီးငယ်ဝှန်၊ ကျောက်စက်ကယ် ရေတံခွန်နှင့် ပေမဝန်သာယာနုပါဘိ၊ ယွန်းလုန္ဓေဆန်း”

ဆရာကြီး ဦးဖိုးလတ်၏ အယူအဆမှာ တပို့တွဲဟူသော ပုဒ်သုံးပုဒ်ကို ပေါင်းစပ်လိုက်လျှင် တပို့တွဲလဆိုသည်မှာ ထန်းဖူး၊ ထန်းခိုင်တို့အား အောက်သို့ညွှတ်ကိုင်းအောင် ပြုသော လ၊ ထန်းရည်နှင့်နင်းလဟူ၍ အဓိပ္ပာယ်ရသည်။ မဟာအတုလမင်းကြီး၏ တပို့တွဲလတွင် “ပေါက်လဲငယ် ပွင့်ရုံ၊ ထိန်ထိန်ငယ်လျှံသည်၊ ဆက်ရက်သံ စာစာနှင့်၊ ငှက်ညီလာကျင်းတဲ့လကိုလေး၊ ဂုံဟေမာန်ငယ်၊ ဆင်ကြဉ် သွင်းမြဲ၊ တပို့တွဲမို့ မင်းပွဲရွှင်ပျော်၊ ယာဂုတော်နှင့် စသည်ဖြင့် ဖွဲ့ဆိုထားသည်။ စာဆိုတော်ဦးအောင်ကြီးကလည်း “သာစွာလေ၊ နေလည်းချမ်းမြ၊ လလည်းနှင်းရီ၊ ပီပီမထွန်း၊ တောင်ထပ်ဝန်းလည်း၊ ဆူးပန်းလဲပေါက်၊ ဝင်းဝင်းတောက် လျက်၊ ကမ်းလျှောက်ရေးရေး၊ သဲဖြူဖွေးနှင့် ငှက်ကျေးပျံကြွ၊ ကောင်းကင်လဝယ်၊ မာသယှသ်မှီ၊ ကုံရာသီဟု၊ အညီခေါ် မြဲ၊ တပို့တွဲမူ” စသည်ဖြင့် ဖွဲ့ဆိုလေသည်။ ဝက်မစွတ် မြို့စားမင်း၏ ဧချင်းတစ်စောင်တွင်လည်း “ထန်းဆော် လေသက် ပင်ခြေတက်လည်း၊ ရော်ရွက်မြေနွဲ၊ ကြွေမစဲနှင့်၊ ပေါက်လဲငုံမြန်း၊ မံသစဏ်းသို့၊ လျှံလန်းနီဝင်းစုံခပင်းမူ” ဟု ထန်းဆော်လေကို ထည့်သွင်းဖွဲ့ဆိုထားပေသည်။

**မီးဖုန်း (ပုန်း)ပွဲ**

မီးဖုန်းအဓိပ္ပာယ်မှာ- မီးဖုန်းသည် ပါဠိဘာသာစကား ပုညပုဒ်မှ ဆင်းသက်လာသည့် ဝေါဟာရ ဖြစ်သည်။ (ပုည=ပုန်း=ပုန်း-ဖုန်း) အဓိပ္ပာယ်မှာ ပုညပုဒ်၏ အဓိပ္ပာယ် အတိုင်း ကောင်းမှု၊ ကုသိုလ်၊ အလှူဟု ဆိုလိုပေသည်။

ထို့ကြောင့် မီးဖုန်းပွဲသည် မီးကုသိုလ်ပွဲ၊ မီးအလှူပွဲဟု ဆိုလိုပေသည်။ အမှန်စင်စစ် အလွန်အေးမြသော တပို့တွဲလတွင် ဘုရားဆင်းတုများရှေ့၌ မီးဖိုရန်၊ ရဟန်း သံဃာများနှင့် သက်ကြီးရွယ်အိုများ မီးဖို၍ လှုံရန် နံ့သာထင်း၊ မယ်ဖျူး(မီးအိုးကင်း) စသည်တို့ကို ကျောင်း၊ ဘုရားတို့သို့ လှူဒါန်းသည့်ပွဲကို မီးဖုန်းပွဲဟု ခေါ်ပါသည်။ သက္ကရာဇ် ၆၅၃ ခုနှစ်စွဲ ပုဂံစောလှဝန်းဘုရား ကျောက်စာ-ကျော-၂၂-၂၃ တွင် “မီးဖုန်၊ သင်္ကြန်၊ စာရိယ၊ ညောင်ရိယ်သွန်၊ မဖြတ်စိတ်လျှင်တည်၏”ဟု ရေးထိုး ထားသည်ကို ထောက်ရှုလျှင် ဤမီးဖုန်းပွဲကား ပုဂံခေတ်ကပင် ရှိခဲ့သော အလှူဖြစ်ကြောင်း ထင်ရှားပေ သည်။ စာရေးသူ၏ အဘွားသည် ကျွန်မတို့ငယ်စဉ်က သနပ်ခါးချောင်းများကို အနုအရင့် သိမ်းဝယ်ပြီး လက်သန်း လောက်ကလေးများ စိတ်၍ နေလှန်းထားပြီးလျှင် တပို့တွဲလ တွင် ဘုရားဆင်းတုတော်ရှေ့၌ မီးပူဇော်လေ့ရှိသည်။ ထိုသို့ အိုးကင်းဖြင့် မီးပူဇော်သောဓလေ့သည် ကျွန်မတို့ ရွှေဘို တွင် ရှိနေပါသေးသည်။ ပုဂံခေတ်ထိုးကျောက်စာများတွင် ဖုန်းရစေ(ကုသိုလ်ရစေ) ဖုန်းသည်ကုသိုလ်ရှင်၊ ကောင်းမှု ရှင်၊ ဖုန်းပေး၊ ကုသိုလ်ပေး၊ ဖုန်းမှု (ကုသိုလ်မှု၊ ကောင်းမှု) စသည်ဖြင့် ရေးသားသုံးနှုန်းထားသဖြင့် ဖုန်းပုဒ်ကို ကုသိုလ်ကောင်းမှုအဖြစ် သုံးစွဲခဲ့ကြသည်။

ရေးသားပုံအမျိုးမျိုးတွင်-ပုဂံ၊ ပင်းယ၊ အင်းဝခေတ် တို့၌ မီးဖုန်းပွဲတော်ဟု အစဉ်တစိုက် ရေးသားလာခဲ့ကြသော် လည်း နောက်ပိုင်းခေတ်များ၌မူ မီးဖုန်း၊ မီးပုန်း၊ မီးပုံး၊ မီးပုံဟု အမျိုးမျိုးပြောင်းလဲရေးသားလာကြသည်ကို တွေ့ရ သည်။ ဥပမာ- စာဆိုတော်ဦးအောင်ကြီးလူးတားတွင် “ပူဇော်ရွှင်ပြုံး၊ ပွဲမဆုံးလျှင်၊ မီးပုံသဘင်၊ သူကြီးယင်သည်” ဟူ၍ ဝင်းဦးဩ၏ ကဝိလက္ခဏာသတ်ပုံ (ညောင်ရမ်းခေတ် နောက်ဆုံးပိုင်းတွင် “စာရေးမီးဖုံး၊ ထင်းသွေ့ရှန်း၊ သမုံး ရေသဖန်း” ဟူ၍ ဝင်း သုံးလူ့ချာကို၊ ရှိန်ဝါရောင်ညီး၊ မီးပုံးပူဇော်၊ လူတော်မူမြဲ၊ ရာသီပွဲ) ဟု ဦးယာ၏ တပို့တွဲလဘွဲ့ လူးတားသည် ဘိုးတော်ဘုရားလက်ထက်တွင် စပ်ဆိုခဲ့ သလို ကုသိုလ်ပျို့တွင် ဘကြီးတော်လက်ထက်က စပ်ဆိုခဲ့ ပုံမှာ “ယာဂုလှူဒါ၊ တေဇာပွားပြုံး၊ မီးဖုံးလှူမြဲ၊ လှူသည့်ပွဲနှင့်” ဟူ၍ ပုံစံအမျိုးမျိုးဖြင့် စပ်ဆိုခဲ့ကြပေသည်။ ထို့အပြင် ကင်းဝန်မင်းကြီး၏ ရာသီဘွဲ့သံပေါက်တွင် “ပေါက်လဲ ပွင့်တုံ၊ ဆူးပန်းငုံ မီးပုံယာဂုပွဲ”ဟူ၍ စပ်ဆိုသလို “ကုံရာ သီခါ၊ ပွဲတော်မှာ၊ ယာဂုမီးပုံထား”ဟူ၍ အမည်မသိစာဆိုက စပ်ဆိုခဲ့ကြပြန်သည်။

**ထမနဲပွဲသည် တပို့တွဲတွင် ကျင်းပသော ရာသီပွဲ ဖြစ်သည်။ ကောက်ညှင်းဆန်၊ မြေပဲ၊ နှမ်း၊ ချင်း၊ အုန်းသီးဆန် စသည့်သီးနှံသစ်များ ပေါ်ချိန်တွင် ထမနဲထိုးကာလှူဒါန်းဝေငှသောကြောင့် မြန်မာတို့၏ ကောက်သစ်ပွဲတော်ဟု ဆိုရပေမည်။**

ထမနဲပွဲသည် တပို့တွဲတွင် ကျင်းပသော ရာသီပွဲ ဖြစ်သည်။ ကောက်ညှင်းဆန်၊ မြေပဲ၊ နှမ်း၊ ချင်း၊ အုန်းသီးဆန် စသည့်သီးနှံသစ်များပေါ်ချိန်တွင် ထမနဲထိုးကာ လှူဒါန်း ဝေငှသောကြောင့် မြန်မာတို့၏ ကောက်သစ်ပွဲတော်ဟု ဆိုရပေမည်။ ရှေးခေတ်စာပေအထောက်အထားများအရ တပို့တွဲလတွင် ယာဂုအလှူပွဲလည်း ရှိခဲ့သေးသည်ကို တွေ့ရှိ ရသည်။ ယာဂုသည် ဆန်ကိုနို့နှင့်ဖြစ်စေ၊ ရေနှင့်ဖြစ်စေ ကျိုချက်ထားသော အရည်ပျစ်ပျစ်ဆန်ပြုတ်တစ်မျိုးဖြစ်သ ည်။ ယာဂုအလှူပွဲကို မီးပုံပွဲ(မီးဖုန်း)ပွဲနှင့် အတူကျင်းပခဲ့ သည်။ ဦးပုည၏ အလှူခံမေတ္တာစာတွင် ယာဂုထမနဲဟု တွဲခေါ်ထားသဖြင့် ယာဂုဆိုသည်မှာလည်း ထမနဲပင် ဖြစ်သည်ဟု ယူဆရသည်။ ဆန်ကိုကျိုသောယာဂုနှင့် ကောက်ညှင်းကိုထိုးသော ထမနဲများကို အတူတကွလှူဒါန်း ခြင်းလည်းဖြစ်နိုင်သည်။

ထမနဲကို ထမင်းနဲ့ဟုရှေးကရေးသားကြသလို နှမ်းမနဲ ဟူ၍လည်းခေါ်ကြသည်။ ထမင်းနဲ့ထိုးရာတွင် အချိန်အဆ ရှိပေသည်။ ရှေးပညာရှိများက ထမင်းနဲ့ကိုစားကောင်း၍ ကြာရှည်ခံရန် ထမနဲထိုးသည့်အခါ ထည့်ရမည့် အချိုးအစား ကို မှတ်တမ်းတေးထပ်ဖြင့် မှတ်တမ်းတင်ထားခဲ့သည်။ (သတ်မှတ်ချက်) စားတော်ရဆန်ပေါက်ဝါ လေးပြည့်သာ ထည့်၊ ချိန်ပိဿလျှံ ကြည်ရွှဲအောင်လို့နှမ်းဆီလဲထည့်ပြန်၊ မြေပဲဆန်အဌသုညငယ်နှင့်၊ ဒွတ္တိသတိလဗီဇံ၊ အုန်းသီး စိပ်ကျပ် ဝိသံငယ်၊ လောကတံချိန်သတ်နှင့် ချင်းနုဖတ်သင်္ဂီ မှုရွှေ၊ သုံးကျပ်မသွေ၊ နည်းစဉ်ဆက်သမုဆွေငယ်- ဥပဒေ မော်ကွန်းပလေး၊ ကောက်ညှင်းဆန်လေး၊ ပြည်တွင်မြေပဲ ရှစ်ဆယ်သား၊ အုန်းသီးစိတ်နှစ်ဆယ်သား၊ နှမ်းသုံးဆယ့် နှစ်ကျပ်သား၊ ဆားခုနစ်ကျပ်သား၊ ချင်းသုံးကျပ်သားထည့် ရမည်ဟု တေးထပ်ကဆိုပါသည်။

တပို့တွဲလသည် ရှာလုံးကျွတ်ထမင်းနဲ့ထိုးသော အစဉ် အလာရှိသည်။ တစ်အိမ်နှင့်တစ်အိမ်ကူးသန်းဝေငှသည်။ ကျောင်းပေါ်၊ ဇရပ်ပေါ်ရှိ ရုပ်ပွားဆင်းတုတော်များအရှေ့၌ မီးမယ်ဖျူး(မီးအိုးကင်း)တွင် အမွှေးနံ့သာသနပ်ခါးထင်းများ ထည့်၍ မီးရှို့ခြင်းဖြင့် မီးအလှူပေး“မီးဖုန်းပွဲတော်ကျင်းပ” နေခြင်းနှင့် ဤတပို့တွဲလမြတ်တွင် ထမနဲပွဲတော်ကျင်းပ ရခြင်း ဖြစ်သည်။ ဤခေတ် ဤအခါ တိမ်ကောပပျောက်သည့် နေရာတွင် ပပျောက်နေပေမယ့် ယနေ့ထိရိုးရာစဉ်လာမပျက် ဆက်လက်ရှိနေသည့်နေရာကို ကျွန်မညွှန်ပြရမည်ဆိုလျှင်-

ရာဇဌာနီ မင်းနေပြည်ဖြစ်သည့် ရတနာသိယ် မြို့တော်ပင်ဖြစ်ပါတော့သတည်း။ ။

## မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းကျဆင်းရေး အသိပညာပေး လှည့်လည်ဟောပြောပြသ

**နေပြည်တော် ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ စီစဉ်ညွှန်ကြားချက်အရ နေပြည်တော် တိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများသည် မှုခင်းပညာပေးပြခန်းယာဉ် များဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများအား မှုခင်းကြိုတင်ကာကွယ် တားဆီးရေးလုပ်ငန်းများတွင် ဗဟုသုတတိုးပွားစေရေးအတွက် အသိပညာပေး လှည့်လည်ဟောပြောပြသလျက်ရှိရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ရေးမြို့နယ် ဇီးဖြူသောင်ကျေးရွာ၌ ကျေးရွာနေပြည်သူ ၂၀၀ ခန့်အား မှုခင်းကြိုတင်ကာကွယ်တားဆီးရေး၊ လူကုန်ကူးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေး ဟောပြောပြသခဲ့ပြီး တက်ရောက်လာသူများအား မှုခင်းအသိ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**





## မှုခင်းဖြစ်ပွားမှုများလျော့နည်းပပျောက်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၂**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ဘုရားကုန်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူးတင်ဌေး ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၀ ရက် ည ၈ နာရီမှ ၁၀ နာရီထိ မှုခင်းဖြစ်ပွားမှုများလျော့နည်း ကျဆင်းရေး၊ ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းရေးတို့အတွက် ဥတ္တရသီရိမြို့နယ် မန္တလေးလမ်း အိုးရှင်းစင်တာအနီး၌ ရှောင်တခင်ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း စစ်ဆေးဆောင်ရွက်ခြင်း၊ မှုခင်းအသိပညာပေးခြင်းနှင့် စည်းကမ်းပျက် မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များအား ဥပဒေနှင့်အညီစစ်ဆေး အရေးယူခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

## ရဲတပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**

နေပြည်တော် ဥတ္တရသီရိမြို့နယ် သစ်ဝင်တိုးရပ်ကွက် ဘုန်းတော်ကြီးကျောင်း၌ ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ရာ ဘုရားကုန်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင်ဌေး ဦးစီးသည့် တပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ရေးတို့အား အသိပညာပေးဟောပြောခဲ့ပြီး ဟောပြောပွဲသို့ ကျေးရွာနေပြည်သူ ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



## ဆောမြို့တွင် လျှပ်စစ်အန္တရာယ်ကင်းရေး ဆောင်ရွက်

**ဆော ဇန်နဝါရီ ၂၂** ။ ။ ဂန့်ဂေါခရိုင် ဆောမြို့၌ ဆောချောင်းကိုဖြတ်၍ သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးမှာ လျော့အိကျနေသဖြင့် ဇန်နဝါရီ ၂၁ ရက်တွင် လျှပ်စစ်အန္တရာယ်ကင်းရေး ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်စဉ် ဇေယျာရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနီးရှိ ထရန်စဖော်မာနှင့် သီရိရပ်ကွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနီးရှိ ထရန်စဖော်မာတို့ကို ခေတ္တခဏအားပိတ်၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း မြို့နယ် လျှပ်စစ်ဌာနမှ သိရသည်။

**ခရိုင်(မြန်/ဆက်)**

# ကော့မှူးမြို့နယ် သရက်တော ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးနှင့် ဒလမြို့နယ်၌ မြို့သစ်စီမံကိန်းတည်ဆောက်ရေး ကွင်းဆင်းလေ့လာ



**ရန်ကုန် ဇန်နဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဝန်ကြီးများသည် ဇန်နဝါရီ ၂၀ ရက် မွန်းလွဲပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် သရက်တောကျေးရွာရှိ ဆိပ်ကမ်းသို့ရောက်ရှိကာ ကမ်းခြေအနီး ရေနက်ဆိပ်ကမ်းတည်ဆောက်မည့်အခြေအနေကို မြေပြင်ကွင်းဆင်းကြည့်ရှုလေ့လာခဲ့ပြီး သရက်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများ ဆောင်ရွက်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပြည်သူလူထုတွေ့ဆုံဆွေးနွေးပွဲတွင် ကော့မှူးမြို့နယ်ရှိ ကျွဲလူးအိုင်ကျေးရွာအား ကျေးရွာအသစ် အဆင့်မြှင့်တင် တည်ဆောက်ပေးစေလိုပါကြောင်း၊ ငှက်အော်စမ်းကျေးရွာ၌ ဈေးတည်ဆောက်ရေးနှင့် ဝါးဘလောက်သောက် ယခင်ဈေးနေရာအား တိုးချဲ့အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးစေလိုပါကြောင်း ဒေသခံများက ဆွေးနွေးကြရာ လွှတ်တော်ကိုယ်စားလှယ်များက ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည်တို့ကို ဆွေးနွေးတင်ပြခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့တို့သည် ဒလမြို့နယ် ဆံတော်ရှင် ကျိုက်ခနုတ်စေတီတော်မြတ်ကြီးအား သွားရောက်ကြည်ညိုဖူးမြော်ကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခဲ့ပြီး စေတီတော်အား လှည့်လည်ဖူးမြော်ခဲ့သည်။ ယင်းနောက် ခနုတ်ကျောင်းတိုက်ရှိ ဆရာတော် ဦးဓမ္မသာရထံ နဝကမ္မ အလှူငွေများ ဆက်ကပ်ခဲ့ပြီး ဆရာတော်အား ဒလမြို့နယ်တွင် အထူးစီးပွားရေးဇုန်နှင့် ရန်ကုန်မြို့သစ်စီမံကိန်းများ အကောင်အထည်ဖော်တည်ဆောက်နိုင်ရေး မြေပြင်ကွင်းဆင်းလေ့လာရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် KOICA တို့ပူးပေါင်း၍ စီမံကိန်းကြီးတစ်ခုရေးဆွဲလျက်ရှိပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထောင်စုလွှတ်တော်တို့အထိ တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ဆောင်နေခြင်းဖြစ်သောကြောင့် ဒေသခံပြည်သူများအနေဖြင့် အစိုးရအဖွဲ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ရေး ဆရာတော် သံဃာတော်များက တိုက်တွန်းပြောကြားပေးပါရန် လျှောက်ထားပန်ကြားခဲ့ကြောင်း သိရသည်။

မြေပြင်ကွင်းဆင်းလေ့လာရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်း၊ အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်ဌေး၊ ဒလမြို့နယ်နှင့် ကော့မှူးမြို့နယ်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါခဲ့ကြောင်း သိရသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒလမြို့နယ် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသ၏ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)**

# လင်းနို့ဂူ သဘာဝထိန်းသိမ်းရေးနယ်မြေသို့ လာရောက်လေ့လာ

**ကန့်ဘလူ ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်းစီစဉ်သည့် 'Journey to the NorthWest' Rally Sagaing/ MHTTR 2018 ကားမောင်း ပြိုင်ပွဲခရီးစဉ်အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ဦးဆောင်၍ ကန့်ဘလူမြို့နယ်ရှိ လင်းနို့ဂူ သဘာဝထိန်းသိမ်းရေးနယ်မြေသို့ ဇန်နဝါရီ ၂၀ ရက် ညနေပိုင်းက ရောက်ရှိလာရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဇာနည်လွင်နှင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ အနီးဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများက ကြိုဆိုခဲ့ကြသည်။



အဆိုပါအဖွဲ့ကို လင်းနို့ဂူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေပညာပေးပြခန်း၌ တိုင်းဒေသကြီးသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက လင်းနို့ဂူသဘာဝထိန်းသိမ်းရေးနယ်မြေ၏ သမိုင်းကြောင်းနှင့် နေထိုင်ကျက်စားကြသည့် အင်းဆက်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးသစ်တောဦးစီးဌာန တောအုပ်ကြီး ဦးမျိုးသူဝင်းက တောအမျိုးအစားနှင့် ပေါက်ရောက်လျက်ရှိသည့် သစ်၊ ဝါးများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မုံရွာတက္ကသိုလ် သတ္တဗေဒဌာနမှ ဒေါက်တာဒေါ်အေးအေးနွယ်က လင်းနို့ဂူ၏ ဘူမိရုပထူးခြားချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်က ခရီးသွားကားမောင်းအဖွဲ့အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်သည်။ လင်းနို့ဂူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးစခန်းနှင့် အပန်းဖြေစခန်းများ တည်ဆောက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး သဘာဝတောအတွင်းရှိ သစ်မျိုးနှင့်ဇီဝမျိုးစုံမျိုးကွဲများ၊ ဘူမိရုပထူးခြားမှုများအား ထိတွေ့လေ့လာနိုင်ရန်၊ သဘာဝတောတောင်အလှအပများ ခံစားအပန်းဖြေနိုင်ရန်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အနောက်မြောက်ဒေသသို့ ခရီးကြမ်းကားမောင်းခြင်း အစီအစဉ်ကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်းနှင့် အဆိုပါလင်းနို့ဂူ သဘာဝထိန်းသိမ်းရေးနယ်မြေသည် ကန့်ဘလူမြို့နယ် ဇင်းကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာကားလမ်း အရှေ့ဘက် ၅ မိုင် ၂ ဖာလုံခန့်တွင် တည်ရှိသည်။

"ကျွန်တော်တို့ 'Journey to the NorthWest' Rally Sagaing/ MHTTR 2018 ကားမောင်းပွဲ ဖြတ်သန်းသွားလာမယ့် လမ်းကြောင်းတစ်လျှောက် ကန့်ဘလူခရိုင်အတွင်း ပြသသွားမယ့် ခရီးသွားဒေသတွေကတော့ ကန့်ဘလူမြို့နယ် ဇင်းကျေးရွာအနီးရှိ လင်းနို့ဂူ၊ ချပ်သင်းကျေးရွာအနီးရှိ ချပ်သင်းဘေးမဲ့တော၊ ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံ၊ ဗိုးကုန်းမြို့ နဂါးပေါ်ကျေးရွာရှိ လက်မှုလုပ်ငန်းတွေကို ပြသသွားမှာဖြစ်ပါတယ်၊ ခရီးသွားဒေသ (Eco-Tourism)တွေ၊ ခရီးသွားလမ်းကြောင်းတွေ စနစ်တကျ ပြင်ဆင်ဆောင်ရွက်ထားပြီး လုံခြုံရေး၊ ကြိုဆိုရေး၊ ညအိပ်တည်းခိုစည့်ခံ ကျွေးမွေးရေးတို့အတွက် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတွေနဲ့ ညှိနှိုင်းဆောင်ရွက်ထားပါတယ်၊ ခရီးသွားဒေသအဖြစ် ဖော်ဆောင်ရင်း ဒေသတွင်းမှာလည်း ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်" ဟု ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဇာနည်လွင်က ပြောသည်။

အဆိုပါကားမောင်းအဖွဲ့သည် ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာကားလမ်းမှ တစ်ဆင့် အထက်ပိုင်း ကသာမြို့နယ်ဘက်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မကွေးခရိုင်အတွင်းရှိ ရေလှောင်တမံများ ယခုနှစ်တွင် ရေပိုမိုသိုလှောင်နိုင်ခဲ့သဖြင့် နွေစပါးစိုက်ခင်းများ စိမ်းလန်းဝေဖြာကြတော့မည်

**မကွေး ဇန်နဝါရီ ၂၂**

မကွေးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားသည့် ရေလှောင်တမံများ၏ ဆည်ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် မကွေးတိုင်းဒေသကြီး မကွေးခရိုင်အတွင်းရှိ နတ်မောက်မြို့နယ်၊ မြို့သစ်မြို့နယ်၊ တောင်တွင်းကြီးမြို့နယ်များမှ ကျေးရွာဒေသခံ တောင်သူများအနေဖြင့် နွေစပါးနှင့် အခြားသီးနှံများကို ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးနိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်က ဆည်ရေဖြင့် နွေစပါး ဧက ၁၂၀၁၀၊ အခြားသီးနှံ ၉၀၇ ဧကဖြင့် စုစုပေါင်း ၁၂၉၁၇ ဧကကို ဒေသခံတောင်သူများအနေဖြင့် စိုက်ပျိုးနိုင်ခဲ့ကြပြီး ယခုနှစ်တွင် မကွေးတိုင်းဒေသကြီး မကွေးခရိုင်အတွင်းရှိ ကျေးရွာများမှ ဒေသခံတောင်သူများအနေဖြင့် နွေစပါး ၂၂၄၅၈ ဧကနှင့် အခြားသီးနှံ ၃၁၅၃ ဧကတို့ဖြင့် စုစုပေါင်း ၂၅၆၁၁ ဧကကို စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေပေးဝေရန် စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ခုနှစ်တွင် မိုးရွာသွန်းမှု ပိုမိုအားကောင်းခဲ့သောကြောင့် မကွေးတိုင်းဒေသကြီး မကွေးခရိုင်အတွင်းရှိ ကျောက်တံခါး ရေလှောင်တမံ၊ ပင်းကန်၊ နတ်မောက်ရေလှောင်တမံ၊ စွန်ချောင်းရေလှောင်တမံ၊ ဆဒ္ဒန်ရေလှောင်တမံ၊ ပုလင်းရေလှောင်တမံ၊ ဘုတ်ချောင်းရေလှောင်တမံ၊ ငမင်ရေလှောင်တမံ၊ ကန်တော်ကြီးကန်၊ ကင်မွန်းတောင်ရေလှောင်တမံ၊ ဘန်းကုန်းရေလှောင်တမံနှင့် ရန်ပယ်ရေလှောင်တမံ စုစုပေါင်း ရေလှောင်တမံ ၁၂ ခုအနက် နတ်မောက်ရေလှောင်တမံ၌ ကန်ရေပြည့် ရေပမာဏ ၁၁၇၉၇၄ ဧကပေ၊ စွန်ချောင်းရေလှောင်တမံ၌ ကန်ရေပြည့် ရေပမာဏ ၃၂၉၂၈ ဧကပေ၊ ဆဒ္ဒန်ရေလှောင်တမံ၌ ကန်ရေပြည့်ရေပမာဏ ၂၈၀၃၉ ဧကပေတို့ကို အသီးသီးသိုလှောင်နိုင်ခဲ့ကြပြီး မကွေးခရိုင်အတွင်းရှိ ရေလှောင်တမံများမှ စုစုပေါင်း ရေပမာဏ ဧကပေ ၂၉၃၀၂၀ သိုလှောင်ထားရှိကြောင်းသိရပြီး ရေလှောင်တမံများမှ ဆည်ရေဖြင့် ဖေဖော်ဝါရီ ၁ ရက်မှ စတင်ကာ တူးမြောင်းမကြီးများ၊ လက်တံမြောင်းများ၊ မြောင်းခွဲများဖြင့် မကွေးခရိုင်အတွင်းရှိ ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေ စတင်ပေးဝေတော့မည်ဖြစ်ကြောင်း သိရသည်။



ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မကွေးခရိုင် ဆည်ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သောကြောင့် ယခင်နှစ်တွင် နွေစပါး ဧက ၁၂၀၁၀၊ အခြားသီးနှံ ၉၀၇ ဧကဖြင့် စုစုပေါင်း ၁၂၉၁၇ ဧကစိုက်ပျိုးနိုင်ခဲ့ရာမှ ယခုနှစ်တွင် နွေစပါး ၂၂၄၅၈ ဧကနှင့် အခြားသီးနှံ ၃၁၅၃ ဧကတို့ဖြင့် စုစုပေါင်း ၂၅၆၁၁ ဧကကိုစိုက်ပျိုးရန် စီမံထားခဲ့ရာ ယခင်နှစ်ထက် ဧကစုစုပေါင်း ၁၂၆၉၄ ဧကကို ပိုမိုစိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

# ဆယ်အိမ်တန်း(သို့) အလယ်ရွာကမ်းခြေမှ တကယ်လာအပန်းဖြေဖို့ဖိတ်ခေါ်ပါသည်


သပြေထွန်း

ဤဒေသသည် ချောင်းသာ၊ ငွေဆောင်၊ ငပလီ စသော ဒေသများကဲ့သို့ တောင်ပု၊ တောင်ချွန်း၊ တောင်ဝန်း၊ တောင်ဝိုင်း၊ တောင်တံတိုင်းတွေ မရှိသော်ငြားလည်း ပင်ကြီးပင်ငယ်၊ ပင်ရှည်ပင်လတ်၊ ပင်ပြတ်ပင်စောက်၊ ပင်ကောက်ပင်ငုံ အပင်စုံတို့ဖြင့် မြစ်ဝကျွန်းပေါ်ပီသစွာ စိမ်းစိမ်းစိုစိုလေးလှပနေသည်။ ရွက်ကော့၊ ရွက်ဝန်း၊ ရွက်ချွန်း၊ ရွက်သေး၊ ရွက်ထွေး၊ ရွက်ငုံ အရွက်စုံတို့ဖြင့် အတိပြီးသော ဒီရေတောစိမ်းစိမ်းညို့ညို့တို့ဖြင့် မို့မို့မောက်မောက်ကလေး လှပနေသည်။ မုတ္တမပင်လယ်ကွေ့အတွင်းကကြည့်လိုက်လျှင်ပင် နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့် သဘာဝသဲသောင်ပြင်တွေကို မြင်တွေ့နေရသည်။ စီစီတီဗွီကင်မရာဖြင့် ဤဒေသ၏ တစ်နေ့တာ ရိုက်ကွင်းကို စောင့်မျှော်ကြည့်ရှု သတိပြုကြည့်မည်ဆိုပါက အရှေ့ဘက်တွင် လက်ခုပ်ကုန်းကျေးရွာနေသူတို့၏ လှုပ်ရှားသွားလာနေထိုင်ကြသည့်ပုံရိပ်များ၊ မြောက်ဘက်တွင် ကညင်ကုန်းရွာမနှင့် လယ်ကွင်းဒေသချင်း ထိစပ်နေသည့်ပုံရိပ်များ၊ တောင်ဘက်တွင် ကမ်းနီးငါးဖမ်းလှေများ၊ လှိုင်းခေါင်းဖြူများဆော့ကစားနေသည့် ငွေပင်လယ်ရေပြင်ကျယ်ကြီးနှင့် အဆုံးအစမထင် ပင်လယ်ရှုမျှော်ခင်းများ၊ အနောက်ဘက်တွင် အောက်ဆိပ်ချောင်းဝရွာနှင့် လတာတစ်ဝက်၊ ကုန်းတစ်ဝက်မြင်ကွင်းများ၊ ကောင်းကင်ပြင်မှာတော့ "တိမ်ညိုမိလ္လာ၊ တိမ်စူကာနှင့် တိမ်ပြာရောယှက်၊ မကန်းကွက်နှင့် တိမ်သက်တန့်ရောင် အဝါဘောင်ဝယ် မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တလီ၊ ရီခဲ့တစ်ဖုံ၊ မှုံခဲ့တစ်ချက်၊ ယုဂန်ထက်က"ဆိုသကဲ့သို့ တိမ်နဂါး၊ တိမ်ဂဠုန်တို့နှင့် အိပ်တန်းပျံငှက်များ၊ ဤဒေသကားအခြားမဟုတ်။ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ဆယ်အိမ်တန်းကမ်းခြေသာ(သို့) အလယ်ရွာကမ်းခြေ အပန်းဖြေအရိပ်အဝန်းတစ်ခုပင် ဖြစ်ပါတော့သည်။

"အလယ်ရွာ အပန်းဖြေကမ်းခြေ ပေါ်ပေါက်လာတာဟာ ကိုယ့်ရွာကိုယ်ရပ် ကိုယ့်ဇာတိအတွက် ရတောင့်ရခဲ သဘာဝအခွင့်အရေးတစ်ခု ဖြစ်ပါတယ်၊ ဒီအခြေအနေပေါ်မှာ ဒီကမ်းခြေကိုအကြောင်းပြုပြီး ဒေသဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အကူပြုတဲ့အနေနဲ့ အပန်းဖြေစားရိပ်သာနဲ့ ဓနိထီးရိပ်ဝိုင်းလေးတွေ ဖွင့်လှစ်ပေးထားပါတယ်၊ တစ်ဦးချင်း၊ အဖွဲ့လိုက် လွတ်လပ်စွာ နားခိုလို့ရအောင် ဆောင်ရွက်ထားပေးပါတယ်၊ လုံလုံခြုံခြုံနဲ့ အဝတ်အစားတွေ လဲလှယ်နိုင်သလို လွတ်လွတ်လပ်လပ်လည်း အနားယူအပန်းဖြေနိုင်ပါတယ်၊ ပုစွန်ကင်၊ ငါးကင်၊ ကဏန်းကြော်၊ ကဏန်းပြုတ်၊ ငါးသလောက် အိုးမှောက်၊ ငါးကလေးကြော်၊ အုန်းစိမ်းရည်၊ ရေဘဝဲသုပ်၊ ငါးမန်းတောင်သုပ်၊ ခုံးခရုသုပ်စတဲ့ ပင်လယ်စာ အစားအသောက်ကောင်းတွေကိုလည်း ကြိုက်နှစ်သက်သလို မှာယူစားသောက်နိုင်ပါတယ်၊ လာလည်အပန်းဖြေဖို့ ဖိတ်ခေါ်ပါတယ်"ဟု အဆိုပါ ကမ်းခြေရှိ မိုးပျံစားရိပ်သာ အပန်းဖြေဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူ ကိုမိုးပျံက ပြောသည်။

"ကိုယ့်ရွာကိုယ့်ဒေသရဲ့ သဘာဝအမွေအနှစ်တစ်ခုကို အကြောင်းပြုပြီး ပြည်တွင်းပြည်ပက ခရီးသွားဧည့်သည်တွေ ဝင်ထွက်သွားလာကြတာ ဝမ်းသာဂုဏ်ယူမှုဖြစ်ရပါတယ်၊ ဒီထက်ပိုစည်ကားဖို့ဆိုရင် လက်ရှိကွန်ကရစ်လမ်းကို ကားနှစ်စီး ကောင်းကောင်းရှောင်လို့ရအောင် တိုးချဲ့ပေးစေချင်တယ်၊ ကွန်ကရစ်လမ်းဆုံးကနေ ARDC တာနဲ့ဆက်နေတဲ့အပိုင်းကိုလည်း ပြုပြင်ပြီး ကွန်ကရစ်လမ်းဖြစ်အောင် ဆောင်ရွက်ပေးစေချင်ပါတယ်၊ သွားရေးလာရေးကောင်းမွန်လာတာနဲ့အမျှ ပိုပြီးဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်"ဟု အလယ်ရွာကျေးရွာမှ ဦးကျော်ဇေယျက ပြောသည်။

အဆိုပါကမ်းခြေတစ်လျှောက် အပျော်စီး စက်တပ်လှေငယ်များ၊ သောင်ပြင်စီး မြင်းအလှများ၊ စားရိပ်သာများ၊ အပန်းဖြေ ထီးရိပ်ဝိုင်းများ၊ အမိုးချွန် လေးဖက်ဖွင့်လေညင်းခံဘန်ဂလိုများ၊ ပုစွန်တုပ်မီးကင်၊ ငါးသလောက်အိုးမှောက်၊ ငါးသလောက်ကင်၊ ကဏန်းပြုတ်၊ ခုံးသုပ်၊ ငါးမန်းတောင်သုပ်၊ ရေဘဝဲသုပ်၊ ကောက်ညှင်းပေါင်း၊ ဖရဲသီး၊ သစ်သီးဝလံများ၊ ရိုးရာမုန့်များစသည်ဖြင့် ကိုယ့်ရွာနှင့် ကိုယ့်အရပ်၊ ကိုယ့်လျှာနှင့် ကိုယ့်ပါးစပ်ဆိုသကဲ့သို့ ယဉ်ကျေးသော စားသောက်နေထိုင်မှုပုံစံစရိုက် ဝသီနှင့် ကိုက်ညီအောင် စည်းကမ်းတကျ ရောင်းချ၊ ဧည့်ဆောင်ဝန်ဆောင်မှုပုံရိပ်များဖြင့် ပျူပျူငှာငှာ။ ဤအပန်းဖြေကမ်းခြေသို့ လာရောက်လည်ပတ် အပန်းဖြေကြရင်း ခရီးသွားဟန်လွဲဆိုသလို ခရီးစဉ်တစ်လျှောက်ရှိ မွန်တလိုင်းတို့၏ အမွန်သမိုင်းဝင် ဘုရားကျောင်းကန်၊ စေတီတန်ဆောင်း၊ သိမ်ကျောင်းဇရပ် စသည့်သာသနာအရိပ်အဝန်းများသို့လည်း ဝင်ရောက်ဖူးမြော်ကြည်ညိုလှူဒါန်းရင်း နားခိုနိုင်ကြပါသေးသည်။

"ကမ်းခြေဖွံ့ဖြိုးရေးအတွက် လေလံမရှိသလို ရန်ပုံငွေရရှိထားတာမျိုးလည်း မရှိပါဘူး၊ အခုဆောက်ထားတဲ့ဆိုင်ခန်းတွေကလည်း မြေရှင်တွေဆီက နှစ်ဦးသဘောတူ သင့်တော်တဲ့ဈေးနှုန်းနဲ့ ပြန်လည်ငှားရမ်းပြီး ဖွင့်လှစ်ရောင်းချရတာပါ၊ အဲဒီအတွက်ဆိုင်ငှားခဟာ မြေပိုင်ရှင်ဆီကိုပဲ ရောက်ပါတယ်၊ ကမ်းခြေရန်ပုံငွေအနေနဲ့ ဆိုင်ခန်းဆောက်လုပ်မှုကနေ မရပါဘူး၊ အခုဆိုရင်ဆိုင်ခန်း ၃၀ ကျော်နဲ့ ထီးရိပ်ဝိုင်းအလက် ၇၀ ကျော်လောက် ရှိနေပါပြီ၊ ဒီနှစ်တော့ ကမ်းခြေရန်ပုံငွေအတွက် ထီးရိပ်ဝိုင်းတစ်လက်စိုက်ထူတိုင်း ၅၀၀၀ ကျပ် ထည့်ဝင်ပေးဖို့ စီစဉ်ထားပါတယ်၊ ဒါကလည်း ဒီနှစ်မှစတင်တဲ့ အစီအစဉ်တစ်ခုပါ၊ ကျွန်တော်တို့ရဲ့ကမ်းခြေ ရေရှည်ဖွံ့ဖြိုးပြီး ဒေသအကျိုးများဖို့ဆိုရင် တာဝန်ရှိသူတွေနဲ့ ဒေသခံတွေပါဝင်တဲ့ ကမ်းခြေကော်မတီတစ်ရပ် ခိုင်ခိုင်မာမာထားရှိဖို့ လိုအပ်မှာဖြစ်သလို လာရောက်လည်ပတ်သူတွေ ယာဉ်အန္တရာယ်၊ ရေအန္တရာယ်၊ ရန်အန္တရာယ်တွေကင်းဖို့ ထွေ/အုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ စည်ပင်အစရှိတဲ့ ဌာနဆိုင်ရာတွေပါဝင်တဲ့ ကမ်းခြေကွပ်ကဲရေးရုံးလည်း လိုအပ်ပါဦးမယ်"ဟု အလယ်ရွာကျေးရွာတာဝန်ခံ ဦးမိုးကျော်အောင်က ပြောသည်။

အလယ်ရွာအပန်းဖြေကမ်းခြေသို့ လွန်ခဲ့သည့် ငါးနှစ်အတွင်း သင်္ကြန်ကာလ နှစ်စဉ်လာရောက်လည်ပတ်သူဦးရေ သုံးသိန်းမှ ငါးသိန်းခန့်ရှိကြောင်း သိရသည်။ အဆိုပါကမ်းခြေ စတင်ပေါ်ပေါက်လာခဲ့ပြီးသည့်နောက်ပိုင်း အလယ်ရွာ၊ လက်ခုပ်ကုန်း၊ ဆယ်အိမ်တန်း၊ ကညင်ကုန်း၊ အောက်ဆိပ်၊ ကြခတ်ကုန်း၊ မြေနီကုန်း၊ ကျောင်းကုန်း စသည့်ဒေသများရှိ ကျေးလက်အလုပ်အကိုင်လိုအပ်သူများအတွက် တစ်ပိုင်တစ်နိုင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသရဲ့ အဓိကစီးပွားရေးကတော့ ကမ်းနီးငါးဖမ်းရေလုပ်ငန်းနဲ့ မိုးစပါးစိုက်တဲ့လုပ်ငန်း ဖြစ်ပါတယ်၊ ရေကတော့ နွေဘက်မှာငန်ပြီး မိုးမှာပဲချိုတဲ့အတွက် မိုးစပါးပဲ စိုက်ရတာပါ၊ အခုလို ဒီကမ်းခြေကိုအကြောင်းပြုပြီး ပြည်တွင်း၊ ပြည်ပက ခရီးသွားဧည့်သည်တွေ လာရောက်လည်ပတ်ကြတာတွေ့ရတော့ ပီတိဖြစ်တာပေါ့ဗျာ၊ အိမ်သာလို့ဧည့်လာတော့ ဧည့်ဝတ်ကျေချင်ပါတယ်၊ အဓိကလိုအပ်မှုကတော့ လျှပ်စစ်မီးလိုတယ်၊ တည်းခိုဖို့အဆောက်အဦးတွေလိုတယ်၊ လမ်းပန်းကောင်းမွန်ဖို့လိုတယ်၊ အခြားလိုအပ်တာတွေကတော့ အများကြီးပေါ့ဗျာ"ဟု ကမ်းခြေသန့်ရှင်းသာယာလှပရေး စိတ်ပါဝင်စားသူ ရပ်မိရပ်ဖ ဦးကျော်ထွေးက ပြောသည်။

"သီတာမြသားမြစ်နားတစ်လျှောက် ရောက်ခဲ့ရာဝယ် လှိုင်းရေသောင်စပ်မှာ တောင်ပံယှက်ပျံ ငှက်မောင်နှံကိုမှ မြင်ရသော်ခဏ သြော် မရှုင်ပြနိုင်တယ် ရင်မှလှိုက်လှဲ ပန်းနွယ်ကိုပဲ တလို့ဆွေးမိတယ် ရွှေရင်ပူမီး ဗျာကြီးသူ သောကလှိုင်းဝယ် အချစ်ဇောနဲ့နစ်မျောခဲ့ ဖြေမပြေတယ်. . ." တေးသံရှင် (ဦး)တွံတေးသိန်းတန်၏ ကျေးလက်ဆန်သည့် အသံလှိုင်းတို့ကလည်းအလယ်ရွာ၊ ဆယ်အိမ်တန်းကမ်းခြေတစ်လျှောက် သည်နေ့အထိ လွင့်ပျံ့သစ်လွင်နေဆဲပင်။ ဒါသည်ပင် ဆယ်အိမ်တန်းအပန်းဖြေကမ်းခြေ သန္ဓေတည်ပေါက်ဖွားရာ နယ်နိမိတ်တစ်ခုဖြစ်ပါသည်။

ယခုသော်တစ်မူ "လေခမြေသက်၊ ဈာန်ဝိတက်သို့ သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတစ်ဝက်၊ ဖက်၍ ဆေးစုံခြယ်သောပုံသို့ ရဂုံမြိုင်တွင်း တောလုံးလင်းသား" ဆိုသကဲ့သို့ တပို့တွဲဆန်း၊ ဤကမ်းခြေသာ၊ သီတာခွေရစ်၊ အလှစစ်နှင့် မြပုရစ်ဖူးသည့် နှစ်ဦးနွေသမယသို့ပင်ခြေချ ရောက်ခဲ့ပြန်ချေပေ့၊၊ မြနန္ဒာ၊ ရေညိုညိုရစ်ခါသန်းကိုပင် အလယ်ရွာ ရေချိုချိုရစ်ခါသန်းတယ်လို့ပင် ပြောရလေမလား။ ဘယ်လောက်စည်ကားလိုက်မလဲ၊ ဒီသောင်ယံတစ်လျှောက် တိုးလို့မှပေါက်ပါ့မလား။ ဆယ်အိမ်တန်းအပန်းဖြေကမ်းခြေ(သို့) ပင်လယ်ကြီး၏ နှလုံးသား အလယ်ရွာကမ်းခြေသို့ တကယ်လာအပန်းဖြေဖို့ လှိုက်လှဲပျူငှာစွာဖိတ်ခေါ်ရင်း. . .။ ။

---

## ဒေါပုံမြို့နယ် စာပေမြတ်နိုးသူများ တတိယအကြိမ်မြောက် စာပေဟောပြော



**ရန်ကုန် ဇန်နဝါရီ ၂၂**

လူငယ်လူရွယ်များ မြန်မာစာပေအပေါ် တန်ဖိုးထား လေ့လာဖတ်ရှုလာစေရန် ရည်ရွယ်၍ ဒေါပုံမြို့နယ် ယမုံနာ(၁)ရပ်ကွက် စာပေမြတ်နိုးသူများ ဦးစီးကျင်းပသော တတိယအကြိမ်မြောက် စာပေဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ယမုံနာ(၁)ရပ်ကွက်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စာရေးဆရာ နောင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ဆရာ ညီမင်းညိုက "အနာဂတ်မြန်မာနိုင်ငံတော်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာမ ဂျူးက "မနေ့ကဖတ်ခဲ့သော စာအုပ်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာ ချစ်ဦးညိုက "စကားလက်ဆောင် စာလက်ဆောင်"ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ကြသည်။

စာပေဟောပြောပွဲကို လူငယ်လူရွယ်များ စာပေအပေါ် အမြတ်တနိုးတန်ဖိုးထားလာပြီး စာပေဖတ်ရှုရာမှတစ်ဆင့် အသိပညာနှင့် စိတ်ဓာတ်များ ဖွံ့ဖြိုးတိုးတက်လာကာ အမှား အမှန် ဝေဖန်ပိုင်းခြားနိုင်သောစွမ်းရည်များကို အသုံးချလျက် မိမိကိုယ်မိမိ တည်ဆောက်ယူပြီး နိုင်ငံတော်၌ ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီစနစ် အားကောင်းရင့်သန်ခိုင်မာလာရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်စေရန်၊ အမျိုးသားအကျိုးစီးပွား ဖြစ်ထွန်းလာစေရေးနှင့် အမျိုးသားအကျိုးစီးပွားကာကွယ်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်လာစေရန်၊ ဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံဖြစ်သည်နှင့်အညီ စည်းကမ်းဟူသည့် မိမိကိုယ်မိမိ တာဝန်ယူလိုသည့် အလေ့အကျင့်ကောင်းများ မွေးမြူလာနိုင်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သော ငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည့် အမျိုးသားရင်ကြားစေ့ရေး ဖြစ်စဉ်များတွင် တက်ကြွစွာ ပါဝင်လာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ကြောင်းသိရသည်။

**ရဲထွဋ်တင်(GNLM)**

